# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၉)ရက် ၊ တနင်္ဂနွေနေ့ ၊ (6-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၂၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့က ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းတို့ ဂုဏ်ပြုတပ်ဖွဲ့၏ နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြု အလေးပြုခြင်းကို ခံယူစဉ်။

နေပြည်တော် စက်တင်ဘာ ၅ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ကို ယနေ့နံနက်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့က အမျိုးသားလွှတ်တော် (National Assembly Building)ရှေ့ ရင်ပြင်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၁၆ ကော်လံ ၁

**ရတနာပုံ ယနေ့ဖတ်စရာ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ**

စာမျက်နှာ - ၁၉

## နေပြည်တော်ရေပန်းဥယျာဉ်အပိုင်း(၂)တွင် အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိပြီးဖြစ်သည့် ရေပန်းရုပ်ရှင် (3D Water Screen Laser Movie ) ပြသလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၅ နေပြည်တော်ရေပန်းဥယျာဉ်ရှိ 3D Water Screen Laser Movie ကို အဆင့်မြှင့်တင်ရန်အတွက် High – End Projector (အဆင့်မြှင့်ပရိုဂျက်တာ)စက် နှင့်အတူ i7 Main Server တစ်လုံးနှင့် RGB Laser Projector တစ်လုံးတို့ကို ပြည်ပမှ မှာယူတင်သွင်း၍ RGB Laser Projector ဖြင့် 3D ရုပ်ပုံများကို အမြင်တစ်မျိုးဖြင့် ကြည့်ရှုခံစားနိုင်ရန် ဆောင်ရွက်ထားရှိပြီး အလင်းအား 50 W ထိ အသုံးပြုထားသည့် မြန်မာနိုင်ငံတွင် အလင်းအားအမြင့်ဆုံး Laser Projector အမျိုးအစားဖြစ်ကာ i7 Main Server မှာလည်း Ram 16 GB၊ SSD 512 GB နှင့် P4000 Professional Dedicated Graphic Card ကို အသုံးပြုထားသည့်အတွက် ရုပ်ပုံများ ဝေဝါးခြင်းမရှိဘဲ 4K Resolution အတိုင်း အများပြည်သူများ ကြည့်ရှုခံစားနိုင်မည်ဖြစ်ပြီး ရေပန်းဥယျာဉ်၌ ညပိုင်းအချိန်များတွင်



စာမျက်နှာ ၂၆ ကော်လံ ၁

## ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားဖြစ် ဥစားကြက်ခြံ ၃၂၆ ခြံ၌ ကြက်ကောင်ရေ ၂၆ သိန်းကျော်၊ အသားစားကြက်ခြံ ၁၂၈၂ ခြံ၌ ကြက်ကောင်ရေ ၆၆ သိန်းကျော် မွေးမြူထား

ရန်ကုန် စက်တင်ဘာ ၅ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်တို့ရှိ ကြက်ခြံများမှ တိုင်းဒေသကြီးစားသုံးသူဈေးကွက်အတွက် ကြက်ဥနှင့် ကြက်သားများ အများဆုံး မွေးမြူထုတ်လုပ်ပေးလျက်ရှိပြီး တိုင်းဒေသကြီးအတွင်း စီးပွားဖြစ် ဥစားကြက်ခြံ ၃၂၆ ခြံ၌

စာမျက်နှာ ၂၆ ကော်လံ ၁



ရတနာပုံ

၂၀၂၆ ခုနှစ် စက်တင်ဘာ ၆ ရက်

အယ်ဒီတာ့အာဘော်

# မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးနှင့် မဟာဗျူဟာမြောက်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု

နိုင်ငံအချင်းချင်းအကြား ရှိရင်းစွဲမိတ်ဖက်ဆက်ဆံရေးများကို ပိုမိုခိုင်မာနက်ရှိုင်းစေရန်နှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုအသစ်များကို ဖော်ဆောင်ရန်ဟူသည်မှာ နိုင်ငံတကာဆက်ဆံရေးတွင် မဟာဗျူဟာကျသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်း၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံသို့ တရားဝင်ခရီးစဉ် စတင်ရောက်ရှိနေပြီဖြစ်ရာ ဤခရီးစဉ်သည် နှစ်နိုင်ငံအကြား သံတမန်ရေးရာသမိုင်းသစ် တစ်ခုကို ထပ်မံရေးထိုးလိုက်ခြင်းပင်ဖြစ်သည်။

သမိုင်းကြောင်းတစ်လျှောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများပီပီ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် အစဉ်တစိုက် အားထားရသော မိတ်ဖက်များအဖြစ် ရပ်တည်လာခဲ့ကြသည့် မြန်မာနှင့် ဗီယက်နမ် နှစ်နိုင်ငံတို့သည် ယခုကဲ့သို့ အဆင့်မြင့်ခရီးစဉ်များကို အပြန်အလှန် ဖလှယ်ခြင်းအားဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးနှင့် နည်းပညာကဏ္ဍပေါင်းစုံတွင် ပိုမိုကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှုအသစ်များကို ဖော်ဆောင်လာနိုင်မည်မှာ အသေအချာပင်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ မြို့တော် ဟန္နိုင်းမြို့သို့ ရောက်ရှိချိန်တွင် ထုံးတမ်းစဉ်လာနှင့်အညီ ခမ်းနားထည်ဝါစွာ ကြိုဆိုခဲ့ကြမှုများက နှစ်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုထင်ဟပ်ပေါ်လွင်စေသည်။

ခရီးစဉ်၏ ဒုတိယပိုင်းအစီအစဉ်အဖြစ် နိုင်ငံတော်သမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးနှင့် စက်မှုလက်မှုအချက်အချာကျရာ Hai Phong မြို့ရှိ နာမည်ကျော် Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီနှင့် Viettel ဆက်သွယ်ရေးကုမ္ပဏီတို့သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ လျှပ်စစ်မော်တော်ယာဉ်များနှင့် ခေတ်မီနည်းပညာများကို အလိုအလျောက်စနစ်များနှင့် စက်ရုပ်နည်းပညာများအသုံးပြုကာ အောင်မြင်စွာ ထုတ်လုပ်လည်ပတ်နေသည့် Vinfast စက်ရုံကြီး၏ အတွေ့အကြုံများနှင့် Viettel ၏ ဒစ်ဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ စက်မှုနှင့် နည်းပညာကဏ္ဍအတွက် အထောက်အပံ့ကောင်းများ ရရှိစေနိုင်မည်ဖြစ်သည်။

ထိုသို့ လေ့လာဆွေးနွေးရာတွင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန်နှင့် မြန်မာနိုင်ငံ၏ နည်းပညာအထူးဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရေးအတွက် ဖိတ်ခေါ်ဆွေးနွေးခဲ့မှုများက နှစ်နိုင်ငံအကြား စီးပွားရေး မိတ်ဖက်ဆက်ဆံရေးကို နောက်တစ်ဆင့်သို့ တက်လှမ်းစေမည်ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည့် Mytel ဆက်သွယ်ရေးကွန်ရက် ဖွံ့ဖြိုးတိုးတက်လာခဲ့မှုများနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ခြင်းက နှစ်နိုင်ငံချစ်ကြည်ရေး၏ ခိုင်မာလှသော သက်သေပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်သမ္မတကြီး၏ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်နှင့် အဆင့်မြင့်စက်ရုံ၊ ကုမ္ပဏီများသို့ သွားရောက်လေ့လာဆွေးနွေးမှုများသည် နှစ်နိုင်ငံအကြား ရှိရင်းစွဲ မိတ်ဖက်ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ခိုင်မာစေရုံသာမက မြန်မာနိုင်ငံ၏ စီးပွားရေး၊ စက်မှုလက်မှုနှင့် နည်းပညာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက် အဖိုးတန်သည့် ရလဒ်ကောင်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း လေးနက်စွာ ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၂၄၇၅၀ စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**အရာတော် စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၂၄၇၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်းဧက ၂၄၇၅၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နှမ်းဧက ၂၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

အရာတော်မြို့နယ်တွင် နှမ်းစိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရံ့ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**အိမ်မဲ စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရံ့ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်အေးက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့များကို တင်ပို့ရောင်းချလျက်ရှိရာ ဇူလိုင်လအတွင်း ငါးရံ့ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးရံ့ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဩဂုတ်လထဲမှာ ငါးရံ့တွေ ရန်ကုန်ဈေးကွက်ထဲကို သိသိသာသာ တင်ပို့အားကောင်းခဲ့ပါတယ်။ ငါးရံ့တွေ တင်ပို့ရောင်းချအားတက်ခဲ့တာကလဲ ပြည်တွင်းမှာ ဝယ်ယူမှုအားကောင်းနေတာကြောင့်ဖြစ်ပါတယ်။ ငါးရံ့တွေအပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့တာပါ။ အခုလို တင်ပို့အားကောင်းလာတော့ ငါးရံ့မွေးမြူသူတွေနဲ့ ရေလုပ်သားတွေ အဆင်ပြေလာပါတယ်"ဟု အိမ်မဲမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်အေးက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရသည့် ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀၊ ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၂၁၅၀၀၀၊ ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၄၀၀၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စဉ့်ကိုင်မြို့နယ် ရွာသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဉ့်ကိုင် စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉ ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရွာသာယာကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၇ ဦးကို ရန်ပုံငွေကျပ် ၄၉ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# သာစည်မြို့နယ် သစ်စီးရေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်စီးရေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သစ်စီးရေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

သစ်စီးရေကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၁၅ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၅ ဦးကို ငွေကျပ် ၃၀ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူကိုးဦးကို ငွေကျပ် ၃ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၄ ဦးကို ရန်ပုံငွေကျပ် ၄၉ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၀၄၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၀၄၄ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၀၄၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးသွားပါမယ်"ဟု ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြသည်။

ရေဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့်စိုက်ပျိုးရန်၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန်၊ စိုက်နည်းစနစ်မှန်ကန်ရန်၊ ပိုးမွှားကျရောက်မှုကင်းစင်ရန်၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။

(၂၀၆)

# စဉ့်ကိုင်မြို့နယ် စွန်ရဲအင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

**စဉ့်ကိုင် စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက စွန်ရဲအင်း သဘာဝရေပြင်အတွင်း ငါးမျိုးများပြန့်ပွားလာပြီး ငါးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ စဉ့်ကိုင်မြို့နယ် စွန်ရဲကျေးရွာရှိ စွန်ရဲအင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၉နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ ငါးမျိုးစိုက်ထည့်ရာတွင် စဉ့်ကိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုက်ကြည်၊ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်နှင့် အဖွဲ့ဝင်များ၊ စဉ့်ကိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်နှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းလှအောင်၊ ခရိုင်ငါးလုပ်ငန်းတာဝန်ခံ ဒေါ်ဝေဝေနှင့်ဝန်ထမ်းများ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ငါးမြစ်ချင်းနှင့် ရွှေဝါငါးမျိုးကောင်ရေ ၂၇၀၀၀ ကို စွန်ရဲအင်းအတွင်း စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

# မြစ်သားမြို့နယ် ခန္တောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မြစ်သား စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခန္တောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ခန္တောကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါခန္တောကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၅၅ သန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ် ၂၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၃၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ လပွတ္တာမြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချပါတယ်။ ကျားပျံဆန်က ဆန်ချောအုပ်စုထဲမှာပါတဲ့ အမျိုးအစားဖြစ်တယ်။ ကျားပျံဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့တစ်လအတွင်းမှာ ကော လတ်တလောမှာပါ ကျားပျံဆန်က အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု လပွတ္တာမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ကျားပျံဆန်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေလျက်ရှိကြောင်း လပွတ္တာမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# စီးပွားရေးလုပ်ငန်း၊ လိမ်လည်မှုများနှင့် စွန့်စားမှုကို စီမံခန့်ခွဲခြင်း

မျိုးသူ(ကုန်သွယ်မြှင့်)

စီးပွားရေးလုပ်ငန်းများသည် အစဉ်သဖြင့် စွန့်စားရမှုများကိုလုပ်နေရတတ်သည်။ နေ့စဉ်ပစ္စည်းနှင့်ငွေကို လဲလှယ်ရန်လုပ်နေရသကဲ့သို့ရှိသည်။ လယ်ယာကဏ္ဍကိုကြည့်လျှင် ရာသီဥတုနှင့်ဖက်၍ စွန့်စားမှုများ ပြုလုပ်နေရသည်ကို တွေ့နိုင်သည်။ ဘဏ်လုပ်ငန်းများသည် အလွန်တည်ငြိမ်ပြီး သေချာသည်ဟု ဆိုနိုင်သော်လည်း သေချာကြည့်လျှင် စွန့်စားရမှု အလွန်ကြီးမားသောလုပ်ငန်းကို နိုင်နိုင်နင်းနင်း ထိန်းကျောင်း၍ စွန့်စားနေခြင်းသာဖြစ်သည်ဟု ဆိုနိုင်သည်။ မကြာခင်က ဒေါက်တာညီညီဆွေ၏ လိမ်လည်မှုကိစ္စ၊ ဆန်အရောင်းအဝယ်ကဏ္ဍတွင် သိန်းပေါင်းသောင်းချီ လိမ်လည်မှုကိစ္စများကို ဖတ်မိသည့်အခါ လိမ်လည်မှုများကို မည်သို့ကျော်လွှားနိုင်စေရန် သတိပြုရမည်နည်းဟု စဉ်းစားမိသည်။ စီးပွားရေးလောကတွင် ရည်ရွယ်ချက်ရှိရှိလိမ်လည်သည်များရှိသကဲ့သို့၊ ရောင်းမှားဝယ်မှားဖြစ်ခြင်းမျိုးလည်းရှိတတ်သည်။ ပုံမှန်မဟုတ်ဘဲ မှားယွင်းပြီး ငွေကြေးဆုံးရှုံးသည့် ကိစ္စရပ်များနှင့် အခြားသော စွန့်စားရမှုများကို ကျော်လွှားနိုင်ရေးအတွက် စွန့်စားမှုများကို စီမံခန့်ခွဲနိုင်ရန်လိုအပ်သည်။

လိမ်လည်မှုများနှင့် မသေချာမရေရာမှုများ၊ စွန့်စားရမှုများကို ရင်ဆိုင်နေရခြင်းသည် စိတ်ပျက်စရာ ကိစ္စတစ်ခုမဟုတ်ဘဲ အခွင့်အလမ်းတစ်ခုအဖြစ်လည်း ရှုမြင်တတ်ရန်လိုအပ်သည်။ ထိုအချက်များကို စွန့်စားမှု စီမံခန့်ခွဲခြင်းလုပ်ငန်းများဖြင့် ထိန်းကျောင်းသွားနိုင်သည်။ ဥပမာ သဘာဝဘေးအန္တရာယ်ဖြစ်သော ရေကြီးခြင်း၊ မီးလောင်ခြင်းကဲ့သို့ ကြီးမားသော ပြောင်းလဲမှုများကို ကြုံရလျှင် စွန့်စားရမှုသည် ကြီးမားမည်ဖြစ်သည်။ ထိုအချက်ကို ကျော်လွှန်ရန် အာမခံထားခြင်းကဲ့သို့ ကိစ္စမျိုးနှင့် ကြိုတင်ပြင်ဆင်ခြင်း၊ လေ့ကျင့်ခြင်းများကိုလည်း ဆောင်ရွက်ထားခြင်းဖြင့် ကျော်လွှားနိုင်သည်။ အခြေခံအားဖြင့် စွန့်စားရမှုများသည် ပုံစံအမျိုးမျိုးရှိနေသော်လည်း အများအားဖြင့် ပြင်ပအခြေအနေများကြောင့် ဖြစ်ပေါ်တတ်သည့် စွန့်စားရမှုနှင့် လုပ်ငန်းတွင်း ဖြစ်ပေါ်တတ်သည့် စွန့်စားရမှုဟုရှိသည်။

**စွန့်စားရမှုများနှင့် ရင်ဆိုင်ဖြေရှင်းခြင်း**

မသေချာမရေရာမှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အန္တရာယ်များကို ဖော်ထုတ်စဉ်းစားထားခြင်း၊ အန္တရာယ်၏ အတိုင်းအတာနှင့် ထိခိုက်နိုင်မှုကို ဆန်းစစ်ခြင်း၊ အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် မဟာဗျူဟာများ ချမှတ်စဉ်းစားထားခြင်းနှင့် ဖြစ်ပွားခဲ့ပါက ပြန်လည်သုံးသပ်ဆင်ခြင်ခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်သည်။ ဤနေရာတွင် ကြိုတင်ပြင်ဆင်မှုကောင်းလေလေ၊ စွန့်စားရမှုနည်းလေလေ ဖြစ်သည်။ လုပ်ငန်းတွင် မည်သည့်နေရာတွင် အန္တရာယ်ပေါ်ပေါက်နိုင်သည်၊ စွန့်စားရမှုကြုံနိုင်သည်၊ လိမ်လည်မှုတွေ့ရနိုင်သည် စသည့် စွန့်စားရမှုများကို ကြိုတင်တွက်ဆထားရမည်။ ဘဏ္ဍာရေးဆိုင်ရာ စွန့်စားရမှုများ၊ လုပ်ငန်းလည်ပတ်မှုစွန့်စားရမှုများ၊ ဈေးကွက်အတွင်းနှင့် ဥပဒေဆိုင်ရာ စွန့်စားရမှုများကို ကြိုတင်စဉ်းစားကြည့်နိုင်သည်။

ဘဏ္ဍာရေးဆိုင်ရာ စွန့်စားရမှုများသည် လုပ်ငန်းတိုင်းတွင် ဖြစ်တတ်သည့်စွန့်စားရမှုများ ဖြစ်သည်။ ငွေကြေးစီးဆင်းမှုပြတ်တောက်ခြင်း၊ ကုန်ကျစရိတ်နှင့် ကုန်ကြမ်းဈေးရုတ်တရက်မြင့်တက်ခြင်း၊ ရောင်းရငွေပြန်မရခြင်း သို့မဟုတ် နောက်ကျခြင်း စသည့်အချက်များသည် ကြုံရတတ်သည့် ကိစ္စများလည်းဖြစ်သည်။ လုပ်ငန်းလည်ပတ်မှုနှင့် ပတ်သက်သည့် စက်ပစ္စည်းပျက်ခြင်း၊ ချို့ယွင်းခြင်း၊ ကုန်ကြမ်းရှားပါးခြင်း၊ အရည်အသွေး မကောင်းသည်များ ဝယ်ယူမိခြင်း၊ လုပ်သားခက်ခဲခြင်း စသည်တို့သည် လုပ်ငန်းလည်ပတ်မှုနှင့်ပတ်သက်သည့် စွန့်စားရမှုများဖြစ်သည်။ ဈေးကွက်နှင့် ဥပဒေဆိုင်ရာ စွန့်စားမှုများတွင် ပြိုင်ဖက်များ၏ ပြင်းထန်သော ပြိုင်ဆိုင်မှုများကြောင့် ဖောက်သည်များ ပျောက်ဆုံးခြင်း၊ ဝယ်လိုအား ရုတ်တရက်ကျဆင်းခြင်း၊ မူဝါဒအပြောင်းအလဲနှင့် ရင်ဆိုင်ရခြင်းစသည်တို့သည်လည်း စွန့်စားမှုများဖြစ်ကြသည်။ အဆိုပါ အခက်အခဲများ၊ စွန့်စားရမှုများကို အဆင့်များခွဲခြားပြီး မကြာခဏဖြစ်ပွားနိုင်ခြေများ ဖြစ်ပေါ်လာပါက လုပ်ငန်းကို မည်မျှထိ ထိခိုက်နိုင်သည်၊ စသည့်အချက်များကို ဆန်းစစ်လေ့လာထားရန်၊ ကြိုတင်ခန့်မှန်းထားရန် လိုအပ်သည်။ ဤသို့ ဆန်းစစ်ချက်ထုတ်ထားခြင်းဖြင့် အရေးတကြီး လုပ်ကိုင်သင့်သည့် အကြောင်းအရာနှင့် အချိန်ယူဖြေရှင်းနိုင်သည့်အကြောင်းအရာဟု ခွဲခြားကိုင်တွယ်နိုင်မည်ဖြစ်သည်။

> ❖ မသေချာမရေရာမှုများကို ရင်ဆိုင်ရာတွင် အကောင်းဆုံးလက်နက်မှာ ကြိုတင်ပြင်ဆင်ခြင်းဖြစ်သည်။ လိမ်လည်မှုများ မခံရစေရန်ခိုင်မာသော စာချုပ်စာတမ်းစနစ်ကိုကျင့်သုံးပါ။ ငွေကြေးတန်ဖိုး တစ်ခုသတ်မှတ်ထားပြီး အဆိုပါ ငွေကြေးထက်ပိုမိုသော အရောင်းအဝယ်များအားလုံးကို စာချုပ်ချုပ်မည်ဟု ကြိုတင်ပြင်ဆင်ထားရန် လိုသည်။ လုပ်ငန်းငယ်များအတွက် နေ့စဉ်ကြုံတွေ့နေရသည်မှာ ရောင်းချမှုအားလုံးကို လက်ငင်းငွေချေမှု မရနိုင်ခြင်းဖြစ်သည်။ ယုံကြည်မှုနှင့်ဆောင်ရွက်ရသည့်အတွက် ငွေကြေးအပေးအယူခိုင်မာမှု အားနည်းတတ်သည်။ ထို့ကြောင့် "All respect, All suspect" ဟု အားလုံးကိုလေးစားသော်လည်း အားလုံးကို သံသယနှင့် စောင့်ကြည့်ရန်လည်း လိုအပ်သည်။ ❖

စွန့်စားရမှုများကို မည်သို့ကိုင်တွယ်ဖြေရှင်းမည်ကို မဟာဗျူဟာချမှတ်ထားနိုင်သည့် အဓိကကျသော လမ်းကြောင်းလေးခုရှိသည်။ ပထမလမ်းကြောင်းမှာ ရှောင်ရှားခြင်းဖြစ်သည်။ အလွန်ကြီးမားပြီး မိမိလုပ်ငန်းတစ်ခုတည်းနှင့် ဖြေရှင်းရန်မလွယ်ကူသော ကိစ္စမျိုးကို တတ်နိုင်သမျှရှောင်ရှားရမည်ဖြစ်သည်။ ဒုတိယလမ်းကြောင်းမှာ အန္တရာယ်ဖြစ်နိုင်ခြေကို လျှော့ချခြင်းလုပ်ရန်ဖြစ်သည်။ ကုန်ကြမ်းဝယ်ယူမှု မပြတ်လတ်စေရန်နှင့် လိုအပ်သော အရည်အသွေးရရှိစေရန်အတွက် ကုန်ကြမ်းကို တစ်နေရာထဲမှဝယ်ယူခြင်းမပြုဘဲ အခြားအရန်နေရာမှဖြစ်စေ ကြိုတင်ပြင်ဆင်ထားရန်ဖြစ်သည်။ ကုန်ကြမ်းကို လိုအပ်သလောက်နှင့် လိုအပ်သော အရည်အသွေးကို မိမိ၏ကုန်ကြမ်းသွင်းယူသူထံမှ အချိန်မီမရရှိလျှင် ထိုသူထံမှဝယ်ယူခြင်းကိုလျှော့ချပြီး အခြားတစ်နေရာမှ ချက်ချင်းအစားထိုးနိုင်ရန် ပြင်ဆင်ထားရမည်ဖြစ်သည်။ တတိယလမ်းကြောင်းတစ်ခုမှာ မိမိကြုံတွေ့ရသည့်အခက်အခဲ၊ ဝန်ထုပ်ဝန်ပိုးကို အခြားနည်းလမ်းတစ်ခု သို့မဟုတ် အခြားလုပ်ငန်းတစ်ခုခုသို့ လွှဲပြောင်းပေးခြင်းဖြစ်သည်။

စတုတ္ထလမ်းကြောင်းတွင် မိမိတို့လုပ်ငန်း၏ ကြုံတွေ့ရမည့် စွန့်စားမှုများကို အစဉ်တစိုက်စောင့်ကြည့်နေပြီး ပြန်လည်သုံးသပ်မှုများလည်း ဆောင်ရွက်နေရမည်ဖြစ်သည်။ ကုန်ကြမ်းခက်ခဲမှုများနှင့် ပိုမိုကောင်းမွန်သော ကုန်ကြမ်းရရှိမှုများသည် အမြဲလိုလိုရင်ဆိုင်ရနိုင်သည့် စွန့်စားမှုမျိုးဖြစ်သည်။ ထို့ပြင် ဈေးကွက်အခြေအနေသည်လည်း အမျိုးမျိုး ဖြစ်ပေါ်နိုင်ကြောင်း သတိပြုနိုင်သည်။

**ဖြေရှင်းရမည့်နည်းလမ်းများ**

မသေချာမရေရာမှုများကို ရင်ဆိုင်ရာတွင် အကောင်းဆုံးလက်နက်မှာ ကြိုတင်ပြင်ဆင်ခြင်း ဖြစ်သည်။ လိမ်လည်မှုများ မခံရစေရန်ခိုင်မာသော စာချုပ်စာတမ်းစနစ်ကိုကျင့်သုံးပါ။ ငွေကြေးတန်ဖိုး တစ်ခုသတ်မှတ်ထားပြီး အဆိုပါ ငွေကြေးထက်ပိုမိုသော အရောင်းအဝယ်များအားလုံးကို စာချုပ်ချုပ်မည်ဟု ကြိုတင်ပြင်ဆင်ထားရန်လိုသည်။ လုပ်ငန်းငယ်များအတွက် နေ့စဉ်ကြုံတွေ့နေရသည်မှာ ရောင်းချမှုအားလုံးကို လက်ငင်းငွေချေမှု မရနိုင်ခြင်းဖြစ်သည်။ ယုံကြည်မှုနှင့်ဆောင်ရွက်ရသည့်အတွက် ငွေကြေးအပေးအယူခိုင်မာမှု အားနည်းတတ်သည်။ ထို့ကြောင့် "All respect, All suspect" ဟု အားလုံးကိုလေးစားသော်လည်း အားလုံးကို သံသယနှင့် စောင့်ကြည့်ရန်လည်း လိုအပ်သည်။ တစ်ခါတစ်ရံတွင် ဖောက်သည်တစ်ဦးသည် အစဉ်သဖြင့် မှန်မှန်ကန်ကန် ငွေပေးချေမှုပြုလုပ်တတ်သော်လည်း အကြောင်းတစ်ခုခုကြောင့် ငွေကြေးလိုအပ်ချက်မြင့်မားပြီး အကျပ်အတည်းကြုံချိန်တွင် ငွေကြန့်ကြာမှုများကြုံရတတ်သည်။ ထိုအခြေအနေမျိုးကိုလည်း ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။ ဆုံးရှုံးနိုင်ခြေများကိုလည်း စီးပွားရေး မထိခိုက်နိုင်သည့် အလေအလွင့်၊ အလျော့စသည်တို့ကိုပါ ကြိုတင်ထည့်သွင်း စဉ်းစားစီမံထားရန်လိုအပ်သည်။ စက်ပိုင်းဆိုင်ရာများတွင်လည်း အရန်စက်ပစ္စည်းများ ကြိုတင်စုဆောင်းထားခြင်း၊ ကျွမ်းကျင်သည့် စက်ပြင်နှင့်ချိတ်ဆက်ထားခြင်း စသည်များလည်း ပြင်ဆင်ထားရမည်။

ငွေကြေးပိုင်းဆိုင်ရာများအတွက် လက်ဝယ်ရှိမှုသည် အသက်ဖြစ်သည်။ မမျှော်လင့်ထားသော ကုန်ကျစရိတ်များ၊ ငွေကြေးဖောင်းပွမှုများ၊ ရောင်းအားကျဆင်းသဖြင့် ဝင်ငွေကျဆင်းခြင်းများကြုံလာလျှင် ကျော်လွှားနိုင်ရန် အရန်ငွေကြေးထားသည့်စနစ်ကို ပြင်ဆင်သည့်အနေဖြင့် ငွေစုဆောင်းခြင်း လုပ်ထားရမည်။ ထို့ပြင် ရုတ်တရက် ငွေချေးမည့်နေရာများကိုလည်း ကြိုတင်ချိတ်ဆက်ထားသင့်သည်။ တစ်ဖက်ကလည်း မည်သည့်အခြေအနေဖြစ်စေ ကျော်လွှန်နိုင်ရန် စရိတ်များကို ချင့်ချိန်သုံးစွဲခြင်း၊ ချွေတာခြင်းများကိုလည်း ကြိုတင်ဆောင်ရွက်ထားရမည်။

ရုံးများတွင် ရုံးဆင်းလျှင် မီးများပိတ်ပါဆိုသည့် အချက်သည် ရုတ်တရက်ကြည့်လျှင် အသေးအဖွဲ့ကိစ္စဟု ထင်မြင်ရန်ရှိသော်လည်း နေ့စဉ်နေ့တိုင်း ကာလကြာရှည်လာသည့်အခါ မလိုအပ်သော ယိုပေါက်တစ်ခုကို ပိတ်နိုင်ခြင်းဖြစ်သည်ကို တွေ့နိုင်သည်။ ထို့ပြင် လုပ်နေကြလုပ်ငန်းများကို ပြောင်းလွယ်ပြင်လွယ်စေရန်၊ ပေါ့ပါးလွယ်ကူစေရန်လည်း ပြင်ဆင်ထားသင့်သည်။ ဈေးကွက်အပြောင်းအလဲကဲ့သို့ စိန်ခေါ်မှုမျိုးတွင် လျင်မြန်စွာ တုံ့ပြန်နိုင်ရန် အရေးကြီးသည်။

**စံချိန်စံညွှန်း ISO31000**

ISO31000 သည် နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့ International Organization for Standardization– ISO က ထုတ်ပြန်ထားသော စွန့်စားမှုစီမံခန့်ခွဲရေးလမ်းညွှန်ချက်များဖြစ်သည်။ အဓိက ရည်ရွယ်ချက်မှာ စနစ်တစ်ခုဖန်တီးခြင်းနှင့် ကာကွယ်ခြင်းဖြစ်သည်။ စွန့်စားမှုများကို စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် အဖွဲ့အစည်းတစ်ခု၏ ရည်မှန်းချက်များအောင်မြင်စေရန် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ တိုးမြှင့်လာစေရန် ရည်ရွယ်သည်။ အပိုင်းသုံးပိုင်းတွင် မူများ၊ မူဘောင်များနှင့် လုပ်ငန်းစဉ်များ ပါဝင်သည်။ အခြေခံမူ ရှစ်ချက်ပါဝင်သည်။ ပေါင်းစုခြင်း၊ ဖွဲ့စည်းခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်း၊ အဖွဲ့အစည်းနှင့်လိုက်လျောညီထွေစေရန် ပြင်ဆင်ခြင်း၊ အားလုံးပါဝင်ခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်း၊ အကောင်းဆုံး သတင်းအချက်အလက်များကို ရွေးချယ်ခြင်း၊ ယဉ်ကျေးမှုများနှင့် စဉ်ဆက်မပြတ်တိုးတက်စေရေးတို့ ပါဝင်သည်။ မူဘောင်တစ်ခု သတ်မှတ်ရာတွင် ခေါင်းဆောင်မှုအခြေအနေနှင့် သန္နိဋ္ဌာန်ချထားသည့်အချက်များ၊ ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်သုံးသပ်ခြင်းနှင့် စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ခြင်းတို့ဖြစ်သည်။ အဆိုပါ မူနှင့်မူဘောင်တစ်ခုကို အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကိုချမှတ်ရာတွင် တိုင်ပင်ဆွေးနွေးခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ စွန့်စားမှုများကို အကဲဖြတ်ခြင်း၊ စွန့်စားရမှုများကို ရှာဖွေဖော်ထုတ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း၊ စိစစ်ခြင်း၊ ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းတို့ဖြစ်ကြသည်။ ISO 31000 သည် အသိအမှတ်ပြု လက်မှတ်ရယူရန်အတွက်မဟုတ်ဘဲ စွန့်စားရမှုများအတွက် လမ်းညွှန်ချက်တစ်ခုသာဖြစ်သည်။

မသေချာမရေရာမှုများကြောင့် စွန့်စားရမှုများသည် စီးပွားရေးလုပ်ငန်းတိုင်းတွင် တွေ့လာရသည်။ အကျိုးအမြတ်အတွက် ဆောင်ရွက်နေရသဖြင့် စွန့်စားမှုကို တွေ့ကြုံရင်ဆိုင်ရမည်သာဖြစ်သည်။ ထိုသို့ ကြုံတွေ့လာသည့် မသေချာမရေရာမှုများကို ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်၍ စွန့်စားမှုများကို ကြောက်ရွံ့ပြီးရှောင်မသွားရန် လိုအပ်သည်။ စွန့်စားမှုကိုနားလည်ပြီး ဉာဏ်ရည်ဉာဏ်သွေး၊ ကြိုတင်ပြင်ဆင်မှုများဖြင့် ကိုင်တွယ်စီမံကွပ်ကဲရမည်ဖြစ်သည်။ ဘဏ္ဍာရေးတွင် စွန့်စားရမှုကြီးလေလေ၊ အမြတ်များလေလေ High Risk, High Return. ဟုရှိသည်။ သို့ရာတွင် ကောင်းမွန်သော စီမံခန့်ခွဲမှုမလုပ်နိုင်လျှင် အဆိုပါ စကားနောက်တွင် အန္တရာယ်လိုက်လာနိုင်သည်။ High Risk, High Return but High Danger. သို့ဖြစ်၍ စွန့်စားမှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ပါ။ စဉ်းစားသုံးသပ်ပါ။ သေချာအစီအစဉ်ချမှတ်ပြီး ပြင်ဆင်လုပ်ကိုင်ပါဟု အကြံပေးလိုက်ရပါသည်။

**ကိုးကား**

– အင်တာနက်နှင့် (AI Gemini)

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

## ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲကေ ၄၅၃၀ စိုက်ပျိုးမည်



ယခင်နှစ်က ထောပတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲကေ ၄၅၃၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် ထောပတ်ပဲစိုက်ပျိုးရန်လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၅၄၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၁၁ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၂၂၆၀၊ ကျောက်မြောင်း မြို့နယ်ခွဲတွင် ၁၀၁၄ ဧက စုစုပေါင်း ၄၅၃၀ ဧက ဖြစ်ကြောင်း၊ အဆိုပါ ထောပတ်ပဲစိုက်ပျိုးမှုကို အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ထောပတ်ပဲ ဧက ၄၅၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ထောပတ်ပဲကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်လဲ စိုက်ပျိုးကြပါတယ်။ ထောပတ်ပဲဟာ ဈေးကွက်ဝင်သီးနှံဖြစ်လို့ အားထားစိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ပဲမျိုးစုံစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်း တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေးနှင့်လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီ ဆောင်ရွက်ပြီး သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲပုံများကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကိုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

## ပန်းတိုင်ရောက်အောင် ကြိုးစားပါ

- စိတ်ချမ်းသာ ကိုယ်ချမ်းမြေ့
ဘဝတစ်ကွေ့ သာယာစေ၊
ကိုယ့်ဝန်းကျင် ကောင်းကျိုးများ
ကြိုးစားရှာကြလေ၊
တန်ဖိုးရှိ အလုပ်တွေ
ချစ်မိတ်ဆွေ နှလုံးသွင်း၊
ပျော်စရာ နေ့သစ်လမ်းကို
လှမ်းလျှောက်ပါမင်း။

- လောကဓံ အခက်ခဲ
ရင်ဆိုင်နွဲ အန်တုပါ၊
ရင်သန်လေ ကောင်းဘက်တွေး
နွေးထွေးပျူငှာ၊
ပန်းတိုင်သို့ ရောက်ဖို့ရာ
ပျင်းရိခွာ ရှောင်ကြဉ်လို့၊
နေ့စဉ်ဝယ် စိတ်ကောင်းထား
ရိုးသားပါစို့။

- မေတ္တာကို လက်ကိုင်သုံး
စိတ်နှလုံး နူးညံ့မည်၊
ဘဝမှာ အဓိပ္ပာယ်ရှိ
ပီတိဖြာသည်၊
အပြုံးပန်း ဖူးပွင့်တည်
လှဂုဏ်ရည် ဆင်ယင်လျက်၊
သောကတွေ မရှိကင်းကာ
ကောင်းခြင်းတွေဆက်။ ။

ရွှေမြိုင်သူ(မြန်မာစာ)

## တံတားဦးမြို့နယ် ငါးဇင်ရိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ငါးဇင်ရိုင်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ငါးဇင်ရိုင်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၇၃ ဦးကို ငွေကျပ် ၃၄ ဒသမ ၀၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၂ ဦးကို ငွေကျပ် ၂၁ ဒသမ ၀၉ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၈၅ ဦးကို ရန်ပုံငွေကျပ် ၅၅ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

## အုတ်ဖိုမြို့နယ် ကဝေစုကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း

**အုတ်ဖို စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကဝေစုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားပြီး အစည်းအဝေးသို့တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားရပ်မိရပ်ဖများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ကဝေစုကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **အေးမြတ်**

# အီရန်နိုင်ငံ ခါ့ဂ်ကျွန်းအနီး ကျောက်ချထားသည့် အီရန်ရေနံတင်သင်္ဘောကို အမေရိကန် တိုက်ခိုက်

**တီဟီရန် စက်တင်ဘာ ၅**

အီရန်နိုင်ငံ ခါ့ဂ်ကျွန်းအနီး အီရန်ရေနံတင် သင်္ဘောတစ်စီးကို အမေရိကန်တပ်မတော်က ယနေ့တွင် တိုက်ခိုက်ခဲ့ကြောင်း အီရန် မီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ခါ့ဂ်ကျွန်းအနီး ကျောက်ချထားသည့် အဆိုပါ ရေနံတင်သင်္ဘောကို အမေရိကန် တပ်မတော်က ဒုံးကျည်လေးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အီရန်မီဒီယာများ၏ အဆိုအရသိရသည်။

ပင်လယ်ကွေ့ဒေသ၌ တည်ရှိသော ခါ့ဂ်ကျွန်းသည် အီရန်နိုင်ငံ၏ အဓိကရေနံပို့ကုန်ဗဟိုချက် နယ်မြေဖြစ်သည်။

အမေရိကန် တပ်မတော်၏ တိုက်ခိုက်မှုကြောင့် ရေနံတင်သင်္ဘောပေါ်၌ လိုက်ပါလာသည့် ရေယာဉ်ဝန်ထမ်းများ ထိခိုက်မှု မရှိခဲ့ကြောင်း အီရန်မီဒီယာများ၏ အဆိုအရသိရသည်။

ခါ့ဂ်ကျွန်းအနီး အီရန်ရေနံတင် သင်္ဘော တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ အမေရိကန်အစိုးရနှင့် အီရန်အစိုးရတို့က တရားဝင် သတင်းထုတ်ပြန်မှုများ မပြုလုပ်သေးကြောင်းသိရသည်။

ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် အမေရိကန်နိုင်ငံနှင့် စစ်ရေး ပဋိပက္ခမဖြစ်ပွားမီ အီရန်နိုင်ငံ၏ ရေနံပို့ကုန် ၉၀ ရာခိုင်နှုန်းကို ခါ့ဂ်ကျွန်းမှတစ်ဆင့် တင်ပို့နေခြင်း ဖြစ်သည်။

အမေရိကန်နိုင်ငံ၏ စစ်ရေး တိုက်ခိုက်မှုများကို တုံ့ပြန်သည့် အနေဖြင့် အီရန်အစိုးရက ဟော်မုဇ် ရေလက်ကြားကို ပိတ်ဆို့ထားချိန်တွင် အမေရိကန်တပ်မတော်က လည်း အီရန်ဆိပ်ကမ်းများကို ရေတပ်အင်အားဖြင့် ပိတ်ဆို့ထားကြောင်း သိရသည်။

Ref : RT
Trs : KKO



# ဘိုလီးဗီးယား၌ စစ်စခန်း ပေါက်ကွဲမှုဖြစ်

**လာပါ့ဇ် စက်တင်ဘာ ၅**

ဘိုလီးဗီးယားနိုင်ငံ ဗီရာချာ မြို့နီစပယ်ဒေသရှိ စစ်စခန်းတစ်ခု၌ စက်တင်ဘာ ၄ ရက်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ လူ ၁၀ ဦး သေဆုံး၍ အများအပြားဒဏ်ရာ ရခဲ့ကြောင်း ဘိုလီးဗီးယား တာဝန်ရှိသူများက ထုတ်ဖော် ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် စစ်စခန်းသည် လာပါ့ဇ်မြို့နှင့် ၁၆ မိုင်အကွာတွင် တည်ရှိကြောင်း ဘိုလီးဗီးယား တာဝန်ရှိသူများ၏ အဆိုအရသိရသည်။

စက်တင်ဘာ ၄ ရက်ပေါက်ကွဲမှုသည် မီးရှူးမီးပန်းများ ထားရှိရာနေရာတွင် စတင်ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ဗီရာချာမြို့နီစပယ် ဒေသတာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါပေါက်ကွဲမှုအတွင်း လူ ၁၀ ဦးမှ ၁၅ ဦးထိ သေဆုံးနိုင်ပြီး ၆၂ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် စစ်စခန်းပေါက်ကွဲမှုဖြစ်စဉ်အကြောင်းရင်းကို ဘိုလီးဗီးယား ကာကွယ်ရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ပေါက်ကွဲမှုဖြစ်ပွားရာ နေရာ၌ အပူချိန် မြင့်မားနေဆဲဖြစ်ရာ ပေါက်ကွဲ ထပ်မံဖြစ်ပွားနိုင်မှုကြောင့် စစ်စခန်းနှင့် ဝေးရာတွင် နေကြရန် မီးသတ်တပ်ဖွဲ့က ဒေသခံပြည်သူများကို သတိပေး ပြောကြားထားသည်။

စစ်စခန်း ပေါက်ကွဲမှုမှာ ပြင်းထန်သည့်အတွက် အနီးပတ်ဝန်းကျင်ရှိ နေအိမ်များလည်းထိခိုက်ပျက်စီးမှုများ ရှိခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ပိုမိုတိကျသော ကမ္ဘာ့မြေပုံသစ် လက်ခံကျင့်သုံးရေး ဆုံးဖြတ်ချက် ကုလသမဂ္ဂအထွေထွေညီလာခံ အတည်ပြု



**နယူးယောက် စက်တင်ဘာ ၅**

ကမ္ဘာ့နိုင်ငံများ၏ အရွယ်အစားကို တိတိကျကျဖော်ပြနိုင်မည့် ကမ္ဘာ့မြေပုံသစ်ကို လက်ခံအသုံးပြုရန် ကုလသမဂ္ဂအထွေထွေ ညီလာခံက စက်တင်ဘာ ၄ ရက်တွင် အတည်ပြုခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မြေပုံမှန်ကန်ရေး အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းကိုကုလသမဂ္ဂ အထွေထွေညီလာခံက ထောက်ခံမဲ ၁၆၄မဲ၊ ကန့်ကွက်မဲ တစ်မဲတို့ဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းကို နှစ်ပေါင်းများစွာ မှားယွင်းခဲ့သည့် ကမ္ဘာ့မြေပုံအမှားကို ပြင်ဆင်နိုင်ရေးအတွက် အာဖရိကတိုက်နိုင်ငံများက ကုလသမဂ္ဂအထွေထွေ ညီလာခံကို တင်သွင်းခဲ့ခြင်း ဖြစ်သည်။

လက်ရှိ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနေကြသော ကမ္ဘာ့မြေပုံမှာ ၁၅၆၉ ခုနှစ်တွင် ဒတ်ချ်မြေပုံပညာရှင် ဂျာရာဒပ်စ်မာကာတာ ရေးဆွဲခဲ့သည့်မြေပုံဖြစ်သည်။

ထိုမြေပုံတွင် ဝင်ရိုးစွန်းဒေသများ အနီးရှိနယ်မြေများကို အရွယ်အစားကြီးထားရာ ကျန်ကမ္ဘာ့ ကုန်းထုများမှာ မူလပုံသဏ္ဌာန် ပျက်ယွင်းခဲ့ရသည်။

မာကာတာမြေပုံတွင် ဂရင်းလန်းကျွန်း၏ အရွယ်အစားမှာ အာဖရိကတိုက်ထက် ပိုကြီးမားနေသော်လည်း လက်တွေ့အားဖြင့်မူ အာဖရိကတိုက်၏ အရွယ်အစားမှာ ဂရင်းလန်းကျွန်းထက် ၁၄ ဆ ပိုမိုကြီးမားကြောင်း သိရသည်။

အာဖရိကတိုက်နိုင်ငံများ တင်သွင်းခဲ့သည့် မြေပုံမှန်ကန်ရေးဆုံးဖြတ်ချက်မူကြမ်းတွင် ကမ္ဘာတစ်ဝန်း၌ မာကာတာမြေပုံစနစ်သုံးစွဲမှုကိုကန့်သတ်ရန် တိုက်တွန်းခဲ့ကြောင်းသိရသည်။ Ref : Xinhua

Trs : KKO

# နိုင်ဂျီးရီးယားတောင်ပိုင်း ရီးဗားစ်ပြည်နယ်၌ ရေနံပိုက်လိုင်း ခိုးဖောက်စဉ် လူ ၃၇ ဦးသေဆုံး

**အဘူဂျာ စက်တင်ဘာ ၅**

နိုင်ဂျီးရီးယား တောင်ပိုင်း၌ရေနံ ပိုက်လိုင်းခိုးဖောက်စဉ် အဆိပ်အတောက်ပြင်းထန်သည့် အခိုးအငွေ့ ရှူရှိုက်မိခဲ့ခြင်းကြောင့် လူ ၃၇ ဦး သေဆုံးခဲ့ကြောင်း စက်တင်ဘာ ၄ ရက်သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဖြစ်စဉ်သည် ရီးဗားစ် ပြည်နယ် အော့ခ်ရီကာမြို့၌ စက်တင်ဘာ ၃ ရက်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း နိုင်ဂျီးရီးယားသဘာဝ ပတ်ဝန်းကျင်ကာကွယ်ရေး အေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အော့ခ်ရီကာမြို့ အိုကာရီဆိပ်ကမ်း၌ ဖြစ်ပွားခဲ့သည့် အဆိုပါ ဖြစ်စဉ်အတွင်း ရေနံပိုက်လိုင်း ခိုးဖောက်သူ အများအပြားလည်း ပျောက်ဆုံးနေကြောင်း သိရသည်။

ရေနံပိုက်လိုင်း ခိုးဖောက်စဉ် အဆိပ်အတောက်ရှိ အခိုးအငွေ့များရှူရှိုက်ခဲ့မှုကြောင့် သေဆုံးသူ အရေအတွက် အတိအကျကို နိုင်ဂျီးရီးယားအစိုးရက တရားဝင် သတင်း ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံ နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသသည် ရေနံပိုက်လိုင်း ခိုးဖောက် ရေနံများထုတ်ယူမှုနှင့် နှစ်ပေါင်းများစွာ ရင်ဆိုင်နေရသည့် ဒေသဖြစ်သည်။

သို့ရာတွင် မကြာမီနှစ်များ အတွင်း နိုင်ဂျီးရီးယားအစိုးရအဖွဲ့သည် ရေနံပိုက်လိုင်းများ ခိုးဖောက်မှုကို ဖိဖိစီးစီးကိုင်တွယ် ဖြေရှင်းလာခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# လက်ဘနွန်နိုင်ငံ အလီအယ်လ်တာဟာတောင်ရိုးရှိ ဟစ်ဇ်ဘိုလာလက်နက်ကိုင်အဖွဲ့ဝင်များကို အစ္စရေးတပ်မတော်ရှင်းလင်း

**ဂျေရုဆလင် စက်တင်ဘာ ၅**



လက်ဘနွန်နိုင်ငံ အလီအယ်လ်တာဟာတောင်ရိုးဒေသရှိ ဥမင်လိုဏ်များအတွင်း ခိုအောင်းနေကြသည့် ဟစ်ဇ်ဘိုလာလက်နက်ကိုင်အဖွဲ့ဝင်များကို အစ္စရေး တပ်မတော်က ရှင်းလင်းနိုင်ခဲ့ကြောင်း အစ္စရေးကာကွယ်ရေး ဝန်ကြီး အစ္စရေးလ်ကတ်ဇ်က စက်တင်ဘာ ၄ ရက်တွင် သတင်း ထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

အစ္စရေးနှင့် လက်ဘနွန်နိုင်ငံတို့သည် ယခုနှစ်ဇွန်လအတွင်း အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်တစ်ရပ် ကြေညာထားသော်လည်း မဟာဗျူဟာမြောက် အလီအယ်လ်တာဟာ တောင်ရိုးသည် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာ စစ်ရေးပဋိပက္ခ၏ အပြင်းထန်ဆုံး ဒေသတစ်ခုဖြစ်လာသည်။

အလီအယ်လ်တာဟာ တောင်ရိုးဒေသရှိ ဟစ်ဇ်ဘိုလာလက်နက်ကိုင်အဖွဲ့ဝင်များကို အစ္စရေး တပ်မတော် တိုက်ခိုက်ခဲ့ပါက ပြင်းထန်စွာ ပြန်လည်တုံ့ပြန်မည် ဖြစ်ကြောင်း အီရန်နိုင်ငံက လွန်ခဲ့သည့်လတွင် သတိပေးပြောကြားထားသည်။

အစ္စရေး တပ်မတော်သည် အလီအယ်လ်တာဟာ တောင်ရိုးဒေသ တောင်ဘက်ဝင်ပေါက်၊ ထွက်ပေါက်များကို ထိန်းချုပ်ထားပြီး ထိုဝင်ရိုး၏ မြောက်ဘက် ဝင်ပေါက်၊ ထွက်ပေါက်များကိုလည်း မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် စောင့်ကြပ်ထားသည်ဟု လက်ဘနွန်တပ်မတော်က ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# စပေ့စ်အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၇ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့



**ဝါရှင်တန် စက်တင်ဘာ ၅**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် စက်တင်ဘာ ၃ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၇ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း စက်တင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

အဆိုပါစတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၇ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ကယ်လီဖိုးနီးယား ပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၂ မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တု ၂၇ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

B1063 အမည်ရှိ ဖယ်လ်ကွန်-၉ ၏ ပထမအဆင့်ဒုံးယာဉ်မှာ ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည်။

အထက်ပါမစ်ရှင်အောင်မြင်မှုကြောင့် စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်တွင် ဂြိုဟ်တုစင်းရေ ၁၁၀၀၀ ကျော်ထိ ရှိလာခဲ့ပြီဖြစ်သည်။

စက်တင်ဘာ ၃ ရက်မစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော ၁၀၂ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# အမျိုးသမီးများ အသက်အရွယ်ရလာချိန် ကိုယ်အလေးချိန်လျှော့ချရေးထိုးဆေးသုံးစွဲပါက ဘဝသက်တမ်း ၁၀ နှစ်ထိ တိုးလာနိုင်

**နယူးယောက် စက်တင်ဘာ ၅**

အမျိုးသမီးများအနေဖြင့် အသက်အရွယ် ရလာချိန်တွင် ကိုယ်အလေးချိန်လျှော့ချရေး ထိုးဆေးများသုံးစွဲခဲ့ပါက ဘဝသက်တမ်း၁၀နှစ်ထိတိုးလာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ စက်တင်ဘာ ၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Ozempic နှင့် Mounjaro ကဲ့သို့သောထိုးဆေးများသည် အမျိုးသမီးများ၌ အသက်အရွယ်နှင့်ဆက်စပ်နေသည့် ကိုယ်ခန္ဓာပျက်စီးမှုများ အရှိန်ကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အမျိုးသမီးများအနေဖြင့် အသက် ၆၂ နှစ်အရွယ်တွင် အဆိုပါ ထိုးဆေးများစတင်အသုံးပြုပါက ဘဝသက်တမ်းကို ၁၀ နှစ်ထိ ဆန့်ထုတ်ပေးနိုင်ကြောင်း၊ ထို့ပြင် မှတ်ဉာဏ်အား မြင့်တက်လာခြင်း၊ ရောင်ရမ်းမှုကို လျှော့ချနိုင်ခြင်း၊ သွေးအတွင်းသကြားဓာတ်ပါဝင်မှုအဆင့်ကို ထိန်းထားနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကိုလည်း ခံစားရနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ကိုယ်အလေးချိန်လျှော့ချရေးဆေးများ၏ အသက်အရွယ်အပေါ် အကျိုးသက်ရောက်မှုကို ဖော်ထုတ်ရေးအတွက် ကြွက်များဖြင့် လက်တွေ့စမ်းသပ်ခဲ့ကြရာ သုံးလကြာ ဆေးထိုးနှံထားသည့် ကြွက်များ၏ ဘဝသက်တမ်းမှာ ၁၁ ရာခိုင်နှုန်းထိ မြင့်တက်လာသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

# နာဆာ၏ အင်္ဂါဂြိုဟ်ဆက်သွယ်ရေးကွန်ရက်(MTN)ကို ဘလူးအော်ရီဂျင်ကုမ္ပဏီက တည်ဆောက်မည်


**ဝါရှင်တန် စက်တင်ဘာ ၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အင်္ဂါဂြိုဟ် ဆက်သွယ်ရေးကွန်ရက်(MTN)ကို ဘလူးအော်ရီဂျင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း စက်တင်ဘာ ၄ ရက် သတင်းများ အရ သိရသည်။

အမေရိကန်ဒေါ်လာ သန်း ၇၀၀ တန်ဖိုးရှိ အင်္ဂါဂြိုဟ်ဆက်သွယ်ရေးကွန်ရက်(MTN)အမည်ရှိအာကာသယာဉ်ကို တည်ဆောက်ရေးအတွက် ဘလူးအော်ရီဂျင်ကုမ္ပဏီကို ရွေးချယ်ထားသည်။

နာဆာအဖွဲ့သည် အင်္ဂါဂြိုဟ်ဆက်သွယ်ရေးကွန်ရက်အာကာသယာဉ်ကို ၂၀၃၀ ပြည့်နှစ်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

MTN အာကာသယာဉ်သည် လွှတ်တင်ပြီးချိန်တွင် အင်္ဂါဂြိုဟ် သတင်း အချက်အလက်များကို ရယူစုဆောင်းမည် မဟုတ်ဘဲ နာဆာ၏ အင်္ဂါဂြိုဟ်မစ်ရှင်များကို အကူအညီပေးရမည်ဖြစ်ကြောင်း



သိရသည်။

MTN အာကာသယာဉ်သည် နာဆာ၏ လက်ရှိအင်္ဂါဂြိုဟ်မစ်ရှင်များနှင့် အနာဂတ်အင်္ဂါဂြိုဟ်မစ်ရှင်များအတွက် ဆက်သွယ်ရေး၊ တည်နေရာနှင့် လမ်းကြောင်းပြစနစ်ဝန်ဆောင်မှုများကို ပေးမည်ဖြစ်သည်ဟု နာဆာအဖွဲ့သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

နာဆာသည် ၂၀၃၀ ပြည့်နှစ်ကာလများနှင့် ၂၀၄၀ ပြည့်နှစ်ကာလများတွင် အင်္ဂါဂြိုဟ်ဆီသို့ အာကာသယာဉ်မှူးများ လိုက်ပါမည့်မစ်ရှင်များလွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# ပုံစံ-၂ ဆီးချိုလူနာများသုံးသောဆေးတစ်မျိုးက ကိုယ်တွင်းအင်္ဂါများပျက်စီးမှုဖြစ်ပွားနိုင်

**စတော့ဟုမ်း စက်တင်ဘာ ၅**

ပုံစံ-၂ ဆီးချိုရောဂါလူနာများ အသုံးပြုသည့် SGLT 2 Inhibitors ခေါ် ဆေးတစ်မျိုးသည် Ketoacidosis ခေါ် ကိုယ်တွင်းအင်္ဂါများ ပျက်စီးမှုရောဂါတစ်မျိုးဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Ketoacidosis ပြဿနာသည် ကိုယ်တွင်း၌ Ketones ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုး စုစည်းမှုမြင့်တက်လာချိန်တွင် ဖြစ်ပွားတတ်သည့် ပြဿနာမျိုးဖြစ်သည်။

ဆွီဒင် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ SGLT 2 Inhibitors ဆေးများဖြင့် Ketoacidosis ပြဿနာပေါ်လာနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

အထူးသဖြင့် ကိုယ်အလေးချိန်နည်းပါးသော ပုံစံ-၂ ဆီးချိုရောဂါလူနာများ၌ SGLT 2 Inhibitors ဆေးများကြောင့် ကိုယ်တွင်း၌ Ketones ဓာတုဒြပ်ပေါင်းများ စုစည်းလာနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

SGLT 2 Inhibitors ဆေးများသည် သွေးအတွင်းပါဝင်သော သကြားဓာတ်များကို ဆီးမှတစ်ဆင့် ကျောက်ကပ်ကစွန့်ထုတ်ပေးနိုင်စွမ်းကို မြှင့်တင်ပေးခြင်းဖြင့် သွေးအတွင်း သကြားဓာတ်ပါဝင်မှုကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# စနေဂြိုဟ်၏ တောင်ဝင်ရိုးစွန်းအနီးတွင် အနား ၁၀ နားပါ ထူးဆန်းသောရောမတိမ်တိုက်ကြီး သိပ္ပံပညာရှင်များတွေ့ရှိ

**မက်ဒရစ် စက်တင်ဘာ ၅**

စနေဂြိုဟ်၏တောင်ဝင်ရိုးစွန်းဒေသအနီးတွင် မကြာသေးမီကာလအတွင်းက အနား ၁၀ နားပါ ထူးဆန်းသောရောမတိမ်တိုက်ကြီးတစ်ခု ဖွဲ့စည်းဖြစ်ပေါ်လာသည်ကို တွေ့ရှိကြောင်း သိပ္ပံပညာရှင်များက စက်တင်ဘာ ၄ ရက်တွင် ပြောကြားသည်။

စပိန်နိုင်ငံ ဘာစကေးကောင်ထရီတက္ကသိုလ်မှ သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့သော အဆိုပါ အနား ၁၀ နားရှိ တိမ်တိုက်ကြီးသည် အချင်းအားဖြင့် မိုင်ပေါင်း ၁၀၄၂၅၀ ထိရှိပြီး အနားတစ်ဖက်လျှင် ၁၀၄၂၅ မိုင် ရှည်လျားသည်။

အဆိုပါ အနား ၁၀ နားပါ တိမ်တိုက်ကြီးသည် အလွန်ထူးဆန်းသော လေထုလွှာဖြစ်စဉ်တစ်ရပ်ဖြစ်ပြီး စနေဂြိုဟ်၏ မိုးလေဝသဖြစ်စဉ်များကို နားလည်ရေးအတွက် အထောက်အကူပြုနိုင်ကြောင်း စပိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

စပိန်သိပ္ပံပညာရှင်များသည် အဆိုပါ အနား ၁၀ နားပါ တိမ်တိုက်ကြီးကို အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ)က လွှတ်တင်ထားသည့် ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

သိပ္ပံပညာရှင်များသည် ၁၉၈၈ ခုနှစ်ကလည်း စနေဂြိုဟ်မြောက်ဝင်ရိုးစွန်းဒေသ၌ အနားခြောက်နားပါ တိမ်တိုက်ကြီးတစ်ခုကို ရှာဖွေတွေ့ရှိထားပြီးဖြစ်သည်။

အဆိုပါ အနားခြောက်နားပါ တိမ်တိုက်ကြီးသည် အချင်းမိုင် ၂၀၀၀၀ ထိရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Sputnik News

Trs : KKO

## 2026 British Open စနူကာပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ကို ဂျူ့စ်ထရန့်တက်ရောက်

လန်ဒန် စက်တင်ဘာ ၅

အင်္ဂလန်နိုင်ငံ ချဲလ်တင်ဟန်မြို့တွင်ကျင်းပနေသည့် 2026 British Open စနူကာပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် လက်ရှိကမ္ဘာ့အဆင့်(၁) တရုတ်ကစားသမား ဇီဟိုနှင့် ကမ္ဘာ့အဆင့်(၁) အင်္ဂလန်ကစားသမားဟောင်းဂျူ့စ်ထရန့်တို့ ကစားခဲ့ရာ ဂျူ့စ်ထရန့်က ၄း၁ ပွဲ တစ်ပွဲရလဒ်ဖြင့်အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ကြောင်း WST သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဂျူ့စ်ထရန့်က ဇီဟိုကို လက်ရည်အသာဖြင့်ကစားခဲ့ကာ ရလဒ်အပြတ်အသတ်အသာစီး ရယူခဲ့ပြီးနောက် ကမ္ဘာ့အဆင့်(၁)နေရာ ပြန်လည်ရရှိရန်နီးစပ်လာခဲ့သည်။

ဂျူ့စ်ထရန့်သည် ကမ္ဘာ့အဆင့်(၁)နေရာတွင် ကာလရှည်ရပ်တည်ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်လအတွင်းက တရုတ်နိုင်ငံ ဝူဟန်မြို့တွင်ကျင်းပခဲ့သည့် ဝူဟန်အိုးပင်းစနူကာပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် ကမ္ဘာ့အဆင့်(၁)နေရာမှ ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဂျူ့စ်ထရန့်နှင့် ဇီဟိုတို့သည် ပြီးခဲ့သည့် မတ် ၃၀ ရက်မှဧပြီ ၅ ရက်ထိ အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့တွင် ကျင်းပခဲ့သော 2026 Tour Championship စနူကာပြိုင်ပွဲဗိုလ်လုပွဲအဆင့်တွင် တွေ့ဆုံခဲ့ပြီး ဇီဟိုက ၁၀ ပွဲ သုံးပွဲရလဒ်ဖြင့် အနိုင်ရကာ ချန်ပီယံဆုဖလားဆွတ်ခူးခဲ့ပြီးနောက် ယခုအခါ ဂျူ့စ်ထရန့်က 2026 Tour Championship စနူကာပြိုင်ပွဲက ရှုံးနိမ့်မှုကို ပြန်လည်ချေဖျက်ပြီး အနိုင်ရကာ ဆီမီးနယ်အဆင့်တက်ရောက် ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : WST

Trs : STA



## OMEGA Master ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို လော်ရန်ဇီ ဦးဆောင်

ဇူးရစ် စက်တင်ဘာ ၅

ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပနေသည့် OMEGA Master ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယအကျော့ပွဲစဉ်များကို ယနေ့တွင်ပြန်လည်စတင်ကျင်းပခဲ့ပြီး တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမားလော်ရန်ဇီက အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေကြောင်း DP World Tour သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

လော်ရန်ဇီသည် ပြီးခဲ့သည့်နှစ်က ကျင်းပခဲ့သည့် OMEGA Master ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးထားပြီး လက်ရှိချန်ပီယံအဖြစ် ပါဝင်ကစားနေသူဖြစ်ကာ ယခုနှစ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုကာကွယ်နိုင်ရန် နီးစပ်နေခြင်းဖြစ်သည်။

OMEGA Master ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယအကျော့ ပထမနေ့ပွဲစဉ်အပြီးတွင် လော်ရန်ဇီသည် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်ထိ လျှော့ရိုက်ထားပြီး ထိပ်ဆုံးတွင် ဦးဆောင်ထားကာ ၎င်း၏နောက်တွင် ဂျာမနီဂေါက်သီးရိုက်ကစားသမား ဂျေမီပေါလ်နှင့် စပိန်ဂေါက်သီးရိုက်ကစားသမားအယ်ဗီယာတို့က ၁၁ ချက်စီလျှော့ရိုက်ပြီး ဂျပန်ဂေါက်သီးရိုက်ကစားသမား နာကာဂျီမီက ၁၀ ချက်လျှော့ရိုက်ကာ ဖိအားပေးလျက်ရှိနေသည်။

OMEGA Master ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးအဆင့်ပြိုင်ပွဲကို စက်တင်ဘာ ၆ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : DP World Tour

Trs : STA

## မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)တွင် ရှမ်းယူနိုက်တက်အသင်း အနိုင်ရပြီး သစ္စာအားမာန်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်

ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်း အနိုင်ရပြီး သစ္စာအားမာန်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။




မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ Sunset အားကစားကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့က စားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရှမ်းယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၁ မိနစ်နှင့် မိနစ် ၃၀ တို့တွင် Santos၊ ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပို နှစ်မိနစ်တွင် နန္ဒကျော်၊ ပွဲချိန် ၆၄ မိနစ်တွင် ရဲရင့်အောင်တို့က သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက သီဟဒီပ အားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ဟံသာဝတီယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၈ မိနစ်တွင် နိုင်ဝင်းထွန်း၊ ပွဲချိန် ၄၉ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်တို့ကသွင်းယူခဲ့ပြီး ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၁ မိနစ်တွင် ဝေဖြိုးဇော်၊ ပွဲချိန် ၈၅ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် စိုးကျော်ကျော်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) ပွဲစဉ်များအဖြစ် စက်တင်ဘာ ၆ ရက်ညနေ ၃ နာရီခွဲတွင် ပုသိမ်မြို့ ကျောက်တိုင် အားကစားကွင်း၌ ရောဝတီယူနိုက်တက် အသင်းနှင့် ဒဂုံစတားအသင်းတို့ ဆက်လက်ကစားမည် ဖြစ်ကြောင်း သိရသည်။

STA

## ယခုနှစ်ဘောလုံးရာသီစပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၄)တွင် ဘက်တစ်အသင်းကိုရှုံးနိမ့်ပြီး ရီးရဲလ်မက်ဒရစ်အသင်း ပထမဆုံး ရှုံးပွဲ စတင်ကြုံတွေ့

မက်ဒရစ် စက်တင်ဘာ ၅

စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၄) အဖြစ် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် ဘက်တစ်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီ ပထမဆုံးရှုံးပွဲ စတင်ကြုံတွေ့ခဲ့ရကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားခဲ့ရာဘက်တစ်အသင်းကလည်း အကောင်းဆုံးပြန်လည်တုံ့ပြန်ကစားခဲ့ကာ ပွဲချိန် ၈ မိနစ်တွင် ပါရော့က ဘက်တစ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီးနောက် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီးအချိန်ပို လေးမိနစ်တွင် ရီးရဲလ်မက်ဒရစ် အသင်းအတွက် ပင်နယ်တီ ရရှိခဲ့သော်လည်း အမ်ဘာပီက ဂိုးဝင်အောင်ကန်သွင်းနိုင်ခြင်းမရှိသည့်အတွက်တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် ယခုနှစ်ဘောလုံးရာသီ အစပိုင်းတွင် နည်းပြမော်ရင်ဟိုဇေး၏ လက်အောက်၌ ရလဒ်များဆက်တိုက်ကောင်းမွန်ခဲ့ပြီး စပိန်လာလီဂါပြိုင်ပွဲတွင် အက်စ်ပန်ညိုအသင်း၊ ဆိုစီဒက်အသင်း၊ မာလာဂါအသင်းတို့ကို အနိုင်ရခဲ့သော်လည်းပွဲစဉ်(၄)တွင် ဘက်တစ်အသင်းကိုရှုံးနိမ့်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီပထမဆုံး ရှုံးပွဲစတင်ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် စက်တင်ဘာ ၉ ရက်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စု အဖွင့်ပွဲစဉ်အဖြစ် အင်တာမီလန်အသင်းကို အိမ်ကွင်းတွင် လက်ခံကစားရမည်ဖြစ်ကြောင်းသိရသည်။

Ref : Fotmob

Trs : STA

## အာဂျင်တီးနားအသင်းနှင့် မန်ယူအသင်းကစားသမားဟောင်း တီဗက်ဇ်က နှုတ်ဆက်ပွဲ အထိမ်းအမှတ်ဘောလုံးပွဲစဉ်တွင် စီရော်နယ်ဒိုနှင့် မက်ဆီ တစ်သင်းတည်းပါဝင်ကစားရန်စီစဉ်

ဗျူနိုစ်အေရိစ် စက်တင်ဘာ ၅

အာဂျင်တီးနား အသင်းနှင့် မန်ယူအသင်း ကစားသမားဟောင်းတစ်ဦးဖြစ်သည့် တီဗက်ဇ်က ၎င်း၏နှုတ်ဆက်ပွဲအထိမ်းအမှတ် ဘောလုံးပွဲစဉ်တွင် အသင်းဖော်ဟောင်းများ ဖြစ်ကြသည့် စီရော်နယ်ဒိုနှင့် မက်ဆီတို့ကို တစ်သင်းတည်းတွင် ပါဝင်ကစားပေးရန်စီစဉ်နေကြောင်း 433 သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




တီဗက်ဇ်သည် ၂၀၂၂ ခုနှစ်က ပရော်ဖက်ရှင်နယ် ကစားသမားဘဝအနားယူခဲ့ပြီးနောက် ၎င်း၏နှုတ်ဆက်ပွဲ အထိမ်းအမှတ်ဘောလုံးပွဲစဉ်ကို လာမည့်ဒီဇင်ဘာလတွင် ကျင်းပရန်စီစဉ်ထားပြီး ပါဝင်ကစားမည့်ကစားသမားများကို ချိတ်ဆက်မှုများလုပ်ဆောင်နေခြင်းဖြစ်သည်။

တီဗက်ဇ်သည် အာဂျင်တီးနားအသင်းတွင် မက်ဆီနှင့်အတူ ကာလရှည် တွဲဖက်ကစားဖူးသူဖြစ်ပြီး စီရော်နယ်ဒိုနှင့်လည်း မန်ယူအသင်းတွင် နှစ်ရာသီကြာ တွဲဖက်ကစားခဲ့ဖူးသူဖြစ်သည်။

လက်ရှိတွင် တီဗက်ဇ်က ၎င်း၏ နှုတ်ဆက်ပွဲ အထိမ်းအမှတ်ဘောလုံးပွဲစဉ်တွင် အသင်းဖော်ဟောင်းများကို ပါဝင်ကစားပေးရန် စီစဉ်မှုများ လုပ်ဆောင်နေပြီး ပွဲစဉ်တွင်ပါဝင်ကစားမည့် ကစားသမားများကို အတည်ပြုထားခြင်း မရှိသေးသော်လည်း အာဂျင်တီးနားနိုင်ငံ ဒေသတွင်းသတင်းမီဒီယာများက မက်ဆီနှင့် စီရော်နယ်ဒိုတို့ အသင်းတစ်သင်းတည်းတွင် ပါဝင်ကစားနိုင်ခြေရှိနေသည်ဟု ဖော်ပြခဲ့ကြကြောင်း သိရသည်။

Ref : 433

Trs : STA

# အမေရိကန်နိုင်ငံ ဟာဝိုင်ရီကျွန်းစုတွင် ဟာရီကိန်းမုန်တိုင်း လိုဝဲလ် အားကောင်းလာသဖြင့် အရေးပေါ်အခြေအနေထုတ်ပြန်ထား



**ဝါရှင်တန် စက်တင်ဘာ ၅**

အမေရိကန်နိုင်ငံ ဟာဝိုင်ရီကျွန်းစုတွင် ဟာရီကိန်းမုန်တိုင်း လိုဝဲလ် အားကောင်းလာသဖြင့် အရေးပေါ်အခြေအနေ ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ဟာရီကိန်းမုန်တိုင်း လိုဝဲလ်သည် ကနဦး ဟာဝိုင်ရီကျွန်းစု၏ တောင်ဘက် မိုင်ရာနှင့်ချီအကွာတွင် တည်ရှိနေသော်လည်း ယနေ့တွင် ဟာဝိုင်ရီပြည်နယ် လီဟူးမြို့၏ တောင်ဘက် ၉၈၅ ကီလိုမီတာခန့်အကွာတွင်တည်ရှိကာ အလျင်အမြန် အားကောင်းလာကြောင်း၊ ထို့ကြောင့် မုန်တိုင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ယနေ့တွင် ပြည်နယ်အဆင့် အရေးပေါ်အခြေအနေ ကြေညာခဲ့ကြောင်း ဟာဝိုင်ရီပြည်နယ် အုပ်ချုပ်ရေးမှူး ဂျို့ရှ်ဂရင်းက ပြောကြားခဲ့သည်။

ဟာရီကိန်းမုန်တိုင်း လိုဝဲလ် တိုက်ခတ်စဉ် လေတိုက်နှုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၂၄၀ ခန့်ရှိကြောင်း၊ ဟာရီကိန်းမုန်တိုင်း လိုဝဲလ်ကို အင်အားအပြင်းထန်ဆုံး ဟာရီကိန်းအဖြစ် သတ်မှတ်ထားကြောင်း အမေရိကန် အမျိုးသား ဟာရီကိန်းစင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။

အမေရိကန်အမျိုးသားဟာရီကိန်းစင်တာ၏ နောက်ဆုံးခန့်မှန်းချက်များအရ ဟာဝိုင်ရီကျွန်းစု အနောက်ပိုင်းနှင့် ပိုမိုနီးကပ်လာချိန်၌ အားကောင်းသည့် ဟာရီကိန်းအဆင့်တွင် ဆက်လက်တည်ရှိနိုင်ပြီး လှိုင်းကြီးခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ ဖြစ်နိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# အယ်နီညိုရာသီဥတုရိုက်ခတ်မှုကြောင့် ပနားမားတူးမြောင်း ရေကျဆင်းလာသဖြင့် သင်္ဘောများဖြတ်သန်းသွားလာခွင့်ကို ကန့်သတ်မည်

**ပနားမားစီးတီး စက်တင်ဘာ ၅**

အယ်နီညိုရာသီဥတု ရိုက်ခတ်မှုကြောင့်ပနားမားနိုင်ငံရှိ ပနားမားတူးမြောင်းတွင် ရေကျဆင်းမှုများ ဖြစ်ပေါ်လာသည့်အတွက် သင်္ဘောများ ဖြတ်သန်းသွားလာခွင့်ကို ကန့်သတ် သွားမည်ဖြစ်ကြောင်း ပနားမား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

အယ်နီညိုရာသီဥတု ရိုက်ခတ်မှုကြောင့် ပနားမားတူးမြောင်းတွင် ရေကျဆင်းလာခဲ့ခြင်းဖြစ်ပြီး ပုံမှန် ဖြတ်သန်းသွားလာခွင့်ပြုထားသည့် သင်္ဘောအစီးရေ၏ ထက်ဝက်ခန့်သာ ဖြတ်သန်းသွားလာခွင့်ပြုသွားရန် စီစဉ်နေကြောင်း၊ သင်္ဘောအစီးရေ ကန့်သတ်မည့်အစီအစဉ်ကို စက်တင်ဘာလလယ်ပိုင်းတွင် စတင်သွားမည်ဖြစ်ပြီး ကန့်သတ်သွားမည့်ကာလမှာ အယ်နီညိုရာသီဥတုဖြစ်ပေါ်မှုနှုန်းပေါ် မူတည်နေကြောင်း ပနားမားတူးမြောင်းအာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပနားမားတူးမြောင်းမှာ ရေတွေ သိသိသာသာ ကျဆင်းလာပါတယ်။ ပနားမားတူးမြောင်းဟာ ကမ္ဘာ့ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှာ အရေးပါတဲ့ တူးမြောင်းဖြစ်ပါတယ်။ ဒါပေမဲ့လဲ အယ်နီညိုရာသီဥတု ရိုက်ခတ်မှုကြောင့် ရေတွေ သိသိသာသာ ကျဆင်းလာတယ်။ ရေကျဆင်းလာတဲ့အတွက် ပုံမှန်ဖြတ်သန်းခွင့်ပြုနေတဲ့ သင်္ဘောအစီးရေအတိုင်း ဖြတ်သန်းသွားလာခွင့်ပြုဖို့ ခက်ခဲနေပါတယ်။ ဒါကြောင့် ပုံမှန်ဖြတ်သန်း သွားလာခွင့်ပြုထားတဲ့ သင်္ဘောအစီးရေအောက် လျှော့ချသတ်မှတ်သွားမှာ ဖြစ်ပါတယ်" ဟု ပနားမားတူးမြောင်း အာဏာပိုင် အဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် မိုးရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန် စောင့်ကြည့်တိုင်းတာရေးစနစ်တပ်ဆင်မည်

**ဟန္နိုင်း စက်တင်ဘာ ၅**

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် မိုးရွာသွန်းမှုနှင့် ရေကြီးရေလျှံမှု အခြေအနေကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် စောင့်ကြည့် တိုင်းတာရေးစနစ်များကို တပ်ဆင်သွားမည်ဖြစ်ကြောင်း မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

စောင့်ကြည့်တိုင်းတာရေးစနစ်များ တပ်ဆင်ပြီးပါက မိုဘိုင်းဖုန်းများမှတစ်ဆင့် သတင်းအချက်အလက်များကို App မှတစ်ဆင့် ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ App ကိုလည်း iHanoiဟုအမည်ပေးထားပြီး နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုဖြစ်ပွားနေမှုကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံတစ်ဝန်း မိုးရွာသွန်းနေမှုနဲ့ ရေကြီးရေလျှံမှုတွေဖြစ်ပွားနေတာကို အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်ဖို့ စောင့်ကြည့်စနစ်ကို တပ်ဆင်သွားပါမယ်။ ကနဦးအနေနဲ့ ဟန္နိုင်းမြို့မှာ တပ်ဆင်သွားမှာဖြစ်ပြီး မိုဘိုင်းဖုန်းတွေမှာ iHanoi App ကိုတပ်ဆင်ပြီးတော့ မြေပြင်အခြေအနေမှန်ကို အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်မှာဖြစ်ပါတယ်။ အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်မယ်ဆိုရင် တာဝန်ရှိသူအပိုင်းကလဲ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နိုင်မှာဖြစ်ပြီး ပြည်သူတွေအနေနဲ့လဲ အချိန်မီဘေးလွတ်ရာ ရွှေ့ပြောင်းနိုင်မှာဖြစ်ပါတယ်။ ဒီလိုစောင့်ကြည့် တိုင်းတာရေးစနစ်တွေ တပ်ဆင်သွားမှာကလဲ နိုင်ငံတော်ရဲ့ သဘာဝဘေးအန္တရာယ် လျှော့ချရေးစီမံချက်ရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်ပါတယ်" ဟု ဗီယက်နမ် မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။



Ref : Sputnik News
Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံတွင် လောင်ကျွမ်းနေသည့်တောမီး နူဆန်တာရာမြို့သစ်အနီးသို့ ရောက်ရှိနေသဖြင့် အရေးပေါ်အခြေအနေသတ်မှတ်

**ဂျကာတာ စက်တင်ဘာ ၅**

အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီးသည် နူဆန်တာရာမြို့သစ်အနီးသို့ ရောက်ရှိနေသဖြင့် ယနေ့တွင် အရေးပေါ်အခြေအနေ သတ်မှတ်ထားကြောင်း အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ် လျှော့ချရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

တောမီး လောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၇၃၃၁၁ ဟက်တာထိ ပျက်စီးသွားခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် ထွက်ပေါ်လာသောမီးခိုးငွေ့များမှာ နူဆန်တာရာမြို့သစ်ကို ဖုံးလွှမ်းနေသည့်အတွက် တည်ဆောက်နေဆဲမြို့သစ်၏ တည်ဆောက်ရေးလုပ်ငန်းများ ယာယီရပ်ဆိုင်းထားရကြောင်း သိရသည်။

"တည်ဆောက်နေဆဲ မြို့သစ်ဖြစ်တဲ့ နူဆန်တာရာမြို့အနီးကို တောမီးကူးစက် လောင်ကျွမ်းနေပါတယ်။ တောမီးအန္တရာယ် အရေးပေါ်အဆင့် ရောက်ရှိနေပြီလဲဖြစ်ပါတယ်"ဟု အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ် လျှော့ချရေး အေဂျင်စီ၏ ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ ရီယန်တိုက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတွင် ဇူလိုင်လမှစတင်၍ ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြင့် ရင်ဆိုင်နေရပြီး တောမီးမကြာခဏ လောင်ကျွမ်းမှုဖြင့် ရင်ဆိုင်နေရကြောင်း၊ တောမီး လောင်ကျွမ်းမှုမှာ ရက်သတ္တပတ် နှစ်ပတ်ကျော်ကြာနေပြီဖြစ်ပြီး နူဆန်တာရာမြို့အနီးသို့ စက်တင်ဘာ ၂ ရက်မှစတင် ကူးစက်လောင်ကျွမ်းခဲ့ပြီး ယနေ့တွင် တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိလာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# တန်ဇန်းနီးယားနိုင်ငံ မြောက်ပိုင်းဒေသရှိ ကီလီမန်ဂျာရိုအမျိုးသားဥယျာဉ်၌ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့

**ဒါရပ်စ်ဆလမ် စက်တင်ဘာ ၅**

တန်ဇန်းနီးယားနိုင်ငံ မြောက်ပိုင်း ကီလီမန်ဂျာရိုတောင်တန်းဒေသရှိ ကီလီမန်ဂျာရို အမျိုးသားဥယျာဉ်၌ စက်တင်ဘာ ၄ ရက်က တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း ကီလီမန်ဂျာရို အမျိုးသားဥယျာဉ် အာဏာပိုင်အဖွဲ့ (TANAPA)က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

တန်ဇန်းနီးယား အရေးပေါ်မီးသတ်တပ်ဖွဲ့ဝင်များက မီးကို အမြန်ဆုံး ငြိမ်းသတ်နိုင်ခဲ့သဖြင့် ဒေသခံများနှင့် ခရီးသွားဧည့်သည်များ ထိခိုက်မှုမရှိကြောင်း၊ သို့သော် တောမီးကို ရာနှုန်းပြည့်ငြိမ်းသတ်နိုင်ခြင်းမရှိသေးကြောင်းသိရသည်။

လက်ရှိအချိန်ထိ တောမီး လောင်ကျွမ်းမှု ဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရသေးဘဲ အမျိုးသားဥယျာဉ် အာဏာပိုင်များက လုံခြုံရေးနှင့် ဥပဒေစိုးမိုးရေးအာဏာပိုင်များနှင့် ပူးပေါင်း၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း၊ တောမီးလောင်မှုဖြစ်ပွားနေသော်လည်း လူသူဝေးရာနေရာတွင် လောင်ကျွမ်းနေခြင်းဖြစ်သည့်အတွက် ကီလီမန်ဂျာရို အမျိုးသားဥယျာဉ်အတွင်း တောင်တက်ခြင်းအပါအဝင် ခရီးသွားလုပ်ငန်းများကို ပုံမှန်အတိုင်း ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

ယခုကဲ့သို့ လည်ပတ်ခွင့်ပေးခြင်းသည် ကီလီမန်ဂျာရိုအမျိုးသားဥယျာဉ်အတွင်းရှိ ခရီးသွားများဘေးအန္တရာယ် ကင်းရှင်းရေးနှင့် သဘာဝအရင်းအမြစ်များ၏ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိစေရေးကိုဦးစားပေးအဖြစ် ဆောင်ရွက်ထားခြင်းကြောင့်ဖြစ်ကြောင်း ကီလီမန်ဂျာရို အမျိုးသားဥယျာဉ် အာဏာပိုင်အဖွဲ့ (TANAPA) မှ တာဝန်ရှိသူတစ်ဦးက ပြောပြ၍ သိရသည်။

Ref : Sputnik News
Trs : KZ

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ခေတ်စားလာသော ကိုယ်အလေးချိန်လျှော့ချဆေးများ

မန္တလာဆရာမျိုး

**ဩဂုတ် ၃၀ ရက်မှအဆက်**

ထို့ပြင် ကိုယ်အလေးချိန်ကျဆေးမသုံးမီ ယခင်ကျန်းမာရေးရာဇဝင်၊ သောက်သုံးနေသော ဆေးဝါးများနှင့် အထူးသဖြင့် ကိုယ်ဝန်ရှိခြင်း သို့မဟုတ် ကိုယ်ဝန်ဆောင်ရန်စီစဉ်နေခြင်း စသည့်အခြေအနေများကို ဆရာဝန်ကို ပြောပြရန်လိုအပ်ပေသည်။ လူတစ်ဦးအတွက် သင့်တော်သောကိုယ်အလေးချိန်လျှော့ချဆေးသည် အခြားတစ်ဦးအတွက် မသင့်တော်နိုင်သဖြင့် သူငယ်ချင်းသုံးနေ သောဆေး၊ မိသားစုဝင်သုံးသောဆေးကို မျှဝေသုံးစွဲခြင်းမျိုး မပြုလုပ်သင့်ပေ။

နောက်ထပ် လူအများသတိမထားမိသော အချက်တစ်ခုမှာ ကိုယ်အလေးချိန်ကျတိုင်း အဆီချည်းသာကျသွားခြင်းမဟုတ်ပေ။ ကိုယ်အလေးချိန်လျင်မြန်စွာကျခြင်းနှင့်အတူ ခန္ဓာကိုယ်အဆီနှင့်အတူ ကြွက်သားထု(Muscle Mass)လည်း လျော့ကျနိုင်သည်။ အထူးသဖြင့် အသက်အရွယ်ကြီးသူများတွင် ကြွက်သားထုဆုံးရှုံးခြင်းသည် ကိုယ်ခန္ဓာအားနည်းလာခြင်း၊ လဲကျနိုင်ခြေမြင့်လာခြင်းနှင့် နေ့စဉ်လုပ်ငန်းများ လုပ်ဆောင်နိုင်စွမ်း ကျဆင်းခြင်းတို့ကို ဖြစ်စေနိုင်သည်။

ထို့ကြောင့် ကိုယ်အလေးချိန်လျှော့ချဆေးသုံးပြီး အစားလုံးဝမစားဘဲ အလေးချိန်အမြန်ချရန် ကြိုးစားခြင်းသည် မှန်ကန်သော နည်းလမ်းမဟုတ်ပေ။ အာဟာရပြည့်ဝသော အစားအစာကို သင့်တင့်စွာစားခြင်း၊ ပရိုတင်းဓာတ်လုံလောက်စွာရရှိစေခြင်း၊ ပုံမှန်လမ်းလျှောက်ခြင်းနှင့် ကြွက်သားအားကောင်းစေသော Resistance Exercise (ကြွက်သားအားလေ့ကျင့်ခန်း)များ ပြုလုပ်ခြင်းတို့က ကြွက်သားဆုံးရှုံးမှုကို လျော့နည်းစေရန် အရေးကြီးသည်။

ထို့အတူ ဆေးထိုးနေလျှင် ပိန်မည်။ ပိန်သွားပြီဆိုလျှင် ဆေးရပ်လိုက်မည်ဟူ၍လည်း မယူဆသင့်ပေ။ အဝလွန်ခြင်းသည် ရေရှည်ဖြစ်ပေါ်တတ်သော ကျန်းမာရေးပြဿနာဖြစ်သဖြင့် ဆေးရပ်ပြီးနောက် အစာစားချင်စိတ် ပြန်တိုးလာခြင်းနှင့် ကိုယ်အလေးချိန် ပြန်တက်လာခြင်းတို့ ဖြစ်နိုင်သည်။ ထို့ကြောင့် ကိုယ်အလေးချိန်လျှော့ချဆေးသည် နေထိုင်မှုပုံစံပြောင်းလဲခြင်းကို အစားထိုးပေးသည့် အရာမဟုတ်ဘဲ ကျန်းမာသောအစားအသောက်၊ လေ့ကျင့်ခန်း၊ အိပ်ရေးဝဝအိပ်ခြင်းနှင့် စိတ်ဖိစီးမှုထိန်းချုပ်ခြင်းတို့နှင့် တွဲဖက်အသုံးပြုရမည့် ကုသမှုအစိတ်အပိုင်းတစ်ခုသာဖြစ်သည်။




ယနေ့ခေတ်တွင် အွန်လိုင်းမှတစ်ဆင့် ကိုယ်အလေးချိန်လျှော့ချဆေးများ ရောင်းချခြင်းလည်း များပြားလာသည်။ ဆရာဝန်နှင့် မတွေ့ရ၊ ဆေးညွှန်းမလို၊ အိမ်အရောက်ပို့ပေးမည်၊ ရက်ပိုင်းအတွင်း သိသိသာသာပိန်မည် စသည့်ကြော်ငြာများသည် ဆွဲဆောင်မှုရှိနိုင်သော်လည်း အန္တရာယ်ရှိသည်။ အမည်မသိဆေးများ၊ အတုအပဆေးများ၊ ပါဝင်ပစ္စည်းနှင့် ဆေးပမာဏ မမှန်ကန်သော ထုတ်ကုန်များ ဖြစ်နိုင်သည့်အတွက် ယုံကြည်စိတ်ချရသော ဆေးဝါးရရှိရာလမ်းကြောင်းနှင့် ကျန်းမာရေးပညာရှင်၏ ကြီးကြပ်မှုသည် အရေးကြီးသည်။

ကိုယ်အလေးချိန်လျှော့ချဆေးများနှင့်ပတ်သက်၍ လူထုအနေဖြင့် အစွန်းနှစ်ဖက်လုံးကို ရှောင်ရှားသင့်သည်။ တစ်ဖက်တွင် "အံ့ဖွယ်ပိန်ဆေး၊ ထိုးလိုက်ရုံနဲ့ ဝိတ်ကျမည်"ဟု ယုံကြည်ပြီး မိမိသဘောဖြင့် သုံးစွဲခြင်း မပြုသင့်သကဲ့သို့ အခြားတစ်ဖက်တွင် Social Media ပေါ်မှ ကြောက်စရာခေါင်းစဉ်များကိုသာကြည့်ပြီး "ဒီဆေးတွေက လူသေစေတယ်၊ ဘယ်သူမှ မသုံးသင့်ဘူး"ဟုလည်း အလွယ်တကူ ကောက်ချက်မချသင့်ပေ။

ခေတ်သစ်ကိုယ်အလေးချိန် လျှော့ချဆေးများသည် သင့်တော်သောလူနာကို မှန်ကန်စွာရွေးချယ်၍ ဆရာဝန်၏ ကြီးကြပ်မှုအောက်တွင် အသုံးပြုပါက အဝလွန်ခြင်းကုသရေးအတွက် အရေးပါသော ရွေးချယ်ကုသမှုစရာတစ်ခု ဖြစ်လာနိုင်သည်။ သို့သော် ဆေးတိုင်းသည် ဘေးထွက်ဆိုးကျိုးနှင့် အန္တရာယ်များရှိနိုင်သဖြင့် အကျိုးကျေးဇူးနှင့် အန္တရာယ်ကို လူတစ်ဦးချင်းစီအလိုက် ချိန်ဆရန်လိုသည်။

အထူးသဖြင့် ကိုယ်အလေးချိန်လျှော့ချဆေးသုံးနေစဉ် ပြင်းထန်သော ဝမ်းဗိုက်နာကျင်ခြင်း၊ အဆက်မပြတ်အန်ခြင်း၊ ရေမသောက်နိုင်ခြင်း၊ ဆီးသွားနည်းလာခြင်း၊ မူးလဲခြင်း၊ မျက်လုံးနှင့် အရေပြားဝါလာခြင်း သို့မဟုတ် ယခင်ကမရှိဖူးသော ပြင်းထန်သည့် လက္ခဏာတစ်ခုခုဖြစ်ခြင်း စသည့် အခြေအနေများလာပါက ဆေးထိုးထားလို့ဖြစ်တာပဲ၊ နောက်တော့ကောင်းသွားမှာပါဟု ယူဆကာ ဆေးကုသမှုမခံယူဘဲ မနေသင့်ပေ။

နောက်ဆုံးတွင် လူအများ မှတ်သားထားသင့်သည့်အချက်မှာ အဝလွန်ခြင်းကုသမှု၏ရည်ရွယ်ချက်သည် ခန္ဓာကိုယ်ကို ပိန်အောင်လုပ်ရန်တစ်ခုတည်းမဟုတ်ဘဲ ကျန်းမာရေးပိုမိုကောင်းမွန်လာစေရန်ဖြစ်သည်။ ကိုယ်အလေးချိန်အနည်းငယ်သာ ကျသွားသော်လည်း သွေးတွင်းသကြားဓာတ်၊ သွေးပေါင်ချိန်၊ သွေးတွင်းအဆီဓာတ်၊ အသည်းအဆီဖုံးခြင်းနှင့် နေ့စဉ်လှုပ်ရှားနိုင်စွမ်းတို့ တိုးတက်လာပါက အရေးကြီးသော ကျန်းမာရေးအကျိုးကျေးဇူးတစ်ခုဖြစ်သည်။

ထို့ကြောင့် ကိုယ်အလေးချိန်လျှော့ချဆေးများကို ကြောက်စရာဆေးအဖြစ်လည်း မမြင်သင့်၊ အံ့ဖွယ်ပိန်ဆေးအဖြစ်လည်း မမြင်သင့်ပေ။ သင့်တော်သောလူကို၊ သင့်တော်သောအချိန်တွင်၊ သင့်တော်သောနည်းလမ်းဖြင့်၊ ကျန်းမာရေးပညာရှင်၏ ကြီးကြပ်မှုအောက်တွင် အသုံးပြုရမည့် ဆေးဝါးတစ်မျိုးအဖြစ်သာ နားလည်ထားသင့်သည်။

ကိုယ်အလေးချိန်ကျစေရန်အတွက် ကောင်းမွန်နေပြီးသား မိမိ၏ကျန်းမာရေးကို မစွန့်စားသင့်ပေ။ ကိုယ်အလေးချိန်ကျသွားခြင်းတွင် ကျန်းမာစွာ ကိုယ်အလေးချိန် ကျသွားခြင်းက ပို၍အရေးကြီးပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၂၈၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ် ၁၂၈၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ် ၁၂၈၅ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ငရုတ်စိုက်ပျိုးခြင်းကို နိုဝင်ဘာလမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ငရုတ် ၁၂၈၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ငရုတ်စိုက်ပျိုးတာနဲ့ပတ်သက်ပြီး စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့သီးနှံတွေ ထွက်ရှိဖို့၊ ပိုးမွှားရောဂါ ကင်းရှင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ငရုတ်စိုက်တောင်သူများ အထွက်နှုန်းကောင်းသော ငရုတ်မျိုးများ စိုက်ပျိုးနိုင်ရေး၊ တစ်ဧက အထွက်နှုန်းတိုးတက်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ငရုတ်သီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငရုတ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ညောင်ရွှေမြို့နယ် ကျေးပေါ်ခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ စက်တင်ဘာ ၅**


ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးပေါ်ခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးပေါ်ခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၇၆ ဒသမ ၂ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ကျေးပေါ်ခုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၉၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၄ ဦးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၂ ဦးကို ရန်ပုံငွေကျပ် ၇၆ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# Vietnamese President Mr. To Lam and spouse welcome President U Min Aung Hlaing and spouse Daw Kyu Kyu Hla, holds bilateral meeting



President U Min Aung Hlaing holds a bilateral meeting with Vietnamese President Mr. To Lam.

**Nay Pyi Taw September 5**

President of the Republic of the Union of Myanmar U Min Aung Hlaing and spouse Daw Kyu Kyu Hla on their officials visit to the Socialist Republic of Viet Nam were welcomed by President of SRV Mr. To Lam and spouse at the square in front of the National Assembly Building with the Guard of Honour this morning and then held a meeting.

**Honouring and welcoming**

President U Min Aung Hlaing and his spouse, Daw Kyu Kyu Hla, were warmly welcomed by Vietnamese President Mr. To Lam and his spouse.

Afterwards, the two Presidents took their positions on the saluting dais and received the salute of the Guard of Honour, which paid tribute with the national anthems of the two countries. The two Presidents then jointly inspected the Guard of Honour.

Afterwards, the two Presidents and their spouses introduced their respective senior officials from the two countries to each other, after which the Guard of Honour saluted the two Presidents and departed.

The two Presidents and their spouses then proceeded to the National Assembly Hall, where the bilateral meeting was to be held, and posed for a documentary photo.

**Holding the bilateral meeting**

The two Presidents held the bilateral meeting with the attendance of officials from both countries.

At the meeting, the Vietnamese President said that he was proud and delighted to have the opportunity to meet the President of Myanmar again after having met him at the ceremony marking the 80th anniversary of the Victory in the Great Patriotic War held in Moscow, the Russian Federation. He warmly welcomed the high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing and his spouse.

He stated that **he is proud and delighted that Myanmar has successfully held a general election and formed a new elected government. They are also proud of the significant outcomes achieved by the Government and people of Myanmar under the leadership of Your Excellency the President in promoting stability and peace, improving socioeconomic conditions, strengthening the administrative mechanism, and enhancing and consolidating relations with the international community and the region.** Myanmar and Viet Nam share close friendship and good historical relations that have been nurtured by the leaders and peoples of the two countries over successive generations. Furthermore, the two countries established a Comprehensive Cooperative Partnership in 2017. As neighbouring countries in mainland South-East Asia and members of ASEAN, Myanmar and Viet Nam share many similarities. They are also closely connected by similarities in their traditional cultures, customs and histories, particularly their shared experiences in the struggle for independence, making the two countries very close and familiar with each other.

He also said that Myanmar Prime Minister U Nu visited Viet Nam in 1954, while President Ho Chi Minh of Viet Nam visited Myanmar in February 1958, laying the foundations for friendship between the two countries. **Your Excellency the President's current visit is one that will further strengthen the friendship, comprehensive cooperation and partnership between the two countries and will help produce many practical outcomes for further deepening, consolidating and advancing Viet Nam-Myanmar relations in the years ahead.**

In response, the President of Myanmar expressed his pride and delight that Your Excellency was serving as the General Secretary of the Central Committee of the Communist Party of Viet Nam and as the President of the State.

He said that he wished to extend his pride and congratulations to Your Excellency and the people of Viet Nam on the occasion of the 81st Anniversary of the National Day of Viet Nam, which fell on 2 September. The President expressed **his profound respect for the efforts of the Vietnamese people in their struggle for independence and national reunification, as well as their continuous endeavours to build and develop the country.**

He said that he had visited Viet Nam three times previously and that this visit was his fourth, as well as his first visit to Viet Nam since being elected President of the Republic of the Union of Myanmar. He said that on every occasion he visited Viet Nam, he had been impressed by the country's beauty and its rapid pace of development.

He continued that the diplomatic relations between the two countries have reached their 50th anniversary, marking the golden jubilee, and it is gratifying to note that the two countries have been able to cooperate amicably across a wide range of fields and sectors throughout this long period of diplomatic relations. Since the time of national leaders such as President Ho Chi Minh of Viet Nam, former Myanmar Prime Minister U Nu and former President U Ne Win, the two countries have been good friends with close and cordial ties akin to those between brothers. President Ho Chi Minh's visit was an important milestone in the history of relations between the two countries. During that visit, Yangon University conferred an honorary Doctor of Laws degree on President Ho Chi Minh.

He said that the Comprehensive Cooperative Partnership established between the two countries in 2017 would mark its 10th anniversary in 2027. He stated that they would work together to commemorate this milestone, further elevate and strengthen bilateral relations to a higher level, and formulate a practical cooperation plan for the next decade.

He stated that he fully understood how both nations share similar histories of struggling for independence and overcoming numerous hardships. **He expressed his respect and pride for successive generations of Vietnamese leaders for building a comprehensively developed nation today despite enduring decades of war and sanctions**. He also noted that cooperation between the two armed forces plays a vital role in further strengthening the existing friendly ties and good relations between the two countries.

He expressed the desire to enhance government-to-government, parliament-to-parliament, political party-to-political party, and people-to-people relations. A 10-member Myanmar-Vietnam Parliamentary Friendship Association was recently formed in the Amyotha Hluttaw. He believed that promoting communication and mutual study visits among such friendship associations would foster a deeper understanding of the sentiments, needs, and development of the peoples of both nations. He also encouraged greater interaction among parliamentarians, particularly among youth and women lawmakers.

**At present, the parliament and government emerging from a free and fair general election are carrying out their duties in Myanmar, with the government pursuing two priority objectives: achieving national peace and stability, and driving state development.**

Based on its historical experiences, Myanmar is striving to build a Union grounded in democracy and federalism tailored to its own conditions. He noted that the country once practiced a socialist system and transitioned to a multiparty democratic system in 1988 at the people's demand. He reaffirmed his commitment to firmly upholding and safeguarding the multiparty democratic system desired by the people.

As Vietnam is one of ASEAN's top performers in economic development, Myanmar wishes to enhance bilateral cooperation across various sectors, including trade and investment. **Myanmar is strategically located as a bridge connecting South Asia,**

*See Page 14*

# President of the Republic of the Union of Myanmar U Min Aung Hlaing holds talks with Prime Minister of Socialist Republic of Vietnam Mr. Lê Minh Hung



**President U Min Aung Hlaing holds a meeting with Prime Minister of Socialist Republic of Vietnam Mr. Lê Minh Hung.**

**Nay Pyi Taw September 5**

President of the Republic of the Union of Myanmar U Min Aung Hlaing, who is currently in the Socialist Republic of Vietnam, held a meeting with Prime Minister of SRV Mr. Lê Minh Hung at the Grand Hall of the Government Office in Hanoi this afternoon.

On arrival at the Government Office of Vietnam, President U Min Aung Hlaing was warmly welcomed by the Vietnamese Prime Minister, followed by a photo session.

The meeting commenced. Also present together with the President were members of Myanmar delegation, the Myanmar Ambassador to Thailand, and officials. The Vietnamese Prime Minister was accompanied by senior officials of Vietnam.

During the talks, Vietnamese Prime Minister said the current visit will continue to deepen bilateral trust and mutual cooperation in multi-sectors between the two countries and will upgrade Myanmar-Vietnam relations and common interest to a higher level. Vietnam understands and has sympathy over the hardships Myanmar is facing, while supporting its endeavours for internal peace and stability, and for national economic development, improving the people's social lives, and promoting international and regional relations. Vietnam always pay attention to developing multi-sectorial cooperation and partnership with Myanmar. The Prime Minister thanked Myanmar for mutual support given to each other during the Covid-19 pandemic and the encouragement and assistance to enable Vietnamese businesses to invest and run in Myanmar. He noted that currently, developments in cooperation and relations between the two countries are visible. He said, "Your Excellency, Mr. President, I believe that your current visit will further strengthen friendship and cooperation between the two countries."

In his discussions, the President said, "I extend my heartfelt congratulations to you, Your Excellency, on your election and appointment as Prime Minister at the 16th National Assembly." He said historically, the two countries have enjoyed friendly relations, with leaders of both countries exchanging visits throughout the past successive years to maintain friendship and trust.

The relations between the two countries are developing with greater momentum, alongside the current government's endeavours for upgrading bilateral diplomatic relations, exchanging high-level visits and resuming the stalled mechanism between the countries including the joint commission for bilateral cooperation. The present visit will mark the opening of a new chapter in Myanmar-Vietnam relations. The President expressed his pleasure at the cordial discussions with the Vietnamese Prime Minister, during which they discussed issues regarding relations and cooperation between the two countries. Now is a time when Vietnam and Myanmar are adopting and implementing curial policies on political and economic issues. So. it is the best time to open a new chapter and identify opportunities for mutually beneficial cooperation between the two.

Since assuming office, the government has been pursuing two primary objectives: ensuring national stability and promoting the country's development. In line with these goals, efforts have been focused on key sectors including infrastructure development, agriculture and livestock, transportation, road and bridge upgrading, communications, education, health and rural area development. The government is also reviewing procedures to facilitate both domestic and foreign investments, aiming to simplify regulations and accelerate business operations efficiently and swiftly. The government expressed pride in Vietnam's rapid economic growth following nearly four decades of implementing its (Doi Moi) economic renovation policy and expressed a desire to learn from Vietnam's reform experiences.

The exchange of views on mutually beneficial matters was welcomed, and it was noted that the meeting provided an opportunity for open and friendly discussions. Both sides expressed hope that the outcomes of today's talks would be effectively implemented and that the momentum of bilateral cooperation and friendship would be further strengthened in the future.

Subsequently, the President and the Prime Minister of Vietnam held cordial discussions on various issues, including Myanmar's ongoing transition, prospects for enhancing bilateral relations, government-to-government and parliamentary cooperation, and people-to-people exchanges. Areas of cooperation discussed included defence and security, economy, trade and investment, agriculture and livestock, education and health, social affairs and women's issues, culture, tourism, public engagement, and communications technology. Myanmar reaffirmed its commitment to maintaining balanced and neutral international relations and pledged to continue cooperating with regional partner countries, including Vietnam, across political, economic, and social sectors. The discussions were conducted in a friendly and constructive manner.

Following the talks, the President and the Prime Minister of Vietnam cordially greeted those in attendance.

Afterwards, the President departed from the government office in Hanoi and the Prime Minister of Vietnam saw him off warmly.

MNA

# Vice President U Nyo Saw returns to Yangon after attending the 11th Eastern Economic Forum in Vladivostok

**Nay Pyi Taw September 5**

Vice President U Nyo Saw attended the 11th Eastern Economic Forum held in Vladivostok, Russian Federation, before departing by air at 6 am local time on September 5 and returning to Yangon in the evening.

Union Minister for Health Dr. Thet Khaing Win, the Commander of Yangon Regional Command, Yangon Mayor, regional ministers, and officials from the Embassy of the Russian Federation in Myanmar welcomed the Vice President at Yangon International Airport.


Union Minister for Electricity and Energy U Ko Ko Lwin and deputy ministers who accompanied Vice President U Nyo Saw as members of the delegation also returned to Yangon with him.

MNA

**Officials welcome Vice President U Nyo Saw upon his return to Yangon after attending the 11th Eastern Economic Forum in Vladivostok.**



# President of Myanmar U Min Aung Hlaing holds talks with Chairman of the National Assembly of Vietnam Mr. Trần Thanh Mẫn



**President U Min Aung Hlaing shakes hands with Chairman of the National Assembly of Vietnam Mr. Trần Thanh Mẫn.**

**Nay Pyi Taw September 5**

President of the Republic of the Union of Myanmar U Min Aung Hlaing, currently on an official visit to the Socialist Republic of Viet Nam at the invitation of Vietnamese President Mr. To Lam and spouse, held a meeting with Chairman of the National Assembly of Vietnam Mr. Trần Thanh Mẫn at the meeting hall of the National Assembly of Vietnam this morning.

First, President U Min Aung Hlaing was warmly welcomed by Chairman of the National Assembly Mr. Trần Thanh Mẫn and officials. Afterwards, the President and Chairman of the National Assembly of Viet Nam posed for a documentary photo.

The meeting was then held with members of the Myanmar high-level delegation accompanying the President on his visit, the Ambassador of Myanmar to Thailand and officials in attendance. Senior officials from the National Assembly also attended together with the Chairman of the National Assembly.

The Chairman of the National Assembly warmly welcomed the high-level Myanmar officials led by President of the Republic of the Union of Myanmar U Min Aung Hlaing. He expressed his pride and delight at the successful holding of the multiparty democratic general election in Myanmar and the formation of a new government. He also expressed his great pride in the positive outcomes achieved under the leadership of the President in maintaining national stability and peace, promoting the socioeconomic development of the people, including in international relations, and making multifaceted efforts for national development. The President's current visit would serve as a new impetus for deepening cooperation between Viet Nam and Myanmar. **Viet Nam respected and valued Myanmar's sovereignty, territorial integrity and right to make independent decisions, and that the President could regard Viet Nam as a trustworthy and reliable friend**. He further expressed his belief that the Viet Nam-Myanmar Comprehensive Cooperative Partnership would continue to develop, bring practical benefits to the peoples of the two countries, and make positive contributions to peace, stability and cooperation in the region.

The President of Myanmar, in response, said that he was particularly pleased to have the opportunity to meet Your Excellency, the Chairman of the National Assembly of Viet Nam, which constituted an important pillar of the country's legislative system, and expressed his pride and delight at Your Excellency's re-election as Chairman of the National Assembly.

He expressed his sincere appreciation to Viet Nam for sending a representative to attend his swearing-in ceremony as President in April 2026. He expressed his belief that the discussions would provide an opportunity for frank and cordial exchanges on ways to further promote friendship, mutual understanding and trust, and cooperation between the parliaments, which constitute the legislative pillars of the two countries. He noted that the two countries had maintained strong relations and robust cooperation not only between their respective governments, armed forces, political parties and peoples, but also across various sectors. He expressed his pleasure and pride that Viet Nam had established diplomatic relations with all United Nations member states and had developed comprehensive strategic partnership relations with all five permanent members of the United Nations Security Council. He also expressed his appreciation for Viet Nam's support for and solidarity with Myanmar at the international and ASEAN levels.

The President said that the mutual trust between Viet Nam and Myanmar and the close contacts between senior officials of the two countries had contributed to further strengthening relations and cooperation between the two countries and between their respective armed forces. He stated that Myanmar regarded parliamentary relations with Viet Nam as an important political pillar of bilateral relations and that cooperation between the political parties and between the parliaments would contribute to further enhancing the existing relations between the two countries. He also expressed his desire to encourage the implementation of reciprocal visits between the Speakers of the two parliaments.

He stated that, with a new government elected by the people now in place in Myanmar and the parliaments having resumed their functions, he wished the National Assembly of Viet Nam to share its experiences in legislation and parliamentary oversight. He stated that Myanmar was currently developing a region-based federal system suited to the country in order to consolidate its path towards building a democratic nation, and expressed his desire for the National Assembly of Viet Nam to provide as much support and assistance as possible. He further said that the two parliaments could continue to work closely together to provide mutual support at regional and international parliamentary landscapes and to further promote cooperation among ASEAN parliaments. He added that the new government would practically implement positive reforms to strengthen the multiparty democratic system in Myanmar and promote national development. He also pledged that Myanmar would further strengthen its existing bonds of friendship and cordial relations with neighbouring and partner countries while continuing to advance regional interests in a balanced manner.

Afterwards, the President of Myanmar and the Chairman of the National Assembly of Viet Nam exchanged views on the enhancement of cooperation between the two countries, and the promotion of cooperation between the two parliaments.

The President and the Chairman of the National Assembly of Viet Nam posed for documentary photos and cordially greeted the attendees.

The President then toured the National Assembly building. Upon his departure, Chairman of the National Assembly of Viet Nam warmly accompanied him and saw him off.

MNA

# AU welcomes UN's adoption of maps that show accurate size of Africa

**Addis Ababa September 5**

The Chairperson of the African Union (AU) Commission, Mahmoud Ali Youssouf, has welcomed the United Nations General Assembly resolution that encourages the use of the Equal Earth cartographic projection in maps worldwide to replace the Mercator projection widely used so far, which distorts the sizes of continental landmasses.

In a statement issued on Friday, Youssouf commended the leadership of the Republic of Togo, which championed this initiative on behalf of Africa and helped mobilize broad support within the international community. He also congratulated members of the AU for their unity and collective mobilization in support of this initiative.

The AU said the adoption of this resolution marks an important step forward. Designed in the 16th century primarily for navigation, the Mercator projection does not accurately reflect the relative surface areas of different regions of the world and significantly understates the true size of the African continent.

Beyond cartography, this initiative underscores the importance of representing Africa on the basis of objective and scientifically established realities. In this regard, the chairperson encourages international institutions, educational systems, publishers and digital platforms to progressively promote the use of cartographic representations that more accurately reflect actual land areas, according to the statement.

The AU Commission will continue to work with Togo, member states and relevant partners to support efforts towards the implementation of this initiative. Africa must be represented as it truly is, in its true dimensions and in its rightful place in the world, the statement added.

Xinhua

# High-level Myanmar delegation led by President of Republic of Union of Myanmar U Min Aung Hlaing and spouse Daw Kyu Kyu Hla lays condolence wreaths at Monument to National Heroes and Martyrs, Ho Chi Minh Mausoleum in Hanoi



**President U Min Aung Hlaing lays a wreath at the Monument to National Heroes and Martyrs.**

**Nay Pyi Taw September 5**

A high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing and spouse Daw Kyu Kyu Hla, visiting the Socialist Republic of Vietnam at the invitation of President of the SRV Mr. To Lam and wife, laid condolence wreaths at the Monument to National Heroes and Martyrs and the Ho Chi Minh Mausoleum in Hanoi this morning.

Monument to National Heroes and Martyrs

First, the high-level delegation led by the President and first lady arrived at the Monument to National Heroes and Marty's was warmly welcomed by the director of the monument management board of the monument and senior officials of Vietnam. Then, the delegation led by the President and the first lady assumed the position of attention to lay a condolence wreath.

Then, two personnel from the Vietnam People's Army carried and positioned a wreath and the President and delegation paid tribute to the heroes and martyrs to tribute music played by a military band.

Afterward, the President and first lady cordially greeted the director and the senior officials from Vietnam and proceeded to the Ho Chi Minh Mausoleum, where they were warmly welcomed on arrival and conducted to the mausoleum by the head of the management board of the mausoleum and senior officials of Vietnam.

Then, two personnel from Vietnam People's Army carried and positioned a wreath and the President and delegation paid tribute to late President Ho Chi Minh to the tribute music played by a military band.

Afterward, the President and first lady left the mausoleum while the head of the management board and senior officials were bidding farewell to them. MNA

---

*From Page 11*

Southeast Asia, and East Asia. He noted that Vietnam, Laos, and Myanmar could collaborate to leverage the Asian Highway Network and the East-West Economic Corridor effectively to strengthen stable and secure connectivity. He specifically highlighted the desire to boost practical cooperation **among the three nations in transport connectivity, cross-border trade, and logistics to bolster the Myanmar–Thailand–Laos–Vietnam East-West Economic Corridor. Upgrading routes such as Myanmar–Laos–Vietnam and Myanmar–Thailand–Laos–Vietnam to connect with Myanmar would yield immense benefits for regional trade and socio-economic development.** He also mentioned that the India–Myanmar–Thailand Trilateral Highway project is underway; connecting to this corridor would allow Vietnam to access India, South Asia, and western markets via Laos and Myanmar, while enabling Myanmar to easily access East Asian markets via Laos and Vietnam.

In international relations, Myanmar will build balanced, equitable relations in line with an independent, active, and non-aligned foreign policy. Myanmar will continue full and equal cooperation within regional organizations such as BIMSTEC, GMS, CLMV, and ACMECS. He affirmed his confidence that traditional friendship and comprehensive, multifaceted cooperation between Myanmar and Vietnam will advance to a new level.

In response, the President of Vietnam remarked that the comprehensive discussions on enhancing existing bilateral friendship and exploring future cooperative potential for the mutual benefit of both countries and the region demonstrated the Myanmar leader's foresight. The President stated that Vietnam will conduct assessments and pursue cooperation regarding the strengthening of the Myanmar–Thailand–Laos–Vietnam East-West Economic Corridor and the India–Myanmar–Laos–Vietnam connectivity routes. He noted that Vietnam's accomplishments over the past 40 years are the fruit of continuous reforms, and that Vietnam stands ready to step into a new chapter of comprehensive, solid, and practical cooperation with Myanmar. He expressed the desire **to advance cooperation across multiple sectors: enhancing political trust and mutual understanding; defense and security; trade, investment, and economy; telecommunications, information, and digital technology; social affairs, culture, education, and tourism; and reciprocal support and alignment in regional and multilateral forums.** He expressed honor and pleasure over the visit of the high-level Myanmar delegation led by President U Min Aung Hlaing and his wife Daw Kyu Kyu Hla, expressing firm conviction that the fruitful discussions will practically advance the Vietnam–Myanmar Comprehensive Cooperation Partnership. He extended best wishes for the rapid attainment of development and prosperity for Myanmar and its people under the leader's stewardship.

Following the formal statements, the two Presidents engaged in an amicable exchange of views on Myanmar's political developments; economic, trade, and investment matters; agriculture and livestock; the industrial sector; renewable energy; education, healthcare, and human resource development; telecommunications, digital technology, and innovation; social and women's affairs; culture and people-to-people exchanges; tourism and aviation connectivity; combating online fraud and gambling; regional and international cooperation; and prospects for advancing existing friendly bilateral relations and partnerships.

Following the meeting, both leaders cordially greeted attending officials from both sides.

MNA

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# President of the Socialist Republic of Vietnam Mr. To Lam and wife host state banquet for President of the Republic of the Union of Myanmar U Min Aung Hlaing and spouse Daw Kyu Kyu Hla



President U Min Aung Hlaing extends greetings at the state banquet.

**Nay Pyi Taw September 5**

At the invitation of President of the Socialist Republic of Vietnam Mr. To Lam and wife, President of the Republic of the Union of Myanmar U Min Aung Hlaing and spouse Daw Kyu Kyu Hla, currently in the Socialist Republic of Vietnam, were hosted at a state banquet by President of the Socialist Republic of Vietnam Mr. To Lam and wife at the Presidential Palace (Tonkin Palace) in Vietnam.

The state banquet was attended by high-ranking delegation members accompanying the President and his wife, the Vietnamese Ambassador to Myanmar, the Myanmar Military Attaché (Army, Navy, and Air), officials, and senior officials and dignitaries from the Vietnamese government.

Upon their arrival at the venue, the President and his wife were warmly welcomed by the President of the Socialist Republic of Vietnam and his wife, and they posed a commemorative photograph together.

The state banquet ceremony then commenced, during which the President of the Socialist Republic of Vietnam and the President delivered greeting remarks.

Subsequently, the SRV President and his wife, alongside the Myanma President and his wife, enjoyed the state banquet together with the attendees.

During the state banquet, Vietnamese cultural troupes presented ceremonial performances featuring songs and dances representing both nations.

Following the dinner, the President and his wife, alongside the President of the Socialist Republic of Vietnam and his wife, warmly greeted the performing cultural troupes and had a joint commemorative photograph.

Afterwards, as the President and his wife departed the banquet, the President of the Socialist Republic of Vietnam and his wife warmly saw them off.

MNA

# Myanmar First Lady Daw Kyu Kyu Hla visits Van Phuc Silk Village in Vietnam

**Nay Pyi Taw September 5**

First Lady Daw Kyu Kyu Hla, who is accompanying President U Min Aung Hlaing on his state-level goodwill visit to the Socialist Republic of Vietnam, visited Van Phuc Silk Village on the morning of September 5.

Upon her arrival at Van Phuc Silk Village, First Lady Daw Kyu Kyu Hla was warmly welcomed by Madam Ngô Phương Ly, wife of the President of the Socialist Republic of Vietnam, and officials from the village.

First Lady Daw Kyu Kyu Hla then toured the silk village, where Madam Ngô Phương Ly and village officials explained the traditional Vietnamese silk-weaving processes and related activities.

She and Madam Ngô Phương Ly also viewed the silk products displayed at the village.

Van Phuc Silk Village is one of Vietnam's best-known traditional silk-weaving villages, with a silk-weaving heritage dating back more than 1,000 years. It is recognized as an important cultural heritage site associated with Vietnam's traditional weaving industry. Visitors can learn about the various stages of silk production, from silkworm cultivation and silk thread production to thread preparation, weaving on traditional looms, dyeing and the production of finished silk products. They can also learn how traditional artisans have preserved and passed down their weaving skills through generations and how the craft has been developed in connection with tourism. The village is also regarded as an important cultural heritage destination for learning about the history of Vietnam's silk industry and the preservation of traditional craftsmanship.

Madam Ngô Phương Ly later hosted First Lady Daw Kyu Kyu Hla to a traditional Vietnamese tea reception. First Lady Daw Kyu Kyu Hla and Van Phuc Silk Village officials then exchanged gifts and posed for a group photo with members of their respective delegations.

Afterwards, the delegation led by First Lady Daw Kyu Kyu Hla departed Van Phuc Silk Village, where Madam Ngô Phương Ly and village officials saw them off.

MNA



Myanmar First Lady Daw Kyu Kyu Hla observes traditional Vietnamese silk-weaving at Van Phuc Silk Village in Vietnam.

# Philippine VP Sara Duterte posts bail over threat remarks arrest order

**Manila September 5**

Philippine Vice President Sara Duterte on Saturday posted bail of 360,000 pesos (about 5,760 U.S. dollars) for her grave threats case, according to local media reports.

The Quezon City Regional Trial Court in Metro Manila lifted the arrest warrant on Saturday against the vice president.

The Quezon City court Friday ordered her arrest on three counts of grave threats over remarks. During an online press briefing in November 2024, Sara said she had spoken to someone who would kill President Ferdinand Marcos, his wife Liza Araneta-Marcos, and former House Speaker Martin Romualdez if she herself were killed.

Sara said that she made the remarks because of security concerns and they had been "maliciously taken out of logical context."

Sara's lawyers said in a statement on Friday that the vice president has no intention of evading the law and will continue to exercise all her legal remedies.

Xinhua

# ဗီယက်နမ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအပါအဝင် အဆွေတော်တို့နှင့် ဘက်ပေါင်းစုံမှ အပြန်အလှန်လက်တွဲပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားလို . . .

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်**

ရှေ့ဖုံးမှအဆက်

## ဂုဏ်ပြုကြိုဆို

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာတိုလန်းနှင့်ဇနီးတို့က လှိုက်လှဲနွေးထွေးစွာကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှစ်ဦးသည် အလေးပြုခံစင်မြင့်ထက်တွင် တက်ရောက်နေရာယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံနိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြုအလေးပြုခြင်းကိုခံယူကြကာ ဂုဏ်ပြုတပ်ဖွဲ့ကို ယှဉ်တွဲလမ်းလျှောက်စစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှစ်ဦးနှင့်ဇနီးတို့သည် တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ ကိုယ်စားလှယ်အရာရှိကြီးများကို အပြန်အလှန်မိတ်ဆက်ပေးကြပြီး နိုင်ငံတော်သမ္မတနှစ်ဦးကို ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုထွက်ခွာကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှစ်ဦးနှင့်ဇနီးတို့သည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကျင်းပမည့် အမျိုးသားလွှတ်တော်ခန်းမအတွင်းသို့ အတူတကွလမ်းလျှောက်ထွက်ခွာကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

## နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲပြုလုပ်

ထို့နောက် နိုင်ငံတော်သမ္မတနှစ်ဦးတို့သည် နှစ်နိုင်ငံမှ တာဝန်ရှိသူများနှင့်အတူ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတက ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပခဲ့သည့် မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲနှစ် ၈၀ ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် တွေ့ဆုံခဲ့ပြီးနောက် ယခုကဲ့သို့ သမ္မတကြီးနှင့် ပြန်လည်တွေ့ဆုံခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သည့် မြန်မာနိုင်ငံမှ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များကို လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုပါကြောင်း။

**မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲကိုအောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ရွေးကောက်ခံအစိုးရသစ်တစ်ရပ် ဖွဲ့စည်းနိုင်ခဲ့ခြင်းတို့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အဆွေတော်သမ္မတကြီး၏ဦးဆောင်မှုအောက်တွင် မြန်မာအစိုးရနှင့် ပြည်သူများသည် တည်ငြိမ်အေးချမ်းမှုနှင့် လူမှုစီးပွားဘဝအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အုပ်ချုပ်ရေးယန္တရားခိုင်မာစေရေး၊ နိုင်ငံတကာနှင့် ဒေသတွင်းဆက်ဆံမှုများတိုးမြှင့်ခိုင်မာလာစေရေးတို့တွင် အရေးပါသော အကျိုးရလဒ်များရရှိလာခဲ့မှုအပေါ်တွင်လည်း ဂုဏ်ယူ**ပါကြောင်း၊ ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ကြားတွင် နှစ်နိုင်ငံ နိုင်ငံ့ခေါင်းဆောင်များနှင့် ပြည်သူများအဆက်ဆက်ပျိုးထောင်ခဲ့ကြသည့် ချစ်ကြည်ရင်းနှီးမှုများနှင့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာတိုလန်းတို့ ဂုဏ်ပြုတပ်ဖွဲ့ကို ယှဉ်တွဲလမ်းလျှောက် စစ်ဆေးစဉ်။

ကောင်းမွန်သည့် သမိုင်းဝင်ဆက်ဆံရေးများရှိကြပါကြောင်း၊ ထို့ပြင် ၂၀၁၇ ခုနှစ်၌ နှစ်နိုင်ငံ ဘက်စုံ ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်ဆက်ဆံရေး(Comprehensive Cooperative Partnership)ကိုလည်း ထူထောင်နိုင်ခဲ့ပါကြောင်း၊ အရှေ့တောင်အာရှကုန်းတွင်းပိုင်းအိမ်နီးချင်းများအဖြစ်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်များအဖြစ်လည်းကောင်း တူညီသောအချက်များရှိကြသည့်အပြင် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် သမိုင်းကြောင်းဆိုင်ရာများအထူးသဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် တူညီမှုများစွာရှိကြသဖြင့် အလွန်ရင်းနှီးကျွမ်းဝင်ကြပါကြောင်း။

မြန်မာနိုင်ငံ ဝန်ကြီးချုပ် ဦးနုသည် ၁၉၅၄ ခုနှစ်တွင် ဗီယက်နမ်သို့လာရောက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံမှ ဥက္ကဋ္ဌ ဟိုချီမင်းသည် ၁၉၅၈ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံသို့သွားရောက်ကာ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် အခြေခံအုတ်မြစ်ကို ချပေးခဲ့ပါကြောင်း၊ **အဆွေတော်သမ္မတကြီး၏ ယခုခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ဘက်စုံပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံရေးကိုပိုမိုခိုင်မာစေမည့်ခရီးစဉ်တစ်ခုဖြစ်ပြီး ရှေ့လာမည့်ကာလများအတွင်း ဗီယက်နမ်-မြန်မာဆက်ဆံရေးကို ပိုမိုနက်ရှိုင်းခိုင်မာပြီး ဖွံ့ဖြိုးတိုးတက်စေရန် လက်တွေ့ကျသော အကျိုးရလဒ်များစွာကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်**ပါကြောင်းဖြင့် ဦးစွာနှုတ်ခွန်းဆက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် အဆွေတော်အနေဖြင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးနှင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူဆောင်ရွက်နေမှုအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊စက်တင်ဘာ ၂ ရက်တွင် ကျရောက်ခဲ့သည့် ဗီယက်နမ်နိုင်ငံ၏ ၈၁ နှစ်မြောက် အမျိုးသားနေ့ အခါသမယအတွက်လည်း အဆွေတော်နှင့် ဗီယက်နမ်ပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းကိုပြောကြားလိုပါကြောင်း၊ **ဗီယက်နမ်ပြည်သူများ၏ လွတ်လပ်ရေးနှင့် အမျိုးသားပြန်လည်ပေါင်းစည်းရေးအတွက် ကြိုးပမ်းခဲ့မှု၊ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေမှုများကိုလည်း မိမိအနေဖြင့် အထူးလေးစား**ပါကြောင်း။

မိမိအနေဖြင့် ဗီယက်နမ်ကို သုံးကြိမ်လာရောက်ခဲ့ပြီး ယခုအကြိမ်သည် လေးကြိမ်မြောက်လာရောက်သည့် ခရီးစဉ်ဖြစ်ကာ မိမိနိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီးနောက် ဗီယက်နမ်နိုင်ငံသို့ ပထမဆုံးခရီးစဉ်လည်းဖြစ်ပါကြောင်း၊ ဗီယက်နမ်သို့ လာရောက်သည့်အခါတိုင်း ဗီယက်နမ်နိုင်ငံ၏ သာယာလှပမှုနှင့် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုတို့ကို တွေ့မြင်ခံစားမိပါကြောင်း။

နှစ်နိုင်ငံကြား သံတမန်ဆက်ဆံမှုသက်တမ်းအနေဖြင့် နှစ် ၅၀ ပြည့် ရွှေရတုတိုင်ခဲ့ပြီးဖြစ်ကာ ထိုကဲ့သို့ရှည်လျားသည့် သံတမန်ဆက်ဆံရေး ကာလအတွင်း နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၌ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရှိရပါကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းနှင့် မိမိတို့နိုင်ငံမှ ဝန်ကြီးချုပ်ဟောင်း ဦးနု၊ နိုင်ငံတော်သမ္မတဟောင်း ဦးနေဝင်းစသည့်ခေါင်းဆောင်များ လက်ထက်ကတည်းက ညီရင်းအစ်ကိုပမာ ရင်းနှီးချစ်ကြည်မှုရှိသည့် မိတ်ဆွေကောင်းများဖြစ်ကြကြောင်း၊ သမ္မတကြီး ဟိုချီမင်း၏ ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတွင် အရေးပါသည့်မှတ်တိုင်တစ်ခုဖြစ်ပြီး အဆိုပါခရီးစဉ်အတွင်း ရန်ကုန်တက္ကသိုလ်က သမ္မတဟိုချီမင်းကို ဥပဒေဆိုင်ရာဂုဏ်ထူးဆောင်ပါရဂူဘွဲ့ချီးမြှင့်နိုင်ခဲ့ကြောင်း။

၂၀၁၇ ခုနှစ်တွင် တည်ထောင်ခဲ့သည့် နှစ်နိုင်ငံ ဘက်စုံပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်ဆက်ဆံရေး (Comprehensive Cooperative Partnership)သည် ၂၀၂၇ ခုနှစ်တွင် ၁၀ နှစ် ပြည့်မြောက်မည်ဖြစ်ပြီး ၁၀ နှစ်ပြည့်အထိမ်းအမှတ်ကို အမှတ်ရစေရန်၊ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြင့်မားခိုင်မာသည့်အဆင့်ကို တိုးမြှင့်နိုင်ရေးနှင့် လာမည့်ဆယ်စုနှစ်အတွက် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တစ်ရပ်ချမှတ်နိုင်ရေးအတွက်လည်း အတူတကွဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံသည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများတူညီကြပြီး အခက်အခဲများစွာကို ကြုံတွေ့ကျော်ဖြတ်ခဲ့ရသည်ကို မိမိအနေဖြင့် ကောင်းစွာနားလည်သဘောပေါက်ကြောင်း၊ **ဗီယက်နမ်နိုင်ငံအနေဖြင့် စစ်ပွဲဒဏ်နှင့် အရေးယူပိတ်ဆို့ကန့်သတ်မှုများကို ဆယ်စုနှစ်ပေါင်းများစွာကြုံတွေ့ခဲ့ရသည့်ကြားမှ ယခုကဲ့သို့ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံတော်တစ်ခုကို တည်ဆောက်နိုင်ခဲ့မှုအတွက် ဗီယက်နမ်နိုင်ငံ၏ နိုင်ငံ့ခေါင်းဆောင်အဆက်ဆက်အပေါ် လေးစားဂုဏ်ယူ**ပါကြောင်းကို ပြောကြားလိုပါကြောင်း၊ တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုသည်လည်း နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့်အတူ ကောင်းမွန်သောဆက်ဆံရေးကို ပိုမိုခိုင်မာအောင်ဆောင်ရွက်ရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် အစိုးရ၊လွှတ်တော်၊နိုင်ငံရေးပါတီနှင့် ပြည်သူများအချင်းချင်းဆက်ဆံရေးများတိုးမြှင့်သွားလိုပါကြောင်း၊ မကြာမီက အမျိုးသားလွှတ်တော်တွင် မြန်မာ-ဗီယက်နမ်လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းထားပြီးဖြစ်ကာ ထိုကဲ့သို့ချစ်ကြည်ရင်းနှီးရေးအသင်းများအကြား ဆက်သွယ်မှုနှင့် အပြန်အလှန်လေ့လာရေးခရီးစဉ်များမြှင့်တင်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများ၏ သဘောထား၊ လိုအပ်ချက်နှင့်ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုနားလည်နိုင်မည်ဟုယုံကြည်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသာမက လူငယ်နှင့်အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များကြား အပြန်အလှန်ထိတွေ့ဆက်ဆံမှုများ ပိုမိုတိုးမြှင့်နိုင်ရေးကိုလည်း အားပေးလိုပါကြောင်း။

**လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် လွှတ်တော်နှင့် အစိုးရတို့ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။**

မိမိတို့နိုင်ငံဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းအတွေ့အကြုံများအရ နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် တစ်ချိန်က ဆိုရှယ်လစ်စနစ်ကိုကျင့်သုံးခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ပြည်သူတို့တောင်းဆိုမှုအရ ပါတီစုံဒီမိုကရေစီစနစ်ကိုပြောင်းလဲကျင့်သုံးခဲ့ပါကြောင်း၊ မိမိအနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဗီယက်နမ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ထိပ်တန်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ အပါအဝင် အဆွေတော်တို့နှင့် ဘက်ပေါင်းစုံမှ အပြန်အလှန်လက်တွဲပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားလိုကြောင်း၊ **မြန်မာနိုင်ငံသည် တောင်အာရှ၊အရှေ့တောင်အာရှနှင့်အရှေ့အာရှတို့ကို ပေါင်းကူးဆက်သွယ်ပေးနိုင်သည့် အရေးပါသည့် ပထဝီအနေအထားတွင်တည်ရှိ**ကြောင်း၊ အာရှအဝေးပြေးလမ်းမကြီးကွန်ရက်နှင့် အရှေ့-အနောက် စီးပွားရေးစင်္ကြံတို့ကိုထိရောက်စွာအသုံးချပြီး တည်ငြိမ်လုံခြုံသည့် ဆက်သွယ်ချိတ်ဆက်မှုပိုမိုအားကောင်းလာစေရေး ဗီယက်နမ်၊ လာအိုနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ အထူးသဖြင့် **မြန်မာ-ထိုင်း-လာအို-ဗီယက်နမ် အရှေ့-အနောက် စီးပွားရေးစင်္ကြံ ပိုမိုအားကောင်းလာစေရေး လမ်းပန်းဆက်သွယ်ရေး၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေး၊ ပို့ဆောင်ရေးကဏ္ဍတို့တွင် သုံးနိုင်ငံ**

**ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ဘက်စုံခိုင်မာပြီး လက်တွေ့ကျသည့်ပူးပေါင်းဆောင်ရွက်မှုကဏ္ဍသစ်တစ်ရပ်ကို တက်လှမ်းနိုင်ရန် အသင့်ရှိ၊ ဗီယက်နမ်-မြန်မာ ဘက်စုံပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်ဆက်ဆံရေးသည် ဆက်လက်ပြီး လက်တွေ့ကျကျဖွံ့ဖြိုးတိုးတက်လာမည်ဟု လေးလေးနက်နက်ယုံကြည် . . .**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းတို့ နှစ်နိုင်ငံမှ တာဝန်ရှိသူများနှင့်အတူ တွေ့ဆုံဆွေးနွေးစဉ်။

ကြား လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်လိုကြောင်း၊ မြန်မာ-လာအို-ဗီယက်နမ်၊ မြန်မာ-ထိုင်း-လာအို-ဗီယက်နမ်စသည့် လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများကိုအဆင့်မြှင့်တင်ပြီး မြန်မာနိုင်ငံနှင့် ချိတ်ဆက်နိုင်မည်ဆိုပါက ဒေသတွင်း ကုန်သွယ်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အကျိုးများစွာဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်းကိုလည်း အကောင်အထည်ဖော်လျက်ရှိပြီး အဆိုပါလမ်းနှင့် ချိတ်ဆက်၍ ဗီယက်နမ်နိုင်ငံမှ လာအိုနှင့် မြန်မာနိုင်ငံမှတစ်ဆင့် အိန္ဒိယအပါအဝင် တောင်အာရှနှင့် အနောက်ဘက်ဈေးကွက်များသို့ဝင်ရောက်နိုင်သကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း လာအိုနှင့် ဗီယက်နမ်မှတစ်ဆင့် အရှေ့အာရှဈေးကွက်များသို့ လွယ်ကူစွာချိတ်ဆက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင်လည်း မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီး တက်ကြွသည့် ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒနှင့်အညီ ဘက်မျှပြီး ဟန်ချက်ညီသည့်ဆက်ဆံရေးကို တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် BIM-STEC၊ GMS၊ CLMV၊ ACMECS စသည့် ဒေသတွင်းအဖွဲ့အစည်းများတွင် တန်းတူကိုယ်စားပြုမှုနှင့် အပြည့်အဝဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ဘက်စုံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများသည်လည်း အဆင့်သစ်တစ်ရပ်သို့ တိုးတက်ရောက်ရှိလာမည်ဟု မိမိအနေဖြင့်ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဗီယက်နမ်နိုင်ငံသမ္မတက ယခုကဲ့သို့ သမ္မတကြီးအနေဖြင့် နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများနှင့် ဆက်ဆံမှုများတိုးမြှင့်နိုင်ရေးအပြင် နှစ်နိုင်ငံနှင့် ဒေသတွင်းအကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အလားအလာများကိုကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပေးခဲ့သည့်အတွက် အဆွေတော်သမ္မတကြီး၏ အမြော်အမြင်ကြီးမားမှုကိုတွေ့မြင်သိရှိရပါကြောင်း၊ မြန်မာ-ထိုင်း-လာအို-ဗီယက်နမ် အရှေ့-အနောက် စီးပွားရေးစင်္ကြံ ပိုမိုအားကောင်းလာစေရေးနှင့် အိန္ဒိယ-မြန်မာ-လာအို-ဗီယက်နမ် လမ်းကြောင်းတို့နှင့်ပတ်သက်၍ ဗီယက်နမ်နိုင်ငံအနေဖြင့် လေ့လာဆန်းစစ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် စဉ်ဆက်မပြတ်ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် နှစ်ပေါင်း ၄၀ အတွင်း ယခုကဲ့သို့အောင်မြင်မှုများကို ရရှိခံစားနေရခြင်းဖြစ်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ဘက်စုံခိုင်မာပြီး လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍသစ်တစ်ရပ်ကို တက်လှမ်းနိုင်ရန် အသင့်ရှိနေပါကြောင်း၊ နှစ်နိုင်ငံကြား နိုင်ငံရေးအရ ယုံကြည်မှုနှင့် အပြန်အလှန်နားလည်မှုမြှင့်တင်နိုင်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ခရီးသွားလာရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်ခံရပ်တည်သွားနိုင်ရေး စသည့်နယ်ပယ်ပေါင်းစုံတို့၌ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားလိုပါကြောင်း၊ ယခုကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့်မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဗီယက်နမ်နိုင်ငံသို့ ခရီးစဉ်လာရောက်မှုအပေါ် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆွေးနွေးမှုရလဒ်ကောင်းများအရ ဗီယက်နမ်-မြန်မာ ဘက်စုံပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်ဆက်ဆံရေးသည် ဆက်လက်ပြီး လက်တွေ့ကျကျ ဖွံ့ဖြိုးတိုးတက်လာမည်ဟု လေးလေးနက်နက် ယုံကြည်ပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည့်စုံကြွယ်ဝမှုများ အမြန်ဆုံးရရှိနိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတတို့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုဆိုင်ရာများ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာများ၊ စက်မှုကဏ္ဍ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်သွယ်ရေး၊ ဒစ်ဂျစ်တယ်နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာများ၊ လူမှုရေးနှင့်အမျိုးသမီးရေးရာကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုဆိုင်ရာများ၊ ခရီးသွားလုပ်ငန်းနှင့်လေကြောင်းဆက်သွယ်မှုဆိုင်ရာများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးဆိုင်ရာများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံအကြီးအကဲနှစ်ဦးတို့သည် တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ တာဝန်ရှိသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်း(MCCT)အစီအစဉ်နှင့်ပတ်သက်၍ အသိပေးခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့ကမွေးဖွားလာသော အသက်နှစ်နှစ်အောက်ကလေးသူငယ်များ ငွေကြေးထောက်ပံ့ခြင်း(MCCT)အစီအစဉ်ကို တိုင်းဒေသကြီး၊ ပြည်နယ် ခုနစ်ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဘဏ္ဍာနှစ်အလိုက်ထောက်ပံ့ကြေးပေးရန် စာရင်းကောက်ယူမည့်အချိန်မတိုင်မီ MCCT အစီအစဉ်နှင့်စပ်လျဉ်း၍ အများပြည်သူများသိရှိနိုင်ရန် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ ရေဒီယိုအစီအစဉ်များနှင့်နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် **“MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ စာရင်းပေးသွင်းနိုင်ပါကြောင်း”** နှိုးဆော်ခဲ့သည်။

ယခုအခါ MCCT အစီအစဉ်၏နာမည်ကိုအလွဲသုံးစားပြု၍ Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ ပေါ်ပေါက်လျက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် MCCT အစီအစဉ်တွင် အကျုံးဝင်သူများ၏စာရင်းကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ကောက်ယူခြင်းကိုသာဆောင်ရွက်လျက်ရှိပြီး Online မှ တစ်ဆင့် စာရင်းကောက်ယူခြင်း လုံးဝ(လုံးဝ)မပြုလုပ်ပါကြောင်း၊ အကျိုးခံစားသူ စာရင်းသွင်းရန် လျှောက်ထားပုံစံ(Registration Form)များနှင့်စပ်လျဉ်း၍လည်း ငွေကြေးတစ်စုံတစ်ရာကောက်ခံခြင်းမရှိပါကြောင်းနှင့် လက်ရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကျိုးခံစားခွင့်ရှိသူများစာရင်းကောက်ခံခြင်းအဆင့်ပြီးဆုံးပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ချန်ထန်မန်းနှင့် တွေ့ဆုံဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ချန်ထန်မန်းနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၅**

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ချန်ထန်မန်းနှင့် ယနေ့နံနက်ပိုင်းတွင် ဗီယက်နမ်အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ချန်ထန်မန်းနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ချန်ထန်မန်းတို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် မြန်မာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသား လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ လွှတ်တော်မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံမှ အဆင့်မြင့် အရာရှိကြီးများကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အစိုးရ သစ်တစ်ရပ် ဖွဲ့စည်းနိုင်ခဲ့ခြင်းတို့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အဆွေတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာဆက်ဆံရေး အပါအဝင် ကဏ္ဍစုံ၌ အပြုသဘောဆောင်သော ရလဒ်ကောင်းများဖော်ဆောင်လာနိုင်မှုနှင့်အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဘက်ပေါင်းစုံကကြိုးပမ်းနေမှုများအပေါ် များစွာဂုဏ်ယူပါကြောင်း၊ အဆွေတော် သမ္မတကြီး၏ ယခုခရီးစဉ်သည် ဗီယက်နမ်နှင့် မြန်မာနိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရန် မောင်းနှင်အား အသစ်တစ်ရပ်ဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ **ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှု၊ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်များကို လေးစားတန်ဖိုးထားပါကြောင်း၊** အဆွေတော်အနေဖြင့် **မိမိတို့ဗီယက်နမ်နိုင်ငံအပေါ် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံအဖြစ် မှတ်ယူဆောင်ရွက်နိုင်ပါကြောင်း၊** ဗီယက်နမ်-မြန်မာ ဘက်စုံ ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးသည် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံပြည်သူများအတွက် လက်တွေ့ကျသော အကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးကာ ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် အပြုသဘောဆောင်သော ပံ့ပိုးကူညီမှုများ ပြုလုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ ဗီယက်နမ်နိုင်ငံ၏ ဥပဒေပြုရေးတွင် အရေးပါသည့် မဏ္ဍိုင်တစ်ခုဖြစ်သော ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဖြစ်သူ အဆွေတော်နှင့် တွေ့ဆုံရသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်းနှင့် အဆွေတော်အနေဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြန်လည် ရွေးကောက်ခံရသည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

၂၀၂၆ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သည့် မိမိ၏ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခြင်းအခမ်းအနားသို့ ဗီယက်နမ်နိုင်ငံက ကိုယ်စားလှယ်စေလွှတ် တက်ရောက်ခဲ့သည့် အတွက်လည်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း၊ ယခု တွေ့ဆုံဆွေးနွေးမှုများကတစ်ဆင့် မိမိတို့နှစ်နိုင်ငံ ဥပဒေပြုရေးမဏ္ဍိုင်များ ဖြစ်သည့် လွှတ်တော်များကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များတိုးမြှင့်သွားနိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် အစိုးရအချင်းချင်း၊ တပ်မတော်အချင်းချင်း၊ ပါတီအချင်းချင်းနှင့် ပြည်သူအချင်းချင်းဆက်ဆံရေးသာမက ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် သံတမန်ဆက်ဆံရေး ထူထောင်ထားသည့်နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံလုံးနှင့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးထူထောင်ထားနိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံတကာနှင့်အာဆီယံမျက်နှာစာတွင် ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်က ရပ်တည်ထောက်ခံပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း။

ဗီယက်နမ်-မြန်မာ အချင်းချင်း အပြန်အလှန်ထားရှိသည့် ယုံကြည်မှုနှင့် နှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများကြား နီးကပ်သည့် ဆက်သွယ်မှုများကြောင့် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်ကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍများတွင်လည်း ပိုမိုတိုးတက်ခိုင်မာလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဗီယက်နမ်နှင့် လွှတ်တော်ချင်းဆက်ဆံရေးကို နှစ်နိုင်ငံဆက်ဆံရေး၏အရေးကြီးသည့် နိုင်ငံရေးအခြေခံမဏ္ဍိုင်တစ်ခုဖြစ်သည်ဟုယုံကြည်ပြီး ပါတီအချင်းချင်း၊ လွှတ်တော်အချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံ ရှိရင်းစွဲဆက်ဆံရေး ပိုမိုမြှင့်တင်ရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ လွှတ်တော်ဥက္ကဋ္ဌများကြား အပြန်အလှန်ခရီးစဉ်များ အကောင်အထည်ဖော်ရေးကိုလည်းအားပေးလိုကြောင်း။

ယခုအခါ မြန်မာနိုင်ငံတွင် ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် အစိုးရသစ် ပေါ်ပေါက်လာပြီဖြစ်ပြီး လွှတ်တော်များလည်း ပြန်လည်စတင်နေပြီဖြစ်သည့်အတွက် ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်၏ ဥပဒေပြုရေးနှင့် ကြီးကြပ်ရေးဆိုင်ရာ အတွေ့အကြုံများကို မျှဝေပေးစေလိုကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးခရီးလမ်း ခိုင်မာစေရေးအတွက် နိုင်ငံတော်နှင့် ကိုက်ညီသည့် ဒေသအခြေခံဖက်ဒရယ်စနစ်ကို ဖော်ဆောင်လျက်ရှိရာ ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်အနေဖြင့် တတ်နိုင်သမျှ ပံ့ပိုးကူညီပေးစေလိုကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာလွှတ်တော်ဆိုင်ရာ မျက်နှာစာများတွင် အပြန်အလှန်ပံ့ပိုးကူညီမှုများ ဆက်လက်ဆောင်ရွက်သွားနိုင်ရေးနှင့် အာဆီယံလွှတ်တော်များကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်နိုင်ရေးတို့အတွက် လွှတ်တော်နှစ်ရပ်ကြား နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရသစ်အနေဖြင့် မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအားကောင်းစေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုများကို လက်တွေ့ကျကျ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများကို ပိုမိုခိုင်မာစေကာ ဒေသတွင်းအကျိုးစီးပွားများကိုလည်း ဟန်ချက်ညီညီဆက်လက်ဖော်ဆောင်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် အမှတ်တရမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် လွှတ်တော်အတွင်းလှည့်လည်ကြည့်ရှုပြီး ပြန်လည်ထွက်ခွာရာ ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရင်းနှီးနွေးထွေးစွာဖြင့် လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၅**

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့က ဗီယက်နမ်နိုင်ငံ သမ္မတရုံး တံ့ကင်နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်သမ္မတနှင့် ဇနီး နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ၊ ဗီယက်နမ်နိုင်ငံအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ညစာစားပွဲကျင်းပမည့်နေရာသို့ ရောက်ရှိလာရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို စတင်ကျင်းပရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့် နိုင်ငံတော်သမ္မတတို့သည် နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့် ဇနီး၊ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ခဲ့ကြသည်။

ဂုဏ်ပြုညစာသုံးဆောင်နေစဉ်အတွင်း ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့များက နှစ်နိုင်ငံ တေးသီချင်းများ၊ အကအလှများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့သည် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ယဉ်ကျေးမှုအဖွဲ့များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ညစာစားပွဲအခမ်းအနားမှ ပြန်လည်ထွက်ခွာရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့က ရင်းနှီးနွေးထွေးစွာဖြင့် လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ အမျိုးသားသူရဲကောင်းများနှင့် အာဇာနည်များဗိမာန်၊ ဟိုချီမင်းဂူဗိမာန်တို့၌ လွမ်းသူ့ပန်းခွေချအလေးပြု

**နေပြည်တော် စက်တင်ဘာ ၅**

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဟနွိုင်းမြို့ရှိ အမျိုးသားသူရဲကောင်းများနှင့် အာဇာနည်များဗိမာန်၊ ဟိုချီမင်းဂူဗိမာန်တို့၌ လွမ်းသူ့ပန်းခွေချအလေးပြုသည်။

## အမျိုးသားသူရဲကောင်းများနှင့် အာဇာနည်များဗိမာန်

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့်မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အမျိုးသားသူရဲကောင်းများနှင့် အာဇာနည်များဗိမာန်သို့ ရောက်ရှိကြရာ ဗိမာန်စီမံခန့်ခွဲရေးဘုတ်အဖွဲ့ဒါရိုက်တာနှင့် ဗီယက်နမ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး



ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ ဟိုချီမင်း ဂူဗိမာန်၌ လွမ်းသူ့ ပန်းခွေချ အလေးပြုစဉ်။

ဦးဆောင်သည့်အဖွဲ့ဝင်များသည် လွမ်းသူ့ပန်းခွေချမည့်နေရာ၌ နေရာယူကြသည်။

ထို့နောက် ဗီယက်နမ်ပြည်သူ့တပ်မတော်သားနှစ်ဦးက လွမ်းသူ့ပန်းခွေအား သယ်ဆောင်နေရာချထားပေးပြီး စစ်တီးဝိုင်းအဖွဲ့၏အာဇာနည်များအတွက် ဂါရဝပြုတီးမှုတ်မှုနှင့်အတူ နိုင်ငံတော်သမ္မတသည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဗိမာန်စီမံခန့်ခွဲရေးဘုတ်အဖွဲ့ ဒါရိုက်တာနှင့် ဗီယက်နမ်နိုင်ငံမှအဆင့်မြင့်အရာရှိကြီးများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဟိုချီမင်းဂူဗိမာန်သို့ ဆက်လက်ထွက်ခွာကြပြီး ဟိုချီမင်းဂူဗိမာန်သို့ရောက်ရှိကြရာ နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ဗိမာန်စီမံခန့်ခွဲရေးဘုတ်အဖွဲ့အကြီးအကဲနှင့် ဗီယက်နမ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြကာ ဗိမာန်သို့လိုက်ပါပို့ဆောင်ပေးကြသည်။

ဆက်လက်၍ ဗီယက်နမ်ပြည်သူ့တပ်မတော်သားနှစ်ဦးက လွမ်းသူ့ပန်းခွေအား သယ်ဆောင်နေရာချထားပေးပြီး စစ်တီးဝိုင်းအဖွဲ့၏ ကွယ်လွန်သူသမ္မတကြီး ဟိုချီမင်းအတွက် ဂါရဝပြုတီးမှုတ်မှုနှင့်အတူ နိုင်ငံတော်သမ္မတသည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူတကွ အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဟိုချီမင်းဂူဗိမာန်အတွင်း လှည့်လည်ကြည့်ရှုပြီး ပြန်လည်ထွက်ခွာရာ ဗိမာန်စီမံခန့်ခွဲရေးဘုတ်အဖွဲ့အကြီးအကဲနှင့် ဗီယက်နမ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများက ရင်းနှီးနွေးထွေးစွာဖြင့် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှ Van Phuc ပိုးထည်ရွာ (Silk village)သို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှသည် ယနေ့ နံနက်ပိုင်းတွင် Van Phuc ပိုးထည်ရွာ(Silk village) သို့ သွားရောက်လေ့လာသည်။

ဦးစွာ Van Phuc ပိုးထည်ရွာ (Silk village)သို့ ရောက်ရှိလာသည့် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှအား ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ၏ဇနီး မဒမ် ငိုဖုန်လီနှင့် Van Phuc ပိုးထည်ရွာ (Silk village) တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှသည် Van Phuc ပိုးထည်ရွာ (Silk village)အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ၏ဇနီး မဒမ် ငိုဖုန်လီနှင့် Van Phuc ပိုးထည်ရွာ (Silk village) တာဝန်ရှိသူများက ဗီယက်နမ်ရိုးရာ ပိုးထည်ရက်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသကြသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ၏ဇနီး မဒမ် ငိုဖုန်လီနှင့်အတူ Van Phuc ပိုးထည်ရွာ (Silk village)သို့ သွားရောက် လေ့လာစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ၏ဇနီး မဒမ် ငိုဖုန်လီတို့သည် Van Phuc ပိုးထည်ရွာ (Silk village)အတွင်း ခင်းကျင်းပြသထားသည့် ပိုးထည်များကို လိုက်လံကြည့်ရှုလေ့လာခဲ့ကြသည်။

Van Phuc ပိုးထည်ရွာသည် ဗီယက်နမ်နိုင်ငံ၏ အထင်ရှားဆုံးရိုးရာ ပိုးထည်ရက်လုပ်သည့် ကျေးရွာများထဲမှ တစ်ခုဖြစ်ပြီး အဆိုပါကျေးရွာတွင် ပိုးထည်ရက်လုပ်သည့် ရိုးရာအမွေအနှစ်သည် နှစ်ပေါင်း ၁၀၀၀ ကျော်ရှိခဲ့ပြီး ဗီယက်နမ်ရိုးရာ ရက်ကန်းလုပ်ငန်း၏ အရေးပါသော ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် အသိအမှတ်ပြုခံထားရကြောင်း၊ ပိုးမွေးမြူခြင်းမှစတင်၍ ပိုးချည်မျှင်ထုတ်လုပ်ခြင်း၊ ချည်မျှင်ပြင်ဆင်ခြင်း၊ ရိုးရာရက်ကန်းစင်များဖြင့် ရက်လုပ်ခြင်း၊ အရောင်ဆိုးခြင်းနှင့် နောက်ဆုံးပိုးထည်များအဖြစ် ပြုလုပ်ခြင်းထိ ပိုးထည်ထုတ်လုပ်မှု၏အဆင့်ဆင့်ကို လေ့လာနိုင်မည်ဖြစ်သည့်အပြင် ရိုးရာလက်မှုပညာရှင်များ၏ မျိုးဆက်အလိုက် ရက်ကန်းပညာလက်ဆင့်ကမ်းထိန်းသိမ်းလာပုံ၊ ခရီးသွားလုပ်ငန်းနှင့်ချိတ်ဆက်ဖွံ့ဖြိုးလာပုံတို့ကိုလည်း လေ့လာနိုင်ကြောင်းနှင့် ဗီယက်နမ် ပိုးထည်လုပ်ငန်း၏ သမိုင်းနှင့် လက်မှုပညာထိန်းသိမ်းခြင်းတို့ကိုလေ့လာနိုင်သည့် ယဉ်ကျေးမှုအမွေအနှစ် အမြင့်မားဆုံးနေရာလည်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ၏ဇနီး မဒမ် ငိုဖုန်လီက ဗီယက်နမ်ရိုးရာ ရေနွေးကြမ်းဖြင့် တည်ခင်းဧည့်ခံသည်။ ယင်းနောက် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှနှင့် Van Phuc ပိုးထည်ရွာ (Silk village) တာဝန်ရှိသူတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် အဖွဲ့ဝင်များသည် Van Phuc ပိုးထည်ရွာ (Silk village)မှ ပြန်လည်ထွက်ခွာရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ၏ဇနီး မဒမ် ငိုဖုန်လီနှင့် Van Phuc ပိုးထည်ရွာ (Silk village) တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**☆ ကျောဖုံးမှအဆက်**

မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဗီယက်နမ်နိုင်ငံမှအဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်က အဆွေတော်သမ္မတကြီး ဦးဆောင်သည့် ယခုခရီးစဉ်သည် နှစ်နိုင်ငံကြား နိုင်ငံရေးယုံကြည်မှုနှင့်ကဏ္ဍစုံမှ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းလာစေမည်ဖြစ်ပြီး ရှေ့ဆက်မည့် အနာဂတ်ကာလများတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဘုံအကျိုးစီးပွားဖြစ်ထွန်းမှုများကို အဆင့်သစ်တစ်ခုသို့ မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ကြုံတွေ့နေရသည့် အခက်အခဲများကို စာနာနားလည်သဘောပေါက်ပါကြောင်းနှင့် မြန်မာနိုင်ငံအစိုးရ၏ ပြည်တွင်းတည်ငြိမ်အေးချမ်းမှု ရရှိရေး ကြိုးပမ်းဆောင်ရွက်နေမှုများ၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေး၊ နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများကြား ဆက်ဆံမှုမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် ထောက်ခံအားပေးလျက်ရှိပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် အမြဲအလေးထားပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ အပါအဝင်သဘာဝဘေးအန္တရာယ်များကြုံတွေ့ရချိန်တွင် အပြန်အလှန်ကူညီပေးခဲ့မှုများနှင့် အခက်အခဲများကြားမှ ဗီယက်နမ်စီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံတွင် ဆက်လက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေး အားပေးကူညီပေးခဲ့မှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ လက်ရှိအချိန်တွင် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်ဆံမှုများတိုးမြှင့်လာလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး အဆွေတော်သမ္မတကြီး၏ ယခုခရီးစဉ်သည် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာစေမည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် ဧပြီလတွင် ကျင်းပခဲ့သည့် ဗီယက်နမ်နိုင်ငံ၏ ၁၆ ကြိမ်မြောက် အမျိုးသားလွှတ်တော်တွင် အဆွေတော်အနေဖြင့် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ခံရမှုအပေါ် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် သမိုင်းကြောင်းအရချစ်ကြည်ရင်းနှီးသည့်နိုင်ငံများဖြစ်ကြပြီး နှစ်ဖက်ခေါင်းဆောင်များ အဆက်ဆက်အနေဖြင့်လည်း ခရီးစဉ်များအပြန်အလှန်သွားရောက်ခဲ့ကြကာ ချစ်ကြည်ရင်းနှီးပြီးယုံကြည်ရသည့် ဆက်ဆံရေးကိုအစဉ်အဆက်ထိန်းသိမ်းခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း။

မိမိတို့အစိုးရလက်ထက်တွင် နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေး ပြန်လည်မြှင့်တင်ခြင်း၊ အဆင့်မြင့်ခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်းနှင့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်(JC)အပါအဝင် ရပ်ဆိုင်းလျက်ရှိသည့် နှစ်နိုင်ငံယန္တရားများကိုပြန်လည်စတင်ခြင်းတို့နှင့်အတူ နှစ်နိုင်ငံဆက်ဆံရေးသည် အရှိန်အဟုန်ဖြင့် ပြန်လည်တိုးတက်လျက်ရှိကြောင်း၊ မိမိ၏ ယခုခရီးစဉ်သည်လည်း မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးတွင် စာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်နိုင်ခြင်း၏ ပြယုဂ်ဖြစ်ပါကြောင်း၊ ယခုခရီးစဉ်အတွင်း အဆွေတော်နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန် ကိစ္စများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးနိုင်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယခုအချိန်သည် ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် အရေးကြီးသည့် နိုင်ငံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဝါဒများ ချမှတ်ဆောင်ရွက်နေသည့်အချိန်ဖြစ်သဖြင့် နှစ်နိုင်ငံကြား အပြန်အလှန်အကျိုးဖြစ်ထွန်းမည့် ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများဖော်ထုတ်ရန် စာမျက်နှာသစ်တစ်ရပ်ဖွင့်လှစ်နိုင်ရေး အကောင်းဆုံးအချိန်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် စတင်တာဝန်ယူချိန်ကစပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို ဖော်ဆောင်လျက်ရှိပါကြောင်း၊နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ သယ်ယူပို့ဆောင်ရေး၊ လမ်း၊ တံတား အဆင့်မြှင့်တင်ရေး၊ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့် ကဏ္ဍများကို အဓိကထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်း၊ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ပြီး ရိုးရှင်းသည့် စည်းမျဉ်းစည်းကမ်းများဖြင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စွာဖြင့် အရှိန်အဟုန်ဖြင့်ဆောင်ရွက်သွားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒွိုင်မွိုင်း (Doi Moi) စီးပွားရေးပြုပြင်ပြောင်းလဲမှု မူဝါဒကို နှစ်ပေါင်း ၄၀ ခန့် အကောင်အထည်ဖော်ပြီးနောက် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုများအတွက် ဂုဏ်ယူပါကြောင်းနှင့် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်သည့် အတွေ့အကြုံများကိုလည်း မျှဝေပေးစေလိုပါကြောင်း။

ယခုကဲ့သို့ နှစ်နိုင်ငံအပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခွင့်ရသည့်အတွက် များစွာ ဝမ်းမြောက်မိပါကြောင်းနှင့် ယနေ့တွေ့ဆုံမှု မှတစ်ဆင့် ရလဒ်ကောင်းများကိုလက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်နှင့် နောင်အနာဂတ်တွင်လည်း လက်ရှိပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု အရှိန်အဟုန်များကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်တို့သည် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်နိုင်မည့် အခြေအနေများ၊ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လူမှုရေးနှင့် အမျိုးသမီးရေးရာကဏ္ဍ၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကဏ္ဍ၊ ဆက်သွယ်ရေးနည်းပညာဆိုင်ရာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးတွင် ဘက်မလိုက်မှုပြီး ဟန်ချက်ညီသည့်ဆက်ဆံရေးကို တည်ဆောက်သွားမည်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံ အပါအဝင် ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍ အသီးသီးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။


ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်တို့သည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဟနွိုင်းမြို့ရှိ အစိုးရအဖွဲ့ရုံးမှ ပြန်လည်ထွက်ခွာရာ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်က ရင်းနှီးနွေးထွေးစွာဖြင့် လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ခရီးလမ်း

**ခရီးစဉ်အစနှင့် ဟနွိုင်းမြို့တော်သို့ ရောက်ရှိခြင်း**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နဲ့ ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဟာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာတိုလန်းနဲ့ ဇနီးတို့ရဲ့ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံဆီ တရားဝင်ခရီးစဉ် ရောက်ရှိနေပြီဖြစ်ပါတယ်။ အခု ခရီးစဉ်ဟာ နိုင်ငံတော်သမ္မတကြီးရဲ့ အစိုးရအဖွဲ့သစ်တာဝန် ထမ်းဆောင်ပြီးနောက်ပိုင်း သတ္တမအကြိမ်မြောက် ပြည်ပခရီးစဉ်ဖြစ်ပါတယ်။ တိုတောင်းလှတဲ့ အချိန်ကာလတစ်ခုအတွင်း နိုင်ငံတကာဆက်ဆံရေး စာမျက်နှာသစ်များကို အောင်မြင်စွာဖွင့်လှစ်ရေးထိုးနေခြင်းလည်းဖြစ်ပါတယ်။ ခရီးစဉ်အတွက် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းမှာ နေပြည်တော်လေဆိပ်ကနေ အထူးလေယာဉ်နဲ့ ထွက်ခွာခဲ့ကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနဲ့ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနဲ့ ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနဲ့ ဇနီးတို့အပြင် ပြည်ထောင်စုဝန်ကြီးများနဲ့ တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါတယ်။ ဒီခရီးစဉ်က မြန်မာနဲ့ ဗီယက်နမ်နှစ်နိုင်ငံတို့ရဲ့ သမိုင်းဝင်ရှည်ကြာခဲ့ပြီဖြစ်တဲ့ ချစ်ကြည်ရေး သမိုင်းကြောင်းကို ပိုမိုတောက်ပလာစေမှာ အမှန်ပါပဲ။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် သမ္မတရုံးဝန်ကြီး မစ္စတာ လဲခိုင်ဟိုင်ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဟနွိုင်းမြို့ Noi Baiအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (၄-၉-၂၀၂၆)

**ဟနွိုင်းမြို့တော်၏ ခမ်းနားသောကြိုဆိုမှု**

ဗီယက်နမ်နိုင်ငံရဲ့မြို့တော် ဟနွိုင်းမြို့ဟာ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတွေ လှပစွာရောယှက်နေတဲ့ မြို့တော်တစ်ခုပဲဖြစ်ပါတယ်။ တစ်နည်းပြောရရင် ခေတ်ဟောင်းနဲ့ခေတ်သစ် သဟဇာတကျကျ သမူဟသဘောဆောင်ပြီးသား မိတ်ဖက်ဆက်ဆံရေးနဲ့ နက်ရှိုင်းတဲ့ခင်မင်ရင်းနှီးမှုကို ထင်ဟပ်ပေါ်လွင်စေပါတယ်။

မြန်မာနဲ့ ဗီယက်နမ် နှစ်နိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံများပီပီ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတွေမှာ အစဉ်တစိုက် လက်တွဲလာခဲ့ကြပြီး သံတမန်ရေးရာ သမိုင်းကြောင်းကလည်း အင်မတန်တိုးတက်မှုကိုပါ များစွာအထောက်အကူပြုလျက်ရှိပါတယ်။

**Hai Phong စက်မှုမြို့တော်ဆီသို့ ခရီးဆက်ခြင်းနှင့် Vinfast မော်တော်ယာဉ်စက်ရုံသို့ ရောက်ရှိခြင်း**

ခရီးစဉ်ရဲ့ ဒုတိယပိုင်းအစီအစဉ်အဖြစ် မွန်းလွဲပိုင်းမှာ နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ဟနွိုင်းမြို့ရှိ နာမည်ကြီး Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီနဲ့ Viettel ဆက်သွယ်ရေးကုမ္ပဏီတို့ဆီ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပါတယ်။

နိုင်ငံတော်သမ္မတဟာ ဟနွိုင်းမြို့ကနေ Hai Phong မြို့ဘက်ကို အထူးယာဉ်တန်းနဲ့ သွားရောက်ခဲ့ပြီး လမ်းဘေးဝဲယာတစ်လျှောက်မှာ စနစ်တကျစိုက်ပျိုးရေးလုပ်ငန်းတွေလုပ်ကိုင်နေပုံ၊ မြို့ပြနဲ့ ကျေးလက်လူနေထိုင်ရာ နေရာတွေကို အချိုးကျကျ မြေအသုံးချထားရှိပုံတွေကို စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ပါတယ်။ ဒါ့ပြင် စိုက်ပျိုးရေးကိုအခြေခံတဲ့ စက်မှုလုပ်ငန်းများအတွက် ကုန်ထုတ်လမ်းများ ဖောက်လုပ်ပြီး စနစ်တကျအကောင်အထည်ဖော်ထားရှိမှုများကိုပါ လေ့လာတွေ့ရှိခဲ့ရပါတယ်။

Hai Phong မြို့ဟာ ဗီယက်နမ်နိုင်ငံရဲ့ အဓိကကျတဲ့ စက်မှုမြို့တော်နဲ့ ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့ ဖြစ်ပါတယ်။ စက်တင်ဘာလရဲ့ သာယာကြည်နူးဖွယ်ရာသီဥတုအောက်မှာ ရေကြောင်းနဲ့ ကုန်းလမ်းဆက်သွယ်ရေး အချက်အချာနေရာတစ်ခုအဖြစ် ရပ်တည်လျက်ရှိနေပါတယ်။

**Vinfast မော်တော်ယာဉ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုခြင်းနှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခြင်း**

ဆက်လက်ပြီး ကုမ္ပဏီတာဝန်ရှိသူတွေနဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်တွေ တစ်ဦးချင်း မိတ်ဆက်ခဲ့ကြပြီးနောက် Vinfast ကုမ္ပဏီရဲ့ ဥက္ကဋ္ဌနဲ့ အမှုဆောင်အရာရှိချုပ် Mr. PHAM NHAT QUAN ANH က စက်ရုံဆိုင်ရာသမိုင်းကြောင်းတွေကို ရှင်းလင်းတင်ပြခဲ့ပါတယ်။ စက်ရုံကနေ ထုတ်လုပ်လျက်ရှိတဲ့ မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ၊ ပြည်တွင်း၊ပြည်ပဈေးကွက်သို့ ဖြန့်ချိနေသည့် အခြေအနေများကို Video Clip နဲ့ ရှင်းလင်းပြသခဲ့ရာ နိုင်ငံတော်သမ္မတနဲ့ အဖွဲ့ဝင်များက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြပါတယ်။ ဒါ့ပြင် နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးအတွက် ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးပြောကြားခဲ့ပါတယ်။

ဒီလိုဆွေးနွေးရာမှာ နိုင်ငံတော်သမ္မတက အခုလို ဗီယက်နမ်နိုင်ငံရဲ့ ထင်ရှားတဲ့ မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီရဲ့ အောင်မြင်မှုများကို လာရောက်လေ့လာခွင့်ရတဲ့အတွက် အလွန်ဝမ်းမြောက်မိကြောင်း၊ မိမိတို့အနေနဲ့ ယခုခရီးစဉ်အတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ရန် ရည်ရွယ်ထားရှိပြီး Vinfast ကုမ္ပဏီနဲ့လည်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆက်လက်လေ့လာသွားမှာဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ပါတယ်။ နိုင်ငံတော်သမ္မတနဲ့အဖွဲ့ဟာ စက်ရုံအတွင်းလှည့်လည်ပြီး သတ္တုပုံဖော်ခြင်း၊ကားကိုယ်ထည်တပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်းနဲ့ အပြီးသတ်တပ်ဆင်ခြင်းစတဲ့ လုပ်ငန်းစဉ်တွေကို အလိုအလျောက်စနစ်များနဲ့ စက်ရုပ်နည်းပညာ အသုံးပြုဆောင်ရွက်နေမှုအပေါ် ကြည့်ရှုလေ့လာခဲ့ကြပါတယ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့ရှိ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။ (၄-၉-၂၀၂၆)

အထူးလေယာဉ်ကြီးဟာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲခန့်မှာ ဟန္နိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အောင်မြင်ချောမွေ့စွာ ဆိုက်ရောက်ခဲ့ပါတယ်။ လေဆိပ်မှာတော့ ဗီယက်နမ်နိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် သမ္မတရုံးဝန်ကြီး မစ္စတာလဲခိုင်ဟိုင် ဦးဆောင်တဲ့ အဆင့်မြင့်အရာရှိကြီးတွေက နွေးထွေးပျူငှာစွာ ကြိုဆိုခဲ့ကြပါတယ်။ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝေလင်းနဲ့ ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ်ဇော်မင်းနဲ့ တာဝန်ရှိသူများကလည်း ရင်းနှီးလှိုက်လှဲစွာ အသင့်စောင့်ကြိုနေကြပါတယ်။

လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေတယ်လို့ ဆိုရမှာပါ။ စက်တင်ဘာလရဲ့ ရာသီဥတုကလည်း သမမျှတပြီး နွေးထွေးတဲ့ နေရောင်ခြည်၊ သန့်စင်တဲ့လေထုနဲ့ သွားလာလှုပ်ရှားဖို့အတွက် တကယ်ကို အကောင်းဆုံးအခြေအနေပါပဲ။

လေဆိပ်မှာ ကြိုဆိုနှုတ်ဆက်စဉ်မှာပဲ နိုင်ငံ့အကြီးအကဲများကို ကြိုဆိုဂုဏ်ပြုတဲ့ ဓလေ့ထုံးစံ အစဉ်အလာနဲ့အညီ ကော်ဇောနီရဲ့ တစ်ဖက်တစ်ချက်စီမှာ ဂုဏ်ပြုတပ်ဖွဲ့က နေရာယူအလေးပြုခဲ့ကြပါတယ်။ ဂုဏ်ပြုလက်ဆောင်ပန်းစည်းများကမ်းလှမ်းပြီး နိုင်ငံတော်သမ္မတနဲ့ ဇနီးတို့ကို လှိုက်လှဲစွာ ခရီးဦးကြိုဆိုခဲ့ကြပါတယ်။ ဒီလိုခမ်းနားထည်ဝါတဲ့ ကြိုဆိုမှုက နှစ်နိုင်ငံခေါင်းဆောင်တွေကြား ရှိနှင့်ခိုင်မာနက်ရှိုင်းလှပါတယ်။ နှစ်နိုင်ငံကြား သံတမန်အဆက်အသွယ်များ စတင်ထူထောင်ခဲ့ချိန်ကစလို့ ယနေ့ထိ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှုတို့နဲ့ ချစ်ကြည်ရေးကို တည်ဆောက်နိုင်ခဲ့ကြတာ တွေ့ရပါတယ်။ အခုလို အဆင့်မြင့်ခရီးစဉ်တွေအပြန်အလှန်ဖလှယ်ခြင်းအားဖြင့် နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေးနဲ့ နည်းပညာကဏ္ဍပေါင်းစုံမှာ ပိုမိုကျယ်ပြန့်တဲ့ ပူးပေါင်းဆောင်ရွက်မှုအသစ်တွေကို ထပ်မံဖော်ဆောင်လာနိုင်မှာဖြစ်ပါတယ်။ သံတမန်ရေးရာအရ အပြုသဘောဆောင်တဲ့ ဆက်ဆံရေးကောင်းတွေက နှစ်နိုင်ငံပြည်သူတွေရဲ့ အကျိုးစီးပွားကို ဖော်ဆောင်ပေးနေရုံသာမက ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးပါတယ်။ အဆိုပါမြို့နယ်အတွင်းရှိ Cat Hai ဒေသမှာ တည်ဆောက်ထားတဲ့ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေး စက်ရုံဆီရောက်ရှိစဉ် Vingroup ရဲ့ ဒုတိယဥက္ကဋ္ဌ Madam DUONG THI HOAN နဲ့ Vinfast ကုမ္ပဏီရဲ့ ဥက္ကဋ္ဌနဲ့ အမှုဆောင်အရာရှိချုပ် Mr. PHAM NHAT QUAN ANH တို့က လှိုက်လှဲစွာကြိုဆိုခဲ့ကြပါတယ်။ Vingroup ရဲ့ အဓိကလုပ်ငန်းခွဲတစ်ခုဖြစ်တဲ့ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီဆီ နိုင်ငံတော်သမ္မတကြီးဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ လာရောက်လေ့လာမှုအပေါ် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပါတယ်။

**ခေတ်မီနည်းပညာများဖြင့် လည်ပတ်နေသည့် Vinfast စက်ရုံ၏ အောင်မြင်မှုမှတ်တိုင်များ**

ဗီယက်နမ်နိုင်ငံရဲ့ နာမည်ကျော် Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီကို ဗီယက်နမ်နိုင်ငံမြောက်ပိုင်း Hai Phong မြို့ Cat Hai ဒေသမှာ တည်ဆောက်ထားခြင်းဖြစ်ပြီး

စာမျက်နှာ ၂၂သို့

စာမျက်နှာ ၂၁ မှအဆက်

၂၀၁၇ ခုနှစ် စက်တင်ဘာလမှာ စက်ရုံတည်ဆောက်ရေးစတင်ခဲ့ကာ ၂၁ လအတွင်း အပြီးတည်ဆောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် ဇွန် ၁၄ ရက်မှာတော့ စက်ရုံကို တရားဝင်ဖွင့်လှစ်ခဲ့ပြီး လျှပ်စစ်မော်တော်ယာဉ်များနဲ့ လျှပ်စစ်မော်တော်ဆိုင်ကယ်များကို အဓိကထားထုတ်လုပ်လျက်ရှိပါတယ်။ ဧရိယာစတုရန်းမီတာ ၅၀၀၀၀၀ ကျော် ကျယ်ဝန်းတဲ့ အဆိုပါစက်ရုံကြီးမှာ ခေတ်မီနည်းပညာများ၊ အလိုအလျောက်စနစ်များနဲ့ စက်ရုပ်နည်းပညာများကို အပြည့်အဝအသုံးပြုထားကြောင်း တွေ့ရှိရပါတယ်။ ဘက်ထရီထုတ်လုပ်ခြင်း အပါအဝင် လိုအပ်တဲ့ ထောက်ပံ့ရေးကဏ္ဍများကိုပါ ပြည်တွင်းမှာ ချိတ်ဆက်တည်ဆောက်ထားနိုင်ခြင်းက ကုမ္ပဏီရဲ့မဟာဗျူဟာမြောက် အောင်မြင်မှုကြီးတစ်ခုပဲဖြစ်ပါတယ်။

လက်ရှိမှာတော့ Vinfast ဟာ ဗီယက်နမ်နိုင်ငံရဲ့ မော်တော်ယာဉ်ထုတ်လုပ်ရေးနဲ့ လျှပ်စစ်ယာဉ်ကဏ္ဍမှာ ဦးဆောင်နေရာကနေ ပါဝင်နေရုံသာမက ဗီယက်နမ်နိုင်ငံမှာ စက်ရုံနှစ်ရုံ၊အင်ဒိုနီးရှားနိုင်ငံမှာ စက်ရုံတစ်ရုံ၊ အိန္ဒိယနိုင်ငံမှာ စက်ရုံတစ်ရုံတို့နဲ့ နိုင်ငံတကာဈေးကွက်ဆီကိုပါ အောင်မြင်စွာတိုးချဲ့လည်ပတ်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတဟာ စက်ရုံခရီးစဉ်အတွင်း အပြီးသတ်ထုတ်လုပ်ထားတဲ့ မော်တော်ဆိုင်ကယ်များနဲ့ မော်တော်ယာဉ်များကိုလည်း စိတ်ဝင်တစားနဲ့ လှည့်လည်ကြည့်ရှုခဲ့ပြီး ရင်းရင်းနှီးနှီး မေးမြန်းဆွေးနွေးခဲ့ပါတယ်။ ဒီလိုလေ့လာမှုတွေက မြန်မာနိုင်ငံရဲ့ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံကောင်းတွေကို ရရှိလာစေမှာအမှန်ပါပဲ။

**Viettel ဆက်သွယ်ရေးကုမ္ပဏီသို့ ရောက်ရှိခြင်းနှင့် Mytel ပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေးခြင်း**

အဲ့ဒီနောက်မှာတော့ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ နာမည်ကျော် Viettel ဆက်သွယ်ရေးကုမ္ပဏီဆီ ဆက်လက်ထွက်ခွာခဲ့ကြပါတယ်။ ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Sr. Lt. Gen. Nguyen Quang Ngoc၊ Viettel Group ရဲ့ ဥက္ကဋ္ဌနဲ့ အမှုဆောင်အရာရှိချုပ် Lt. Gen. Tao Duc Thang တို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးတဲ့ သံတမန်ဆက်ဆံရေးနဲ့ Viettel ကုမ္ပဏီရဲ့ ပူးပေါင်းဆောင်ရွက်မှု မှတ်တိုင်များကို ဖော်ညွှန်းတဲ့ Video Clip ကို ပြသခဲ့ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံမှာ Mytel အမှတ်တံဆိပ်နဲ့ ဆက်သွယ်ရေးကွန်ရက်တစ်ခု အောင်မြင်စွာဖွံ့ဖြိုးတိုးတက်လာခဲ့တဲ့အခြေအနေများကို အသေးစိတ်ဖော်ပြခဲ့ကြတာ အလွန်ပဲဂုဏ်ယူစရာကောင်းလှပါတယ်။

Viettel Group ရဲ့ ဥက္ကဋ္ဌနဲ့ အမှုဆောင်အရာရှိချုပ် Lt. Gen. Tao Duc Thang က အဆွေတော်သမ္မတကြီးအနေနဲ့ Viettel Group နဲ့ Mytel တို့အပေါ် အမြဲတမ်းထောက်ခံအားပေးခဲ့မှုများအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါတယ်။ အထူးသဖြင့် "Mytel" ဟူသောအမည်နာမဟာ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် စေတနာရှေ့ထား ရွေးချယ်ပေးအပ်ခဲ့တဲ့ အမည်ဖြစ်တဲ့အတွက် ကုမ္ပဏီအနေနဲ့ အထူးတလည် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။ ရှေ့ဆက်ပြီး Mytel နဲ့ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်လိုပါကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာ၊ ဒစ်ဂျစ်တယ် လမ်းပန်းဆက်သွယ်ရေးနဲ့ သယ်ယူပို့ဆောင်ရေး ကဏ္ဍများမှာ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများစွာ ရှိနေပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါတယ်။

**ဒစ်ဂျစ်တယ်နှင့် နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ဖိတ်ခေါ်ခြင်း**

အခုလို တင်ပြချက်တွေနဲ့ပတ်သက်ပြီး နိုင်ငံတော်သမ္မတက နှစ်ဖက်သဘောတူညီချက်များကို အပြည့်အဝအကောင်အထည်ဖော်ကာ လုပ်ငန်းဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် တိုးချဲ့ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံအတွင်း ဆက်သွယ်မှုကွန်ရက်များ ပိုမိုကောင်းမွန်လာစေရန် အားပေးလျက်ရှိကြောင်း၊ ရတနာပုံဆိုက်ဘာစီးတီးအပါအဝင် မြန်မာနိုင်ငံရဲ့ နည်းပညာအထူးဇုန်များမှာ ရင်းနှီးမြှုပ်နှံပြီး ဒစ်ဂျစ်တယ်နဲ့ နည်းပညာဆိုင်ရာ ပစ္စည်းများကို လာရောက်ထုတ်လုပ်နိုင်ကြောင်း ဖိတ်ခေါ်ပြောကြားခဲ့ပါတယ်။

ဒီနောက်မှာတော့ နိုင်ငံတော်သမ္မတနဲ့ Viettel Group ရဲ့ ဥက္ကဋ္ဌနဲ့ အမှုဆောင်အရာရှိချုပ်တို့ဟာ အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ခဲ့ကြပြီး ခရီးစဉ်ရဲ့အစီအစဉ်များကို အောင်မြင်ချောမွေ့စွာ ဆက်လက်ဆောင်ရွက်ခဲ့ကြပါတယ်။ နိုင်ငံတော်သမ္မတဟာ Viettel Group ကနေ ပြန်လည်ထွက်ခွာရာမှာ ကုမ္ပဏီဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိချုပ်နဲ့ တာဝန်ရှိသူတွေက ရင်းနှီးနွေးထွေးစွာ ပြန်လည်ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါတယ်။

ဒီလိုမျိုး အဆင့်မြင့်နိုင်ငံတော်ခရီးစဉ်တွေက နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးကို ပိုခိုင်မာစေသလို စီးပွားရေး၊ နည်းပညာနဲ့ စက်မှုကဏ္ဍပေါင်းစုံမှာ အပြန်အလှန်အကျိုးရှိမယ့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု အသစ်တွေကိုပါ ဖော်ဆောင်ပေးနိုင်မယ့် သမိုင်းဝင်ခြေလှမ်းတွေပါပဲ။ ဟန္နိုင်းမြို့တော်ရဲ့ နွေးထွေးခမ်းနားတဲ့ကြိုဆိုမှုတွေအပြင် Hai Phong စက်မှုမြို့တော်က ခေတ်မီနည်းပညာသုံး Vinfast မော်တော်ယာဉ်စက်ရုံနဲ့ Viettel ဆက်သွယ်ရေးကုမ္ပဏီတွေကို သွားရောက်လေ့လာ ဆွေးနွေးခဲ့တာတွေကလည်း မြန်မာနိုင်ငံရဲ့ စက်မှုဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒစ်ဂျစ်တယ်ကဏ္ဍမြှင့်တင်ရေးအတွက် တကယ်ကိုအဖိုးတန်ပြီး လက်တွေ့ကျတဲ့ အတွေ့အကြုံကောင်းတွေကို ရရှိစေခဲ့ပါတယ်။

ရှေ့ဆက်မယ့် အနာဂတ်မှာလည်း ပထဝီနိုင်ငံရေးနဲ့ အာဆီယံအဖွဲ့ဝင် အိမ်နီးချင်းကောင်းတွေပီပီ နှစ်နိုင်ငံအစိုးရနဲ့ ပြည်သူတွေကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်လေးစားမှုတွေကိုအခြေခံပြီး စီးပွားရေးနဲ့ နည်းပညာပူးပေါင်းဆောင်ရွက်မှုတွေကိုပိုတိုးမြှင့်ကာ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အတူတကွလက်တွဲဖော်ဆောင်သွားကြမှာဖြစ်ပါကြောင်း သတင်းစကားပါးလိုက်ရပါတယ်။

ရဲခေါင်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Viettel ဆက်သွယ်ရေးကုမ္ပဏီအစည်းအဝေးခန်းမ၌ ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Sr. Lt. Gen. Nguyen Quang Ngoc၊ Viettel Group ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Lt. Gen. Tao Duc Thang၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (၄-၉-၂၀၂၆)

**ဒီလိုမျိုး အဆင့်မြင့်နိုင်ငံတော်ခရီးစဉ်တွေက နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးကို ပိုခိုင်မာစေသလို စီးပွားရေး၊ နည်းပညာနဲ့ စက်မှုကဏ္ဍပေါင်းစုံမှာ အပြန်အလှန်အကျိုးရှိမယ့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုအသစ်တွေကိုပါ ဖော်ဆောင်ပေးနိုင်မယ့် သမိုင်းဝင်ခြေလှမ်းတွေပါပဲ။ ဟန္နိုင်းမြို့တော်ရဲ့ နွေးထွေးခမ်းနားတဲ့ကြိုဆိုမှုတွေအပြင် Hai Phong စက်မှုမြို့တော်က ခေတ်မီနည်းပညာသုံး Vinfast မော်တော်ယာဉ်စက်ရုံနဲ့ Viettel ဆက်သွယ်ရေးကုမ္ပဏီတွေကို သွားရောက်လေ့လာ ဆွေးနွေးခဲ့တာတွေကလည်း မြန်မာနိုင်ငံရဲ့ စက်မှုဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒစ်ဂျစ်တယ်ကဏ္ဍမြှင့်တင်ရေးအတွက် တကယ်ကိုအဖိုးတန်ပြီး လက်တွေ့ကျတဲ့ အတွေ့အကြုံကောင်းတွေကို ရရှိစေခဲ့ . . .**


## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၅**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း စက်တင်ဘာ ၆ ရက်မှ ၉ ရက်အတွင်း မကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့်နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။



# လွှတ်တော်ကဏ္ဍမြင့်မားတိုးတက်စေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေများကို ကျကျနနသိရှိအောင် လေ့လာဆောင်ရွက်သွားရန် လိုအပ်



**မန္တလေး စက်တင်ဘာ ၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်သဘင်ဆောင်၌ တွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များသည် အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကဏ္ဍအသီးသီးကို သီးခြားစီအကောင်အထည်ဖော်ဆောင်ရွက်ရသည့် လွှတ်တော်များပင်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေးမဏ္ဍိုင် စနစ်တကျ ခိုင်မာအားကောင်းစေရေးနှင့် လွှတ်တော်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို လွှတ်တော်များအချင်းချင်းပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကဏ္ဍမြင့်မားတိုးတက်စေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေများကို ကျကျနနသိရှိအောင် လေ့လာဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် လွှတ်တော်ကဏ္ဍ မြင့်မားတိုးတက်စေရေးအတွက် လွှတ်တော်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်း ငါးနှစ်စီမံချက်ရေးဆွဲချမှတ်ထားရှိပြီးဖြစ်ပါကြောင်း၊ ယင်းစီမံချက်ပါ ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်စေရေးကိုလည်း အဆင့်လိုက်စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်၏လုပ်ငန်းစဉ်များနှင့် လွှတ်တော်၏ အနှစ်သာရများကိုကောင်းစွာသိရှိနားလည်သဘောပေါက်ရန် လိုအပ်ပါကြောင်း။

လွှတ်တော်များ၏ တာဝန်သည် ဥပဒေပြုရေးနှင့် ပြည်သူကို ကိုယ်စားပြုရေးသည် အဓိကဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင်ကျင့်သုံးသည့် လွှတ်တော်များတွင် လွှတ်တော်နှစ်ရပ်စနစ် (Bicameral)နှင့် လွှတ်တော်တစ်ရပ်စနစ်(Unicameral)ဟူ၍ လွှတ်တော်နှစ်ရပ်ရှိပါကြောင်း၊ မိမိတို့လွှတ်တော်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးဆောင်ရွက်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုစီတွင်လွှတ်တော်တစ်ရပ်စီ ကျင့်သုံးဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံတော်၏မူဝါဒများကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် အနီးကပ်ဆုံးပီပီပြင်ပြင်အကောင်အထည်ဖော်ဆောင်ရွက်ပေးရသည့် အရေးကြီးသည့် လွှတ်တော်ဖြစ်ပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ ပြည်သူ့အသံ ပြည်သူ့ဆန္ဒကိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးရသည့် နေရာဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အသံဖော်ဆောင်သည့်အနေဖြင့် လွှတ်တော်သို့ မေးခွန်းများ အဆိုများတင်သွင်းသည့်အခါတွင် စာအရေးအသား၊ စကားရပ်အသုံးအနှုန်းများနှင့် ပတ်သက်၍ နိုင်ငံတော်က အသိအမှတ်ပြုသုံးစွဲလျက်ရှိသည့် တရားဝင်အသုံးအနှုန်းများဖြင့်သာ သတိပြုရေးသားပြောဆို ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများက စိတ်ကြိုက်ရွေးချယ်ပေးလိုက်သည့်သူများဖြစ်သည့်အတွက် ပြည်သူများ၏ လိုအပ်ချက်များကို စိတ်ကျေနပ်အောင်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ကဏ္ဍ ခိုင်မာအားကောင်းစေရေးအတွက် ကော်မတီများသည်လည်း အရေးကြီးပါကြောင်း၊ ကော်မတီများအနေဖြင့် ဥပဒေပြုရေးနှင့် အခြားလုပ်ငန်းစဉ်များတွင် ပိုမိုကျယ်ပြန့်စွာတာဝန်ယူဆောင်ရွက်နိုင်ရန်အတွက် တတ်သိပညာရှင်များ၊ သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် လက်တွေ့ဆောင်ရွက်နေသူများကိုဖိတ်ခေါ်၍ အဖွဲ့များဖွဲ့ကာ လွှတ်တော်လုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အစည်းအဝေးခန်းမသည် လွှတ်တော်၏မျက်နှာစာဖြစ်သကဲ့သို့ လွှတ်တော်က ဖွဲ့စည်းထားသည့် ကော်မတီများသည်လည်း လွှတ်တော်၏ အသည်းနှလုံးဖြစ်သည်ဆိုသောဆိုရိုးစကားအတိုင်း အဓိကကျသည့်မဏ္ဍိုင်များဖြစ်ပြီး လွှတ်တော်ငယ်များဟု တင်စားနိုင်ပါကြောင်း။

ကော်မတီများအနေဖြင့် မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်လျက်ရှိသည့် ဥပဒေများကို လေ့လာဆန်းစစ်သုံးသပ်ဆောင်ရွက်သွားကြရာတွင် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပညာရှင်များ၊ လက်တွေ့ဆောင်ရွက်နေကြသူများကို ဖိတ်ခေါ်ကာ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် ဥပဒေဆိုင်ရာအခက်အခဲများ၊ အကြံပြုချက်များကို လေ့လာသုံးသပ်ပြီး လွှတ်တော်ကို ပိုမိုခိုင်မာအားကောင်းအောင် ပံ့ပိုးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ တာဝန်ယူစဉ်ကာလအတွင်း လွှတ်တော်ကဏ္ဍ ပိုမိုမြင့်မားတိုးတက်စေရေးကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကို လူထုလူတန်းစားအသီးသီးက ပိုမိုသိရှိစေရေးနှင့် လွှတ်တော်၏ ဆောင်ရွက်ချက်များကို မျက်မြင်ကိုယ်တွေ့ထိတွေ့နိုင်ရေးအတွက် လွှတ်တော်သို့ လာရောက်လေ့လာနိုင်ရန် ဖိတ်ကြားဆောင်ရွက်ခြင်းနည်းလမ်းများ၊ အွန်လိုင်းမီဒီယာ၊ Printed Media နည်းလမ်းများကို အသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊လွှတ်တော်ကို ပြည်သူများ ပိုမိုသိရှိနိုင်ရန်နှင့် လွှတ်တော်၏လုပ်ဆောင်ချက်များ မြင်သာထင်သာရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မိမိတို့တိုင်းဒေသကြီးအတွင်းရှိသည့် တက္ကသိုလ်များ၊ အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများကိုဖိတ်ကြားပြီး လွှတ်တော်လေ့လာရေးကို ဖော်ဆောင်ပေးရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်၏လုပ်ဆောင်ချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက်လည်း လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် သတင်းပြန်ကြားရေးအဖွဲ့များဖွဲ့စည်းဆောင်ရွက်ခြင်း၊ လွှတ်တော် Website များတည်ထောင်ခြင်း၊ လူမှုကွန်ရက်စာမျက်နှာများဖွင့်လှစ်၍ ပြည်သူကိုအချိန်နှင့်တစ်ပြေးညီ သိမြင်စေရေး ဆောင်ရွက်သွားကြစေလိုကြောင်း။

လွှတ်တော်ကဏ္ဍ မြင့်မားတိုးတက်အောင်ဆောင်ရွက်သည့်နေရာတွင် ပိုမိုအထောက်အကူ ပြုနိုင်စေရန်အတွက် နိုင်ငံတကာလွှတ်တော်များကဲ့သို့ Open Parliament၊ Mock Parliament၊ Public Hearings၊ Online Petition Committee ကဲ့သို့သော ပါလီမန်ဆိုင်ရာ အလေ့အထများနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးပြုလုပ်သွားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ် စွမ်းရည်မြှင့်တင်ရေးသာမက ဥပဒေပြုရေးဆောင်ရွက်သည့်အခါတွင် ပိုမိုအထောက်အကူပြုစေရန် ဘာသာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ၊ Seminar များ၊ Talk Show များ ပြုလုပ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် လွှတ်တော်၏အရည်အသွေးများ ပိုမိုမြင့်မားအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံပါလီမန်များပူးပေါင်းဆောင်ရွက်ရေးအဖွဲ့-AIPO စတင်ဖွဲ့စည်းစဉ်ကတည်းက ပါဝင်ခဲ့ပြီး ယခုအာဆီယံပါလီမန်များညီလာခံ-AIPA တွင်လည်း အဖွဲ့ဝင်အဖြစ် ဆက်လက်တည်ရှိပါကြောင်း၊ အလားတူပင် နိုင်ငံတကာ ပါလီမန်များအဖွဲ့-IPU တွင်လည်း အဖွဲ့ဝင်အဖြစ်ဆက်လက်တည်ရှိပါကြောင်း၊ နိုင်ငံတကာစာမျက်နှာနှင့် အာဆီယံပါလီမန်များညီလာခံ၊ နိုင်ငံတကာပါလီမန်များအဖွဲ့တို့နှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

လွှတ်တော်သည် နိုင်ငံတော်၏အရေးပါဆုံးအမျိုးသားအဆင့်အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် လွှတ်တော်၏ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လွှတ်တော်သည် နိုင်ငံတော်နှင့် ပြည်သူက ပိုမိုယုံကြည်အားကိုးအားထားပြုနိုင်အောင် ကြိုးစားသွားကြပါစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးကျင်းပခဲ့မှုအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အတူ မန္တလေးတိုင်းဒေသကြီးလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ရေးရာကော်မတီများ၏ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်တွေ့ဆုံရာ ကော်မတီဥက္ကဋ္ဌများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အတူ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးဝန်ထမ်းများနှင့်တွေ့ဆုံပြီး နှုတ်ခွန်းဆက်အမှာစကားပြောကြားကာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး ဝန်ထမ်းသားသမီးများကိုပညာသင်ငွေနှင့်ဝန်ထမ်းများအတွက် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**



# ဒုတိယသမ္မတ ဦးညိုစော ၁၁ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့တက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

ဒုတိယသမ္မတ ဦးညိုစောသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပခဲ့သည့် ၁၁ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီး ယနေ့ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် လေကြောင်းခရီးဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှထွက်ခွာပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယသမ္မတ ဦးဆောင်သည့်ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ဒုတိယဝန်ကြီးများလည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ



**မန္တလေး စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ကျောင်းသူများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မဟာအောင်မြေ မြို့နယ်ရှိ ရတနာပုံခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး ဒေါ်မမ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် ဇနီး ဒေါ်အင်ကြင်းခိုင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ကိုယ်ပိုင်ကျောင်း တည်ထောင်အုပ်ချုပ်သူများ၊ ဆရာ၊ ဆရာမများ၊ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၊မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဘက်စုံပညာကိုရည်တို့လှမ်းချီ"သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကိုဖွင့်လှစ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ သုံးဦး၊ ဘာသာစုံဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးကို လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးက သိပ္ပံဘာသာတွဲတွင်မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ရရှိသည့် ကျောင်းသား၊ ကျောင်းသူ သုံးဦးနှင့် ဘာသာစုံဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ရှစ်ဦးကို လည်းကောင်း၊ ဝန်ကြီးချုပ်၏ ဇနီးက သိပ္ပံဘာသာတွဲနှင့် ဝိပ္ပံဘာသာတွဲတို့တွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ သုံးဦး၊ ဘာသာစုံဂုဏ်ထူးရ ကျောင်းသား၊ကျောင်းသူ ရှစ်ဦးကိုလည်းကောင်း၊ တိုင်းမှူး၏ ဇနီးက ဝိပ္ပံဘာသာတွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ သုံးဦး၊ ဘာသာစုံဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ရှစ်ဦးကိုလည်းကောင်း ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်နယ်မှူးနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူးနှင့် ဇနီး၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်၊ တိုင်းဒေသကြီးပညာရေးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများကို ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်သည်။

ထို့နောက် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ကျောင်းသူများ ကိုယ်စား သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး အဆင့်(၁)ရရှိသည့် မသီရိစိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ အမှတ်(၁၄)၊ အမှတ်(၂၇)၊ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက "ဘက်စုံပညာကိုရည်တို့လှမ်းချီ"၊ "မန္တလေးကကြိုမယ်" တေးသီချင်း၊ "အောင်မြင်ပါစေ မြန်မာပြည်" တေးသီချင်း၊ "ဇာတိမာန်"တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြမှုများကို ကြည့်ရှုအားပေးကြပြီး ထူးချွန်ကျောင်းသား၊ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးအနေဖြင့် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး စာရင်းဝင် ၁၀ ဦးအပါအဝင် စုစုပေါင်း ဂုဏ်ထူးရှင် ၈၇၃၈ ဦး၊ ရိုးရိုးအောင် ၁၉၆၅၅ ဦးဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် အောင်ချက်ရာခိုင်နှုန်း ပထမအဆင့်၊ အလားတူ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး စာရင်းဝင် နှစ်ဦး အပါအဝင် စုစုပေါင်း ဂုဏ်ထူးရှင် ဦးရေ ၆၀၊ ရိုးရိုးအောင် ၁၀၄ ဦးဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် အောင်ချက်ရာခိုင်နှုန်း သတ္တမအဆင့်တို့တွင် ရရှိခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်း ဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း ကျုံပျော်မြို့နယ်တွင် ဝေန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၈ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၇ ပေ ၁ လက်မခန့်သာ ကျန်ရှိသဖြင့် ၁ ပေခန့် ကျဆင်းသွားကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် ဝေန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၇ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၄ လက်မခန့်သာ ကျန်ရှိသဖြင့် ကိုးလက်မခန့်ကျဆင်းသွားခဲ့ကြောင်း၊ ငါးသိုင်းချောင်းမြို့နယ်တွင် ဝေန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၈ ပေ ၁ လက်မခန့်သာ ကျန်ရှိသဖြင့် ၂ ပေ ၈ လက်မခန့်ထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ရွာ၊ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ဆေးခန်းများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို ယနေ့တွင် အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ထို့ပြင် ဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ (Geobags) သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝေန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့်လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

**မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ**

**နေပြည်တော် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားသည်။ (မိုး/ဇလ)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲကျင်းပ



ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၅**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များကမ်း၍ လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက တာကိုယ်ထည်တိုက်စားမှု တားဆီးကာကွယ်ရေး ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့်(၁၁/၇)ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေ တိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာကို တာမိုင် (၁၁/၅)နှင့် (၁၁/၆) ကြား ယာယီပန်းတာတည်ဆောက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ မြစ်ကမ်းပါးရေတိုက်စားမှုဒဏ်ကာကွယ်ရန်နှင့် ကမ်းပါးမြေ မပြိုကျစေရန် ထိန်းသိမ်းခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၈)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တွေ့ဆုံအားပေး



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၈)သို့ တက်ရောက်ကြမည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်း ရတနာများကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ဌာနဆိုင်ရာတာဝန်ရှိသူများက တပ်နယ်အားကစားရုံ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်း ရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၆ ခုနှစ် စက်တင်ဘာ ၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# အောင်ပန်းမြို့နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ သံဃာတော်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၅**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ ကမ္ဘားနီကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ၌ ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၃ ပါး၊ ဒေသခံပြည်သူ ၂၇၉ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ ဖျားနာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ Ultrasound စက်ဖြင့် ရောဂါရှာဖွေပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အဆိုပါကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မှော်အနောက်ရပ်ကွက်ရှိ လိုရာပြည့်စုံ ရန်မျိုးလုံပေါ်တော်မူဘုရားငါးဆူ၌အခြေပြု၍ အဆိုပါရပ်ကွက်ရှိ ဒေသခံပြည်သူ ၁၂၂ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်ကလက်ခံထားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇) ၆ မိုင်ခွဲ ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့**နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့ရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ(အားလုံး) ပြည့်စုံစွာ ဖော်ပြတိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာ ဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါအကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေအရ တရားရုံးတစ်ခုခု၏ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## ❍ နေပြည်တော်ရေပန်းဥယျာဉ်မှ

ရေပန်းရုပ်ရှင် (3D Water Screen Laser Movie) အစီအစဉ်ကို ပြသဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

နေပြည်တော် ရေပန်းဥယျာဉ်သည် နေပြည်တော်၏ အထင်ကရနေရာများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး နေပြည်တော်တွင် နေထိုင်ကြသည့် ဝန်ထမ်းများနှင့် အများပြည်သူများ၊ ပြည်တွင်း၊ပြည်ပခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာဖြင့် လာရောက်အပန်းဖြေအနားယူနိုင်စေရန်ရည်ရွယ်၍ တည်ဆောက်ထားရှိခြင်းဖြစ်ပြီး နေပြည်တော်ရေပန်းဥယျာဉ် အဆင့်မြှင့်တင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သည့် Mini Wave Pool တည်ဆောက်ခြင်း၊ အပျော်စီးရထားတည်ဆောက်ခြင်း၊ Ferris Wheel တည်ဆောက်ခြင်း၊ အပျော်စီးကား Buggy များထားရှိခြင်း၊ ကစားနည်းအမျိုး ၂၀ ပါဝင်သည့် ကစားကွင်းတစ်ခု တည်ဆောက်ခြင်းနှင့် 3D Water Screen Laser Movie ပြသရန် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို Sun Myat Htun Co.,Ltd. က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ရေပန်းဥယျာဉ် အပိုင်း (၂)တွင် အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိပြီးဖြစ်သည့် ရေပန်းရုပ်ရှင်(3D Water Screen Laser Movie) ပြသလျက်ရှိရာ ယမန်နေ့ညပိုင်းက နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်းသည် နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင်နှင့် ကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီတို့မှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်ရေပန်းဥယျာဉ်သို့ လာရောက်လည်ပတ်ကြသူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ❑ ဥစားကြက်ခြံမှ

ကြက်ကောင်ရေ ၂၆ သိန်းကျော်၊ အသားစားကြက်ခြံ ၁၂၈၂ ခြံတွင် ကြက်ကောင်ရေ ၆၆ သိန်းကျော်မွေးမြူထားရှိကာ နေ့စဉ် ဒေသစားသုံးသူဈေးကွက်အတွက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

“တိုင်းဒေသကြီးအတွင်းမှာ စားရေးရိက္ခာဖူလုံမှု အထောက်အကူဖြစ်စေတဲ့ မွေးမြူရေးလုပ်ငန်းတွေ အရှိန်အဟုန်မပျက်မွေးမြူထုတ်လုပ်နိုင်အောင် ကောင်းမွန်တဲ့မွေးမြူရေးကျင့်စဉ်နဲ့အညီ မွေးမြူထုတ်လုပ်ဖို့ ကြပ်မတ်ဆောင်ရွက်နေပါတယ်။ အခြေခံစားသောက်ကုန်ဖြစ်ပြီး အများဆုံးစားသုံးနေကြတဲ့ ကြက်ဥနဲ့ ကြက်သားကို ကျန်းမာရေးနဲ့အညီ စားသုံးနိုင်အောင် မွေးမြူရေးခြံတွေမှာ မျိုးကောင်းမျိုးသန့်တွေ မွေးမြူဖို့၊ အစာကိုစနစ်တကျစီမံပြီး ဒေသထွက်ကုန်ကြမ်းကိုပဲအသုံးပြုဖို့၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကို စနစ်တကျဆောင်ရွက်ဖို့၊ မွေးမြူရေးကဏ္ဍမှာ မှတ်တမ်း၊ စာရင်းဇယားတွေ စနစ်တကျထားရှိပြီး စားသုံးသူအဆင်ပြေစေတဲ့ဈေးကွက်ကို ဖော်ဆောင်ဖို့ ဆောင်ရွက်နေပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ အောင်မျိုးဟန်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး၏ လူဦးရေ ခုနစ်သန်းကျော်သည် ကြက်ဥနှင့် ကြက်သား စားသုံးမှုအနေဖြင့် တစ်ရက်လျှင် ကြက်သား ၁၄၈ တန်ခန့်နှင့် ကြက်ဥအလုံး သုံးသန်းခန့် ပျမ်းမျှစားသုံးမှုရှိကြောင်း သိရသည်။

တိုင်းဒေသကြီးအတွက် ကြက်ဥနှင့် ကြက်သားများ အများဆုံးထုတ်လုပ်ပေးနေသည့် လှည်းကူးမြို့နယ် ငါးဆူတောင်ကုမ္ပဏီ ကြက်မွေးမြူရေးခြံက အသားတိုးကြက် ၁၅၀၀၀၀၊ ဥစားကြက် ၁၅၀၀၀၀ မွေးမြူထားပြီး နေ့စဉ် ကြက်ဥအလုံး ၁၂၀၀၀၀ နှင့် ကြက်သားပိဿာ ၄၀၀၀ ထုတ်လုပ်ပေးနေကြောင်း၊ Myanmar Green Light မွေးမြူရေးခြံ ၁၃ ခြံက နေ့စဉ် ကြက်ဥအလုံး ၅၈၀၀၀၀ ကျော်ထုတ်လုပ်ဖြန့်ဖြူးပေးနေကြောင်း သိရသည်။

ထို့ပြင် မှော်ဘီမြို့နယ်နှင့် အခြားမြို့နယ်များရှိ ကြက်မွေးမြူရေးခြံများကလည်း သက်ဆိုင်ရာခြံအလိုက် ဒေသစားသုံးသူဈေးကွက်အတွက် နေ့စဉ် ဖြန့်ဖြူးထုတ်လုပ် ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သစ္စာ(MNA)**

# အောင်ဇေယျမြို့သစ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၅**

တပ်မတော်ဆေးကုသရေးအဖွဲ့များ အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေး အဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး အောင်ဇေယျမြို့သစ်ရှိ အရိယမဂ္ဂဓမ္မာရုံ၌ အခြေပြု၍ အမှတ်(၁) အောင်ဇေယျ စစ်မှုထမ်းအိမ်ရာမှ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၈၇ ဦး တို့ကို သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ဖျားနာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အရေပြားရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ် စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို Wheel Chair နှစ်စုံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် အခြေခံပညာကျောင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အပါအဝင် မြို့နယ် လေးမြို့နယ်ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ အခြေခံပညာကျောင်းများ၌ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေး အတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများ ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်း၊ ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

**❖ ဂုဏ်ပြုကြိုဆိုမှ**

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

**◆ ပိုက်ကျော်ခြင်းပြိုင်ပွဲမှ**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

စက်တင်ဘာ ၆ ရက်(**ယနေ့**)နံနက် ၁၀ နာရီမှစတင်၍ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ဥပဒေရေးရာဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းနှင့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအသင်း၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**● ရန်ကုန်-နေပြည်တော်လမ်းပိုင်းမှ**

ဒုတိယတွဲဖြစ်သော ပထမတန်းတွဲ DEMU F-4030 တွဲ၏ ခုံအမှတ် 3A, 3 B နှင့် 4 A, 4 B အကြား ပြတင်းတံခါးဘေးလေကာမှန် နှစ်လက်မခန့် ပေါက်ထွက်သွားပြီး မှန်ကြေမွ ကွဲအက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် အမှတ်(၈)အစုန်ရထား ခရီးဆုံးဘူတာသို့ရောက်ရှိပြီး ရထားသိမ်းရန် မိခင်စက်ရုံသို့ထွက်ခွာမောင်းနှင်စဉ်ဖြစ်ပွားခဲ့သဖြင့် စက်ခေါင်းမောင်းနှင့် စက်မှုစက်ပြင်အဖွဲ့သာ ပါရှိခဲ့ပြီး စက်ခေါင်းစက်ရုံ(အင်းစိန်)သို့ ရောက်ရှိမှသာ သိရှိခဲ့ရသဖြင့် တရားခံဖမ်းဆီးရမိရေးနှင့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေနှင့်အညီအရေးယူနိုင်ရန် သက်ဆိုင်ရာ အင်းစိန်နယ်မြေရဲစခန်း၌ အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉(ခ)အရ ရထားကိုတစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း သို့မဟုတ် တစ်စုံတစ်ရာ ပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄) အရ ထိုသူကို အနည်းဆုံး ငါးနှစ်မှ ၂၀ နှစ်ထိ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်းချမှတ်နိုင်ကြောင်း သိရှိရပြီး ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည် ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းသွားရန်လိုအပ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




မြန်မာ့မီးရထားအမှတ်(၈)အစုန် DEMU ရထားအား ခဲဖြင့်ပစ်ပေါက်မှုကြောင့် ပထမတန်းတွဲ၏ ပြတင်းတံခါးဘေး လေကာမှန် နှစ်လက်မခန့် ပေါက်ထွက်ကြေမွအက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သီပေါမြို့အနား၊ ဘော်ကြိုဘုရား

သက်နိုင်(ပြင်ဦးလွင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ခရီးစဉ်မှာ နာမည်ကျော်ဂုတ်တွင်းလမ်းကို ဖြတ်ကျော်မောင်းနှင်လာခဲ့ပြီး ကျောက်မဲမြို့နယ်အတွင်းမှာရှိတဲ့ ရှုခင်းသာကြည့်နေရာကို ရောက်ရှိနေပါပြီ။ ဒီနေရာက သာယာလှပတဲ့ရှုမျှော်ခင်းတွေကို ကြည့်ရှုခံစားဖို့အတွက် အကောင်းဆုံးနေရာတစ်ခုဖြစ်နေသလို ဂုတ်တွင်းလမ်းမကြီး တိုးချဲ့ပြုပြင်စဉ်အခါတုန်းက ဒီနေရာလေးမှာ ရှင်းလင်းဆောင်တစ်ခုဆောက်လုပ်ထားခဲ့တယ်။ အဲဒီရှင်းလင်းဆောင်ပေါ်ကနေ ဂုတ်တွင်းလမ်းပိုင်းတစ်ခုလုံးကို ရှင်းရှင်းလင်းလင်းမြင်တွေ့နိုင်ပါတယ်။ အခုအချိန်မှာ ရှင်းလင်းဆောင်မရှိတော့တဲ့အတွက် မိမိတို့က ကျောက်ကမ်းပါးယံအစွန်းတစ်နေရာကနေ ရှုခင်းတွေကို ကြည့်ရှုကြရတယ်။ မြင်ကွင်းရဲ့ဘယ်ဘက်အခြမ်းမှာ ဂုတ်ထိပ်တံတားကြီးနဲ့ မီးရထားလမ်းဖောက်လုပ်ထားတဲ့ လိုဏ်ဂူပေါက်ကြီးတွေ၊ အရှေ့တည့်တည့်အဝေးတစ်နေရာမှာ နောင်ချိုမြို့နယ်အတွင်းက အတက်အဆင်းလမ်းပိုင်းနေရာတွေ၊ မိမိတို့ရပ်နေတဲ့ ကျောက်ကမ်းပါးကြီးရဲ့ အောက်ခြေမှာ အထပ်ထပ်အဆင့်ဆင့်ဖြစ်နေတဲ့ ကျောက်မဲမြို့နယ်အတွင်းက လမ်းပိုင်းနေရာတွေကို ထင်ထင်ရှားရှားမြင်တွေ့နေရတယ်။ ကျန်တဲ့ပတ်ဝန်းကျင်တစ်ခုလုံးမှာတော့ သစ်ပင်သစ်တောကြီးတွေက မှိုင်းမှိုင်းညို့ညို့အုပ်အုပ်ဆိုင်းဆိုင်းနဲ့ပါ။

မကြာသေးခင်အချိန် မိနစ်ပိုင်းအတွင်းက ဒီလမ်းခရီးကို မိမိတို့ကိုယ်တိုင် ဖြတ်သန်းမောင်းနှင်ခဲ့ကြပေမဲ့ အခုလို ပြန်လည်ကြည့်ရှုခံစားကြတဲ့အခါ ဟုတ်ရောဟုတ်ပါ့မလားဆိုပြီး တွေးထင်လာခဲ့ရတယ်။ လမ်းတွေက မောင်းနေတဲ့အချိန်မှာထက် ပိုမိုကွေ့ကောက်ပြီး အတက်အဆင်းကြမ်းကြမ်းတွေနဲ့အလွန်အန္တရာယ်များပြားကြောင်း တွေ့မြင်နေရတယ်။ ဒီလမ်းခရီးကို မောင်းနှင်ဖူးခြင်းမရှိသေးတဲ့ သာမန်ယာဉ်မောင်းတစ်ယောက်က ဂုတ်တွင်းလမ်းပိုင်းကို အခုလိုအပေါ်စီးကနေ မြင်တွေ့သွားခဲ့ရင် ရှေ့ဆက်မောင်းနှင်ဖို့အတွက် အနည်းငယ်စိုးရိမ်ပူပန်သွားမှာ သေချာပါတယ်။

ရှုခင်းသာကြည့်နေရာကနေ သာယာလှပတဲ့ရှုခင်းတွေကိုကြည့်ရှုပြီးတာနဲ့ ရှေ့ခရီးကို ဆက်လက်ထွက်လာခဲ့ကြတယ်။ ဒါပေမဲ့ ရှေ့ဆက်မောင်းနှင်လာတဲ့ လမ်းပိုင်းတွေက ဂုတ်တွင်းလမ်းဧရိယာအတွင်းမှာ ဖြစ်နေသေးတာကြောင့် အတက်အဆင်းအကွေ့အကောက်တွေအများအပြားရှိနေသေးပြီး ဇီးပင်ရွာစခန်းကိုရောက်မှ မြေပြန့်လွင်ပြင်ဖြစ်သွားခဲ့ရတယ်။ ဇီးပင်ရွာစခန်းမှာ ကားကြီး၊ ကားငယ်တွေ ရပ်နားရေလောင်းကြဖို့အတွက် ရေဆိုင်လေးတွေနဲ့အတူ စားသောက်ဆိုင်တွေ တန်းစီရှိနေကြတယ်။ ဂုတ်တွင်းလမ်းကို အတက်အဆင်းလုပ်တဲ့ ကုန်တင်ကားကြီးတွေ မဖြစ်မနေရပ်နားကြရတဲ့နေရာတစ်ခုပါ။ မိမိတို့ရဲ့ခရီးအစီအစဉ်က ကျောက်မဲမြို့ကို ရောက်မှ ထမင်းစားကြမှာဖြစ်လို့ ဇီးပင်ရွာစခန်းမှာ မနားကြတော့ဘဲ ရှေ့ဆက်မောင်းနှင်လာခဲ့တယ်။ ဇီးပင်ရွာကနေ နောင်ပိန်၊ စခန်းသာ စတဲ့ရွာကြီးတွေကို ဖြတ်သန်းလာခဲ့ပြီး မကြာခင်မှာ ကျောက်မဲမြို့အဝင်ဆိုင်းဘုတ်ရှိရာကို ရောက်လာခဲ့ကြတယ်။

ကျောက်မဲမြို့အဝင် ဆိုင်းဘုတ်ရှိရာကို ရောက်လာခဲ့တယ်ဆိုပေမဲ့ မြို့အဝင်ဆိုင်းဘုတ်က မန္တလေး-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီးပေါ်မှာရှိနေတာမဟုတ်ဘဲ လမ်းရဲ့အတွင်းဘက်တစ်နေရာမှာ ရှိနေတာပါ။ ဒါပေမဲ့ မြို့အဝင်ဆိုင်းဘုတ်ကြီးကို လမ်းမကြီးပေါ်ကနေ ထင်ထင်ရှားရှားတွေ့မြင်နေရတယ်။ ကျောက်မဲမြို့ဆိုတာက အလွန်မည်းနက်နေတဲ့တောင်တန်းကြီးကို အစွဲပြုပြီးခေါ်ဆိုခဲ့ကြတာပါ။ ရှမ်းတိုင်းရင်းသားဘာသာနဲ့ ကုန်းမဟင်လံလို့ခေါ်တဲ့ ကျောက်မည်းတောင်တန်းကြီးတစ်ခုက ကျောက်မဲမြို့နဲ့မလှမ်းမကမ်းမှာတည်ရှိနေတယ်။ ကျောက်မဲမြို့က မြန်မာမင်းတွေလက်ထက်မှာ ကျော်ကြားထင်ရှားခြင်းမရှိသေးပါဘူး။ ကိုလိုနီခေတ်ဦးကာလတွေမှာ သီပေါစော်ဘွားရဲ့လက်အောက်ခံအဖြစ် မြို့စားတစ်ယောက်က အုပ်ချုပ်တဲ့နယ်မြေအဖြစ်တည်ရှိနေခဲ့တယ်။ မန္တလေး-လားရှိုး မီးရထားလမ်းဖောက်လုပ်တဲ့အခါ ကျောက်မဲလမ်းပိုင်းကို ၁၈၉၉ ခုနှစ်မှာ စတင်ခဲ့ပြီး ၁၉၀၀ ပြည့်နှစ်မှာ ပြီးစီးခဲ့တယ်။ ကျောက်မဲမြို့ကို စတင်လူသိများထင်ရှားခဲ့ရတာက ရုပ်ရှင်မင်းသားဝင်းဦးရဲ့ ကျောက်မဲအကျဉ်းသား ရုပ်ရှင်ကားကြောင့်ဖြစ်ပါတယ်။



ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဘော်ကြိုဘုရားကို တွေ့ရစဉ်။

ကျောက်မဲမြို့ကို သွားမယ်ဆိုရင် မန္တလေး-လားရှိုးပြည်ထောင်စုလမ်းမကြီးကနေ အတွင်းဘက်ကို တစ်မိုင်ကျော်၊ နှစ်မိုင်ခန့်ဝင်သွားရမှာပါ။ အရင်တုန်းက ဒီမိုင်အနည်းငယ်လေးအတွင်းမှာ လူနေအိမ်ခြေ၊ တိုက်တာအဆောက်အအုံတွေ ကျဲပါးနေသေးပေမဲ့ အခုအချိန်မှာ တစ်ဆက်တည်းနီးပါးလောက်ဖြစ်သွားခဲ့ပါပြီ။ မိမိတို့ရဲ့ခရီးစဉ်က သီပေါမြို့ထိ ဆက်လက်သွားရောက်ကြမှာဖြစ်လို့ ကျောက်မဲမြို့ကို ဝင်ရောက်ခြင်းမပြုတော့ဘဲ ရှေ့ခရီးကိုဆက်ခဲ့ကြတယ်။ မနက်စာစားသောက်ကြဖို့အတွက် ကျောက်မဲမြို့ထမင်းဆိုင်ရှိရာကို မောင်းခဲ့တယ်။ မြို့အဝင်နဲ့ထမင်းဆိုင်တန်းက မိုင်အနည်းငယ်သာကွာဝေးနေတာကြောင့် မကြာခင်မှာ ဆိုင်တွေရှိရာကို ရောက်လာခဲ့ကြတယ်။ ကျောက်မဲထမင်းဆိုင်တန်းက ဒီလမ်းပိုင်းမှာ နာမည်ကျော်ကြားလူသိများသလို ခရီးသွားဧည့်သည်ကားတွေ အများစုက ရပ်နားစားသောက်ကြတယ်။ ဆိုင်တွေအများအပြားတန်းစီရှိနေပြီး စားသောက်စရာတွေလဲ အမျိုးအမည်စုံစုံလင်လင်ရှိနေတယ်။

မိမိတို့က ရှမ်းထမင်းဆိုင်တစ်ဆိုင်ထဲကို ဝင်ရောက်လိုက်ကြတယ်။ ဒီဆိုင်လေးက အရင်ကတည်းကရှိနေပြီး အခုအချိန်ထိ စားသောက်နေကြသူတွေနဲ့စည်ကားနေဆဲပါ။ ရှမ်းထမင်းဟင်းတွေနဲ့အတူ ရှမ်းခေါက်ဆွဲမျိုးစုံ၊ တိုဟူးနွေး၊ ပေါက်စီ၊ လက်ဖက်ရည်၊ ကော်ဖီ၊ ဒေသထွက်ကုန်ပစ္စည်းတွေ စုံစုံလင်လင်ရရှိနေတယ်။ ရှမ်းဆန်စေးစေး ထမင်းပူပူနွေးနွေးနဲ့ကြိုက်နှစ်သက်ရာ အသားဟင်းနှစ်မျိုး၊ အသီးအရွက်သုံးမျိုးကိုမှာယူပြီး မနက်စာကို စားသောက်လိုက်ကြတယ်။ စားသောက်ပြီး ပြန်ထွက်လာတဲ့အခါ အချိန်က မနက် ၈ နာရီကျော်သာရှိနေပါသေးတယ်။ ပြင်ဦးလွင်မြို့ကနေ ကျောက်မဲထမင်းဆိုင်တန်းရှိရာကို ရောက်တဲ့ထိ ပုံမှန်ကားမောင်းချိန် ၂ နာရီနဲ့ မိနစ် ၃၀ သာရှိနေတယ်။ ကျောက်မဲမြို့နဲ့သီပေါမြို့က ၁၈ မိုင်သာ ဝေးကွာနေတယ်။ ဒါ့ပြင် မိမိတို့က သီပေါမြို့ကို တိုက်ရိုက်မသွားသေးဘဲ သီပေါမြို့မရောက်ခင် ခြောက်မိုင်အလိုမှာရှိနေတဲ့ ဘော်ကြိုဘုရားကို ဝင်ရောက်ကြမှာဖြစ်လို့ ဘော်ကြိုဘုရားရှိရာကိုလဲ မကြာခင်အချိန်အတွင်းမှာ ရောက်ရှိသွားကြမှာပါ။

ဘော်ကြိုဘုရားကို မနက် ၈ နာရီ မိနစ် ၃၀ လောက်မှာ ရောက်လာခဲ့ကြတယ်။ မိမိလာရောက်မှာဖြစ်ကြောင်း ကြိုတင်ဖုန်းဆက်အကြောင်းကြားထားတာကြောင့် သီပေါမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာသီပေါကိုလတ်က ဘုရားမှာအဆင်သင့်စောင့်ကြိုနေတာကို တွေ့မြင်လိုက်ရတယ်။ ဆရာသီပေါကိုလတ်က ဘော်ကြိုဘုရားသမိုင်း၊ မိဖုရားစောမွန်လှသမိုင်း၊ သီပေါမြို့သမိုင်းတွေကို ရေးသားနေတဲ့မြို့ခံစာရေးဆရာတစ်ယောက်ပါ။ ဘော်ကြိုဘုရားကိုရောက်တာနဲ့ ဘုရားကန်တော့ပြီး ဘော်ကြိုကျောင်းတိုက်ကို သွားရောက်ကြရတယ်။ ဘော်ကြိုကျောင်းတိုက်မှာ သက်တော်ရှည်ကျောင်းထိုင်ဆရာတော်ကို ဖူးမြော်၊ စကားစမြည်ပြောဆိုကြပြီးမှ ဘုရားမှာဆက်လက်လေ့လာကြရမှာပါ။

ဘော်ကြိုကျောင်းတိုက် ဆရာတော်ကြီးကို ဖူးမြော်ကန်တော့ရင်း စကားစမြည်အနည်းငယ်ပြောပြီးတာနဲ့ ဘော်ကြိုဘုရားရှိရာကို နောက်တစ်ခေါက်ပြန်လာခဲ့ကြတယ်။ ဒီအချိန်မှာတော့ ဘုရားစေတီတွေကို အေးအေးဆေးဆေးဖူးပြီး လေ့လာစရာရှိတာတွေကို လေ့လာကြည့်ရှုကြရတယ်။ ဘော်ကြိုဘုရား၊ ဘော်ကြိုဘုရားပွဲတော်ဆိုပြီး မြန်မာတစ်နိုင်ငံလုံး သိရှိနေကြတဲ့ ဘော်ကြိုဘုရားရဲ့ဘွဲ့တော်အမည်အတိအကျက ရတနာမာန်အောင်ဖြစ်ပါတယ်။ ဒါပေမဲ့ဘော်ကြိုဆိုပြီးတော့သာ ထင်ရှားကျော်ကြားနေတယ်။ ဘော်ကြိုဆိုတာကလဲ ပေါ့ကြိုကနေဆင်းသက်လာတာဖြစ်တယ်။ ရှမ်းတိုင်းရင်းသားတွေက အဖေ (ဖခင်) ကို ပေါ့လို့ခေါ်ဝေါ်သုံးစွဲကြတယ်။ ရှမ်းဘာသာစကားပါ။ အဓိပ္ပာယ်က ဖခင်ကြိုဆိုရာနေရာ၊ အရပ်ဆိုပြီးမှတ်ယူကြတယ်။ ပုဂံခေတ်အနော်ရထာမင်းလက်ထက်က မိဖုရားစောမွန်လှပုဂံမှ ရှမ်းပြည်နယ် မိုင်းမောမြို့ကို ပြန်လာစဉ် ဖခင်ဖြစ်သူက ဒီနေရာ၊ ဒီဒေသထိလာရောက်ကြိုခဲ့ပြီး ဘုရားတည်ထားခဲ့တယ်လို့ သမိုင်းတွေမှာလဲ မှတ်တမ်းတင်ထားတယ်။

မိဖုရားစောမွန်လှရဲ့ဖခင်ဆိုတာက ရှမ်းပြည်နယ် မိုင်းမောမြို့စော်ဘွားကြီး စပ်လုံဟုံမိန်းဖြစ်ပါတယ်။ စော်ဘွားကြီး ဘုရားမတည်ခင် ဘော်ကြိုဘုရားရဲ့ မူလအမည်က မော်ကေဖြစ်ပါတယ်။ မော်ကေဆိုတာ ရှမ်းဘာသာစကားဖြစ်ပြီး မော်ဆိုတာက အိုး၊ ကေဆိုတာက ဆားဆိုပြီးအဓိပ္ပာယ်ရတယ်။ အပြည့်အစုံဆိုရင် ဆားအိုးပါ။ ဘုရားတည်ထားတဲ့နေရာအနီးတစ်ဝိုက်မှာ ဆားတွေထွက်ရှိခဲ့တယ်။ ဆားတွေကို တူးယူကြရင်းနဲ့ ရေကန်ကြီးတစ်ကန်ဖြစ်ပေါ်လာတယ်။ ဒီရေကန်ကြီးက အခုအချိန်ထိ ဘော်ကြိုဘုရားအနီးမှာ တည်ရှိနေတယ်။

ဘော်ကြိုဘုရားမှာရှိတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေကို ဖူးမြော်ကြည်ညိုလေ့လာရင်းနဲ့ သတိထားမိတာလေးတွေရှိလာတယ်။ ဗုဒ္ဓရုပ်ပွားတော်တွေက မူလရှေးဟောင်းရုပ်ပွားတော်တွေပါ။ ဒီရုပ်ပွားတော်တွေကို လာရောက်ဖူးမြော်ကန်တော့ကြတဲ့ ဘုရားဖူးဧည့်သည်တွေက ရွှေသင်္ကန်းတွေကပ်လှူသွားကြတယ်။ အဲဒီလိုရွှေသင်္ကန်းတွေကပ်လှူကြတဲ့အခါ စနစ်မကျတာမျိုးတွေ၊ မသိနားမလည်တာမျိုးတွေ၊ ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းတာမျိုးတွေကြောင့် မူလရုပ်ပွားတော်တွေက ပုံပျက်လာခဲ့ကြရတယ်။ ရှမ်းပြည်နယ် (တောင်ပိုင်း) အင်းလေးဖောင်တော်ဦးဘုရားကရုပ်ပွားတော်တွေလို မူလပုံသဏ္ဌာန်တွေကို မတွေ့မမြင်ကြရတော့ဘဲ ရွှေတုံး၊ ရွှေခဲကြီးအဖြစ်နဲ့သာ တွေ့မြင်ဖူးမြော်နေကြရတာမျိုးပါ။ အခုဘော်ကြိုဘုရားရှိ ရုပ်ပွားတော်တွေက မူလအတိုင်းလဲမဟုတ်၊ ရွှေတုံးရွှေခဲကြီးတွေအနေအထားနဲ့သာဖူးတွေ့ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မိမိတို့အနေနဲ့ကတော့ မရောက်တာကြာ၊ မဖူးရတာကြာပြီဖြစ်တဲ့ ဘော်ကြိုဘုရားကို ဖူးမြော်နေကြရပါပြီ။

အခုတစ်ခေါက် သီပေါမြို့ကိုလာရောက်ကြတဲ့ အဓိကရည်ရွယ်ချက်ကလဲ မဖူးရတာကြာနေပြီဖြစ်တဲ့ ဘုရားစေတီတွေကို လှည့်ပတ်ဖူးမြော်ရင်း မြို့မှာရှိနေတဲ့ အထင်ကရနေရာတွေကို လေ့လာလည်ပတ်ဖို့ဖြစ်ပါတယ်။ အခုအချိန်မှာတော့ ဘော်ကြိုဘုရားကိုဖူးမြော်ရင်း မြို့ခံမိတ်ဆွေဟောင်းတွေနဲ့ ပြန်လည်တွေ့ဆုံနေရပါပြီ။ ရှေ့ဆက်ပြီး မိဖုရားစောမွန်လှဘုရား၊ မဟာမုနိဘုရားကြီး၊ သီပေါဟော်၊ ဒုဋ္ဌဝတီမြစ်ကမ်းအလှတွေရှိရာကို ဆက်လက်သွားရောက်မှာဖြစ်လို့ သီပေါမြို့အနား ဘော်ကြိုဘုရားကနေပြန်လည်ထွက်ခွာခဲ့ပါတယ်။

# ချစ်စရာ့အရွယ် စာဖတ်မယ်

## စူးစမ်းဉာဏ်ကျယ် လိပ်ပတ်လည်

ကလေးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်လေးကတော့ **"စူးစမ်းဉာဏ်ကျယ် လိပ်ပတ်လည်"** ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

တစ်ခါတုန်းကပေါ့ကွယ် ရွှာသာယာဆိုတဲ့ရွာကလေးဟာ တောတောင်ထူထပ်တဲ့တောင်ခြေမှာ တည်ရှိသတဲ့ကွယ်။ အဲဒီရွာမှာ လယ်ယာလုပ်တဲ့ တောင်သူကြီးတွေကမွေးဖွားကြတဲ့ မောင်လှ၊ မောင်မြ၊ မောင်ကံ၊ မောင်ဉာဏ်ဆိုတဲ့ သိပ်ချစ်ကြတဲ့ သူငယ်ချင်းလေးယောက်ရှိတယ်ကွဲ့။ သူတို့လေးယောက်ဟာ မူလတန်းကျောင်းစာမေးပွဲဖြေပြီးတာနဲ့ နွေရာသီကျောင်းပိတ်ရက်ဘုန်းတော်ကြီးကျောင်းမှာ မြန်မာသင်ပုန်းကြီးဖတ်စာနဲ့ ဆယ်စောင်တွဲမှာပါတဲ့စာတွေကို သင်ယူကြတယ်။ ဘုန်းကြီးကျောင်းက ဥပုသ်နေ့မှာပိတ်တာမို့ သူငယ်ချင်းလေးယောက်ဟာ မိဘတွေဆီခွင့်တောင်းပြီး တောင်ပေါ်ကိုတက်ခဲ့ကြတယ်ကွဲ့။

အဲဒီနောက်သူငယ်ချင်းလေးယောက်ဟာလမ်းမှာတွေ့တဲ့ကျောက်စက်ကျစမ်းရေကို အမောပြေသောက်လိုက်၊မှိုတွေ့တော့မှိုကိုတူးလိုက်၊ဝါးရုံတောကမျှစ်ကိုတွေ့တော့ မျှစ်ကိုပလိုင်းထဲချိုးထည့်လိုက်နဲ့ မွန်းတည့် ၁၂ နာရီအချိန်လောက်မှာ တောင်ထိပ်ကိုရောက်လာခဲ့ကြပါတယ်။

တောင်ထိပ်ကိုရောက်တော့ သူငယ်ချင်းလေးယောက်ဟာ အရိပ်ကောင်းတဲ့သစ်ပင်အောက်မှာ ပလိုင်းတွေကိုချကာအပန်းဖြေလိုက်ကြပါတယ်။ သူတို့နားနေရာအနီးချုံထဲမှာ ဟောင်းနွမ်းလွန်းပြီး ရေညှိတွေအထပ်ထပ်တက်နေတဲ့ ကျောက်လိပ်ရုပ်ကြီးကို ထူးဆန်းစွာတွေ့လိုက်ရပါတယ်။ အရာရာကိုစူးစမ်းတတ်တဲ့လူငယ်လေးယောက်ဟာ ကျောက်လိပ်ရုပ်ကြီးမှာ တွယ်ကပ်နေတဲ့ရေညှိတွေကို အသာအယာခြစ်ခွာပြီးနောက် မောင်လှကလိပ်ရဲ့ကျောကုန်းက "စူဠ" ဆိုတဲ့စာလုံးကိုတွေ့ရပြီး မောင်မြကတော့ လိပ်ရဲ့ညာဘက်ဘေးက "ဘူမိ"ဆိုတဲ့စာလုံးကိုတွေ့လိုက်ရပါတယ်။ မောင်ကံကတော့ လိပ်ရဲ့ဘယ်ဘက်ဘေးက "ခနံ"ဆိုတဲ့စာလုံးကိုထပ်မံတွေ့ရပြန်ပါတယ်။

သူငယ်ချင်းတွေလုပ်ကိုင်နေတာကို သေချာစိုက်ကြည့်နေတဲ့မောင်ဉာဏ်ဟာ စာလုံးတွေရဲ့ပဟေဠိကို တွေးတောစဉ်းစားရင်းနဲ့ သူငယ်ချင်းတွေကို ပြောလိုက်ပါတယ်။

"သူငယ်ချင်းတို့ အခုငါတို့ရောက်နေတဲ့ လူသူမနီးတဲ့တောင်ထိပ်ပေါ်မှာ ဒီကျောက်လိပ်ရုပ်ကြီးတွေ့ရတာဟာ သိပ်ကိုထူးဆန်းအံ့ဩစရာကောင်းတယ်ကွ။ ဒီထက်အံ့ဩစရာကောင်းတာက စကားဝှက်ပါဠိစာတွေပဲ။ ဒီစာတွေကဒီအတိုင်းနဲ့တော့ အဆုံးသတ်မှာမဟုတ်ဘူး။ ငါတို့ထပ်ပြီး ရှာကြည့်ကြမယ်



ကွာ"လို့ မောင်ဉာဏ်ကပြောတော့ မောင်လှတို့သုံးယောက်ကပြိုင်တူမေးလိုက်ကြပါတယ်။

"မင်းက ဘယ်ကိုထပ်ရှာကြည့်ချင်တာလဲ တို့ကိုပြောအုံးလေကွာ"လို့မေးတော့ မောင်ဉာဏ်က "ဒီကျောက်လိပ်ရုပ်ကြီးကိုပက်လက်လှန်ပြီး သူရဲ့ဝမ်းဗိုက်ကို ကြည့်ရအောင်ကွာ"

မောင်ဉာဏ်က အဲဒီလိုပြောပြီး လိပ်ကိုပက်လက်လှန်ဖို့ သစ်ချောင်းနဲ့ဝါးတို့ကိုကုတ်လုပ်ပြီး လိပ်ရဲ့ဝမ်းဗိုက်အောက်ကိုထိုးသွင်းကာ ညီညီညာညာပြိုင်တူလှန်ကြရာ လိပ်ကြီးက မြေကြီးပေါ်ကနေ အပေါ်ကို ကြွတက်လာပြီးပက်လက်လှန်သွားပါတော့တယ်။ မောင်ဉာဏ်တို့သူငယ်ချင်းလေးယောက်ဟာ ပက်လက်ဖြစ်သွားတဲ့ လိပ်ကြီးရဲ့ဗိုက်မှာကပ်နေတဲ့ မြေကြီးတွေကိုလက်နဲ့ ပွတ်သပ်ခွာချလိုက်တဲ့အခါ "အတ္တိ"ဆိုတဲ့စာလုံးကို လိပ်ရဲ့ဝမ်းဗိုက်မှာရေးထားတာကို တွေ့ကြရတာပါပဲကွယ်။

မောင်ကံက စိတ်ရှုပ်သလိုနဲ့ " ဘာတွေမှန်းလဲ မသိဘူးကွာ" လို့ပြောတဲ့အခါ မောင်ဉာဏ်က ငါ့အထင်ကိုပြောရရင် "စူဠ"ဆိုတာလိပ်ကွာ။"ဘူမိ" ဆိုတာက မြေလေကွာ။ "ခနံ"ဆိုတာ ပစ္စည်းဥစ္စာရွှေငွေလေ။ "အတ္တိ" ဆိုတာကရှိ၏လို့ပြောတာပဲကွာ။ အဖြေကတော့ ဒီကျောက်လိပ်ရုပ်ကြီးရဲ့ဝမ်းဗိုက်အောက်ကမြေကြီးထဲမှာ ရွှေငွေကျောက်သံပတ္တမြားတွေ ရှိတယ်လို့ရေးထားတာကွ။ဒီတော့ကွာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေဒီလိပ်ကြီးရဲ့ ဝမ်းဗိုက်အောက်တည့်တည့်ကိုငါတို့ဝိုင်းပြီးတူးကြရအောင်ကွာ"

မောင်ဉာဏ်ရဲ့စကားဆုံးတာနဲ့လေးယောက်သားပါလာတဲ့ ဓားတွေနဲ့တူးကြတယ်ကွဲ့။ မြေကိုတူးလို့တစ်တောင်လောက်အရောက်မှာတော့ မြေအိုးတစ်လုံးကိုတွေ့လိုက်ရတယ်။ မောင်ဉာဏ်က အိုးကို အသာအယာမယူပြီး အိုးရဲ့အဖုံးကိုညင်သာစွာဖွင့်ကြည့်လိုက်တဲ့အခါအိုးအပြည့် ရတနာရွှေငွေတွေကို အံ့ဩဖွယ်ရာ တွေ့ရတာပါပဲကွယ်။

"ဟာ ရွှေလက်ဝတ်လက်စားတွေနဲ့ ရတနာပစ္စည်းတွေပဲသူငယ်ချင်းတို့ရေငါတို့အားလုံးနဲ့ထိုက်လို့ရတာမို့ ဘယ်သူမှလောဘဇောမတက်ရဘူးနော် အတူတူခွဲဝေယူကြမယ်"

မောင်လှ၊မောင်မြ၊မောင်ကံတို့ကလဲ "ငါတို့လောဘမကြီးပါဘူး မောင်ဉာဏ်ရာ။ ငါတို့သာဆိုရင် ကျောက်လိပ်ရုပ်ကြီးရဲ့ ဝမ်းဗိုက်ကိုလှန်မကြည့်ကြလို့ ဘာပစ္စည်းမှရမှာမဟုတ်ပါဘူး။ မင်းရဲ့အကြံနဲ့ ဉာဏ်ကြောင့်သာ အခုလို ရွှေအိုးကိုရကြတာပါ"

မောင်ဉာဏ်က ဝမ်းသာပျော်ရွှင်နေကြတဲ့ သူငယ်ချင်းတွေကိုကြည့်ပြီး "ငါတို့နေမစောင်းခင် တောင်အောက်ကိုဆင်းကြမယ်။ ဒီလိပ်ကြီးကိုလဲ မူလအတိုင်းဖြစ်အောင် ပြန်ပြီးမှောက်ထားခဲ့ကြအုံးစို့" လို့ပြောကာ လိပ်ကြီးကို အရင်အတိုင်းဖြစ်အောင် ပြန်ပြင်ခဲ့ကြပြီးဝမ်းသာပျော်ရွှင်စွာနဲ့ တောင်အောက်ကိုပြန်ဆင်းခဲ့ကြပါတော့တယ်။

ကလေးတို့ရေ ရှေးလူကြီးသူမတို့က မောင်လှ၊ မောင်မြ၊ မောင်ကံ၊ မောင်ဉာဏ်တို့ရဲ့ ကျောက်လိပ်ရုပ်ကြီးနဲ့ပတ်သက်ပြီး ရတနာရွှေအိုးရတဲ့ ပုံပြင်လေးကိုနမူနာယူကာပညာရေးကိုဖြစ်စေ၊ စီးပွားရေးကိုဖြစ်စေ၊ လူမှုရေးကိုဖြစ်စေ အောင်မြင်ပြီးမြောက်အောင်ဆောင်ရွက်နိုင်သူကို လိပ်ပတ်လည်သူလို့ တင်စားပြောဆိုကြပြီး ပညာရေး၊ စီးပွားရေး၊ လူမှုရေးအစရှိတာတွေကို ပြီးမြောက်အောင်မဆောင်ရွက်နိုင်ပဲ ညံ့ဖျင်းတဲ့သူတွေကိုလဲ လိပ်ပတ်မလည်ပါဘူးကွာလို့ ဆိုစမှတ်ပြုခဲ့ကြပါတယ်ကွဲ့။

ကလေးတို့ရေ မောင်လှ၊ မောင်မြ၊ မောင်ကံ၊ မောင်ဉာဏ်တို့ရဲ့ပုံပြင်လေးထဲကလို အစစအရာရာဘက်စုံထောင့်စုံကနေ သိမြင်တတ်အောင်ကြိုးစားကြပြီး မိမိကောင်းကျိုး၊ အများကောင်းကျိုး၊ လောကကောင်းကျိုး၊ ဓမ္မကောင်းကျိုးသယ်ပိုးထမ်းရွက်နိုင်တဲ့သားကောင်းရတနာ၊ သမီးကောင်းရတနာတွေဖြစ်အောင်၊ "လိပ်ပတ်လည်"သူဖြစ်အောင် ကြိုးစားအားထုတ်ပြီး လောကကိုအလှဆင်ကြရမယ်နော်။

**ကိုမောင်လှသိန်း(ညီုမြတို့ရွာ)**

## စာဖတ်ကြစို့

- အားလပ်ချိန်မှာ စာဖတ်ပါ
  ဗဟုသုတရှာ။
- အသိလိမ္မာ တိုးပွားရေး
  စာကောင်းဖတ်ရှုပေး။
- အနာဂတ်ရေး တိုးတက်အောင်
  စာအုပ်ကောင်းကိုဆောင်။
- ဘဝလင်းရောင် ထွန်းပြောင်ဖို့
  အားချိန်စာဖတ်စို့။ ။



ချမ်းငြိမ်းဝင်း(မိုးညှင်း)

## လမင်းအပြုံး

- ဖိုးရွှေလမင်း ဖိုးလမင်း
  နေ့မှာသူ မလင်း။
- ဝင်းဝင်းပပ ထိန်ထိန်သာ
  ညချမ်းအချိန်ခါ။
- လပြည့်ညမှာ ပိုလို့လင်း
  ငွေရောင်သူ့အဆင်း။
- ထမင်းဆီဆမ်း ပေးစေလို
  မေမေနှုတ်အဆို။
- သားငယ်အငို တိတ်ပါတော့
  လမင်းပြုံးနေပေါ့။ ။



မောင်လူစိုး

# ပုလဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၀၀၂ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

ပုလဲ စက်တင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၀၀၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုလဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၀၀၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ပုလဲမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ၉၀၀၂ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်း စိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးသွားပါမယ်"ဟု ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြသည်။

ပုလဲမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာစနစ် တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်မရောမြို့နယ် နတ်စမ်းကျေးရွာ၌ အုတ်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

ကျိုက်မရော စက်တင်ဘာ ၅

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ် ခွင့်ပြုရန်ပုံငွေကျပ် ၁၀၂ ဒသမ ၉၉၈ သန်းဖြင့် နတ်စမ်းကျေးရွာ၌ အုတ်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးနှင့် ဝန်ထမ်းများက နတ်စမ်းကျေးရွာ၌ အုတ်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးကလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နတ်စမ်းကျေးရွာ၌ အရှည်ပေ ၁၂၅၀၊ အကျယ် နှစ်ပေ၊ အနက် နှစ်ပေရှိ အုတ်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၀၂ ဒသမ ၉၉၈ သန်းဖြင့် သံလွင်မြေကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးက ပြောပြ၍ သိရသည်။

သုတ


မေလ၊ ၂၀၂၆ ခုနှစ် (ဒုတိယအကြိမ်)

## အသည်းရောင်အသားဝါ(စီ) ရောဂါအကြောင်းသိကောင်းစရာ



- အသည်းရောင်အသားဝါ (စီ) ရောဂါသည် အသည်းရောင်အသားဝါ (စီ) ပိုင်းရပ်စ်ပိုး ကြောင့်ဖြစ်ပွားသော ကူးစက်ရောဂါဖြစ်ပါသည်။
- မြန်မာနိုင်ငံတွင် လူ ၁၀၀ ဦးလျှင် ၃ ဦးခန့်သည် အသည်းရောင်အသားဝါ (စီ) ရောဂါခံစားနေရပါသည်။
- နာတာရှည်အသည်းရောင်အသားဝါ (စီ) ရောဂါ ဖြစ်ပွားခြင်းကြောင့် အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာတို့ ဆက်လက်ဖြစ်ပွားရာမှ အသက်အန္တရာယ် ထိခိုက်သည်အထိ ဖြစ်ပွားနိုင်ပါသည်။

### ရောဂါလက္ခဏာများ



- ဖျားခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊
- အစားအသောက်ပျက်ခြင်း၊
- ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊
- ဆီးအရောင်ရင့်ခြင်း၊ ဝမ်းအရောင်ဖျော့ခြင်း၊
- မျက်လုံးဝါခြင်း၊ အသားဝါခြင်း၊
- အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်း။

### အသည်းရောင်အသားဝါ (စီ)ရောဂါပိုး ကူးစက်နိုင်သော နည်းလမ်းများ



- ရောဂါပိုးပါဝင်သည့် သွေးသွင်းမိခြင်းနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ အစားထိုးကုသမှုခံယူခြင်း၊
- ပိုးသတ်မထားသော အပ် အစရှိသည့် ချွန်ထက်သော ပစ္စည်းများကို အသုံးပြုခြင်း (ဥပမာ - တက်တူးထိုးခြင်း၊ နားဖောက်ခြင်း)၊
- ရောဂါပိုးရှိသူ အသုံးပြုပြီးသော ဆေးထိုးအပ်များဖြင့် ဆေးထိုးခြင်း၊ ဆေးထိုးအပ်နှင့် ဆေးထိုးပြွန်များကို မျှဝေသုံးစွဲခြင်း၊
- ရောဂါပိုးရှိသူနှင့် အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်း၊
- ရောဂါပိုးရှိသောမိခင်မှတစ်ဆင့်ကလေးသို့ကူးစက်ခြင်း။

မိခင်နို့ရည်မှသော်လည်းကောင်း အစားအစာ၊ ရေ၊ သာမန်ပွေ့ဖက်ခြင်း နမ်းရှုံ့ခြင်းတို့မှသော်လည်းကောင်း မကူးနိုင်ပါ။

### အသည်းရောင်အသားဝါ (စီ)ရောဂါပိုး ကူးစက်ခံရနိုင်ခြေ မြင့်မားသူများ

- မူးယစ်ဆေးဝါး သွေးကြောအတွင်းသို့ ထိုးသွင်းသူများ၊
- ရောဂါပိုးရှိသူအသုံးပြုပြီးသော ဆေးထိုးအပ်၊ ဆေးထိုးပြွန် နှင့် ဆေးထိုးကိရိယာ များကို မျှဝေသုံးစွဲသူများ၊
  - သွေးသွင်းကုသမှုခံယူသူများ
  - ဆေးမင်ကြောင်ထိုးလေ့ရှိသူများ
  - နားဖောက်လေ့ရှိသူများ
- လူနာများ၏ သွေး သို့မဟုတ် သွေးနှင့်ဆက်စပ်ပစ္စည်းများကို ထိတွေ့ကိုင်တွယ်ရလေ့ရှိသော ကျန်းမာရေးဝန်ထမ်းများ၊
- လိင်ဆက်ဆံဖက်များသူများ၊ အကာအကွယ်မဲ့ လိင်ဆက်ဆံသူများ၊
- ရောဂါပိုးရှိသူ မိခင်မှ မွေးဖွားလာသောကလေးများ။

### အသည်းရောင်အသားဝါ (စီ)ရောဂါ ကာကွယ်ခြင်းနည်းလမ်းများ

အသည်းရောင်အသားဝါ (စီ) ပိုးအတွက် ကာကွယ်ဆေးမရှိပါ သဖြင့် ကူးစက်ခံရခြင်းမှ ကာကွယ်ရန် အောက်ပါနည်းလမ်းများကို အသုံးပြုပါ။



- တစ်ခါသုံးဆေးထိုးအပ်၊ ဆေးထိုးပြွန်နှင့် ဆေးထိုးကိရိယာများကိုသာသုံးစွဲပါ။
- ဆေးထိုးအပ်၊ ဆေးထိုးပြွန်စသည့် ချွန်ထက် ပစ္စည်းများအား စနစ်တကျကိုင်တွယ်၊ စွန့်ပစ်ပါ။
- ရောဂါပိုး ကင်းစင်ကြောင်း စစ်ဆေးထားပြီး ဖြစ်သော သွေးကိုသွင်းပါ။
- ရောဂါပိုးရှိသူနှင့် အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်းကို ရှောင်ကြဉ်ပါ။

### အသည်းရောင်အသားဝါ (စီ)ပိုးရှိ/ မရှိ ဘယ်လိုသိနိုင်မလဲ

- သွေးစစ်ဆေးခြင်းဖြင့် သိရှိနိုင်ပါသည်။
- နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများတွင် သွေး စစ်ဆေးမှု ခံယူနိုင်ပါသည်။

### အသည်းရောင်အသားဝါ (စီ)ရောဂါ ကုသခြင်းနည်းလမ်းများ



- အသည်းရောင်ရောဂါ (စီ) ရောဂါဖြစ်ပွားပါက ခေတ်မီ ထိရောက်သော ကုထုံးများဖြင့် ရက်သတ္တပတ် (၁၂) ပတ်မှ (၂၄) ပတ်အတွင်း ပျောက်ကင်းအောင် ကုသနိုင်ပါသည်။
- အသည်းကို အနားပေးခြင်းဖြင့် (လုံလောက်စွာအနားယူခြင်း၊ အရက်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် အာဟာရပြည့်ဝစွာ စားခြင်း) ကိုယ်ခံအားကောင်းအောင်ပြုမူ နေထိုင်ရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနမှ အသည်းရောင်အသားဝါ (စီ)ရောဂါပိုးရှိသူများတို့ရောဂါပျောက်ကင်းသည်အထိ အခမဲ့ ဆေးကုသပေးနေပါသည်။

၁ ၂ ၃

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)မြင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား






ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၅၂ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇

ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ
စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။



STARMART Showroom များတွင်
အရည်အသွေးမြင့် စားသောက်ကုန်များ၊အပါအဝင်
ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို
စိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။



STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ အောင်မြေသာစံ၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊အမှတ်(၁၁)ရပ်ကွက်အတွင်းရှိ မြေကွက်အမှတ်(၂၇/က)၊ ဦးပိုင်အမှတ်(၄၀၊ ၄၀/က)ရှိ မြေကွက်ပေါ်တွင် ဒေါ်ရည်ဆွေနွယ်အောင်(၉/မခန(နိုင်)၂၁၄၆၆၆) ကိုင်ဆောင်သူမှ (အလျား ၃၁'-၀"x အနံ ၁၆'-၀") RC တစ်ထပ်နှင့် (အလျား ၆၀'-၀"x အမြင့် ၅'-၆")အုတ်ဝင်းခြံတို့ကို ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဝင်းခြံဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာ အပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊အမှတ်(၁၆)ရပ်ကွက်အတွင်းရှိ မြေကွက်အမှတ်(၁၈/က)၊ ဦးပိုင်အမှတ်(၅/၆၈)ရှိ ဦးလှလွင်(၉/တသန(နိုင်)၁၂၈၅၁၂) ကိုင်ဆောင်သူမှ (အလျား ၂၇'-၀"x အနံ ၃၂'-၀") RC နှစ်ထပ်အဆောက်အအုံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင် တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊အမှတ်(၂၀)ရပ်ကွက်အတွင်းရှိ အရှေ့လားသော် ဦးမင်းဆွေ၊ အနောက်လားသော် ဦးနွေးကိုကို၊ တောင်လားသော် ဝိုင်းမြေကွက်(A-7)၊ မြောက်လားသော် လမ်း၊ ယင်းအနားလေးရပ်အတွင်းရှိ ဦးဖြိုးမင်းဦး၊ ဒေါ်တင်ဇာနွယ်(၉/မခန(နိုင်)၂၈၅၈၃၃) ကိုင်ဆောင်သူမှ (အလျား ၁၈'-၀"x အနံ ၄၅'-၀") RC နှစ်ထပ်အဆောက်အအုံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင် တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စံဟိန်းကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-12 (D)တွင် ပညာသင်ကြားနေသော (ဘ) ဦးနေဝင်းထွန်း၏ သမီး မခိုင်ဇာလင်း၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မခိုင်ဇင်လင်း** ဖြစ်ပါကြောင်း။

**မခိုင်ဇင်လင်း**

## မိဘအမည်မှန်

ပြင်ဦးလွင်မြို့၊ အနီးစခန်း၊ အောင်ပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-6 တန်းတွင် ပညာသင်ကြားနေသော မပန်ဖူးစံ၏ မိဘအမည်မှန်မှာ **ဒေါ်စုမွန်မောင်** ဖြစ်ပါကြောင်း။

ဒေါ်စုမွန်မောင်(၁/မကတ(နိုင်)၀၆၄၄၀၄

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းမြို့၊ အမှတ်(၂၅)ရတနာသိင်္ဂီသီလရှင်စာသင်ကျောင်း၊ Grade-5 တွင်ပညာသင်ကြားနေသောဘ-ဦးစိုင်းအောင်လေး၏သမီး မနေခြည်ခင်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **နန်းယွန်းနဒီခိုင်** ဖြစ်ပါကြောင်း။

**နန်းယွန်းနဒီခိုင်**

## အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ EVER TOP ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးတင်ခိုင်၏သမီး မယွန်းဒီဒီ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မယွန်းဒီ** ဖြစ်ပါကြောင်း။

**မယွန်းဒီ(၉/မဟမ(နိုင်)၀၉၄၀၆၇)**

**အဖိုးတန်ရေချိုကို ချွေတာပါ**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိ ချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။ ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်နှင့် တွေ့ဆုံဆွေးနွေး



**တွေ့ဆုံဆွေးနွေး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၅**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်နှင့် ယနေ့မွန်းလွဲပိုင်းတွင် ဟနွိုင်းမြို့ရှိ အစိုးရအဖွဲ့ရုံး Grand Hall ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဗီယက်နမ်နိုင်ငံ အစိုးရအဖွဲ့ရုံးသို့ ရောက်ရှိလာရာ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်က ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး

**စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

**ကြေးမုံ**

**ယနေ့ဖတ်စရာ**

**နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ခရီးလမ်း**

ဆောင်းပါး စာမျက်နှာ – ၂၁

**အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၄၇၅၀ စိုက်ပျိုးမည်**

စာမျက်နှာ – ၂

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ နယ်မြေခံ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊

**စာမျက်နှာ ၂၇ ကော်လံ ၁ ❖**

ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။





## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များနှင့် အကြိုဗိုလ်လုပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

မြန်မာ့ပိုက်ကျော်ခြင်း အားကစား အဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ဆက်လက်ကျင်းပသည်။

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊

**စာမျက်နှာ ၂၇ ကော်လံ ၄ ◆**

## ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၈)အစုန် DEMU ရထားတွဲဆိုင်းကို ခဲဖြင့်ပေါက်သူ ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများပြေးဆွဲပေးလျက်ရှိရာ ယမန်နေ့ညနေပိုင်းတွင် အမှတ်(၈)အစုန် နေပြည်တော်-ရန်ကုန် DEMU လူစီးအမြန်ရထားသည် ခရီးဆုံးဘူတာဖြစ်သည့် ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိပြီး ရထားတွဲဆိုင်းကို သိမ်းယူရန် စက်ခေါင်းစက်ရုံ(အင်းစိန်)သို့ ရထားထွက်ခွာစဉ် လမ်းညာဘက်ခြမ်းမှ ခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်း၏

**စာမျက်နှာ ၂၇ ကော်လံ ၄ ●**